# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 April 2019 ၉၆၁၇


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

**သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူ နေရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၂၀၇)

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၇ ဒသမ ၆ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားကြောင်း နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးတွင် ပြောကြား

နေပြည်တော် ဧပြီ ၉

ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၉)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်လမ်းညွှန်အမှာစကားပြောကြားသည်။





ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၉)ကြိမ်မြောက်အစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင်(၁/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များက ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရန်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို အတည်ပြုထောက်ခံပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေးကို ဆွေးနွေးဆုံးဖြတ်ကြရန် ဖြစ်ပါကြောင်း။

**အသုံးစရိတ်များ တောင်းခံ**

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ အသုံးစရိတ်တစ်ခုအတွက် မူလခွင့်ပြုငွေဖြင့် လုံလောက်မှု မရှိခြင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန်လည်း မလုံလောက်ခြင်းတို့ကြောင့် အသားတင်လိုအပ်သည့် ငွေရပ်ကိုသာ တောင်းခံရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် မူလခွင့်ပြုငွေတွင်ပါဝင်သည့်ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ မူလခွင့်ပြုချက်ရရှိပြီးသည့် လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများအတွက် အသားတင်လိုအပ်သည့် ငွေရပ်ကိုသာ အဓိကထား တောင်းခံရမည်ဖြစ်ပါကြောင်း၊ ယင်းငွေများကို သုံးစွဲခြင်းမပြုဘဲ ပြန်လည်အပ်နှံပါကလည်း ဌာန၊ အဖွဲ့အစည်းများအတွက် ကြီးလေးသည့် ချို့ယွင်းချက်ဖြစ်သည့်အတွက် မဖြစ်မနေသုံးစွဲရန်လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံကြရမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

## ထူးခြားသည့် နေ့အပူချိန်များ

၉-၄-၂၀၁၉

| | | | | | |
|---|---|---|---|---|---|
| | | | ညောင်ဦး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၃ | ဒီဂရီစင်တီဂရိတ် | မင်းဘူး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် | တောင်တွင်းကြီး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၂ | ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်း | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၁ | ဒီဂရီစင်တီဂရိတ် | တောင်ငူ | ၄၁ | ဒီဂရီစင်တီဂရိတ် |


**ယနေ့ မာတိကာ**

**မဟာသင်္ကြန်ကာလအတွင်း Yangon Water Bus ခရီးစဉ် ပြေးဆွဲမှုများ ရပ်နားထားမည်** စာမျက်နှာ - ၇

**တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် ငြိမ်းချမ်းရေး ဓမ္မသဘင်ပွဲများကျင်းပမည်** စာမျက်နှာ - ၁၁



C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

## ကြေးမုံ

# တီထွင်ဆန်းသစ်မှုဖြင့် တိုးတက်မှုဆောင်ကြဉ်း

နိုင်ငံတစ်နိုင်ငံသည် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး လုပ်ကိုင်ခဲ့ရာ ကမ္ဘာတွင် ထိပ်တန်းနိုင်ငံ ဖြစ်လာသည်။ သိပ္ပံနှင့်နည်းပညာ စဉ်ဆက်မပြတ်တိုးတက်မှုကြောင့် မျက်မှောက်ခေတ်၌ အလိုအလျောက် စနစ်များအသုံးပြု၍ ဒေတာအချက်အလက်များ ဖလှယ်နိုင်သည့် ကုန်ထုတ်လုပ်ခြင်းစနစ်ကိုကျင့်သုံးသော စတုတ္ထ စက်မှုတော်လှန်ရေး (Fourth Industrial Revolution ခေါ် Industry 4.0) ခေတ်သို့ပင် ရောက်ရှိနေသည်။

ထိုသို့သောအခြေအနေတွင် ခေတ်နောက်တွင်ကျန်ခဲ့သော မြန်မာနိုင်ငံအနေဖြင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်လာသည်။ မြန်မာနိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပြောင်းလဲတိုးတက်လာသောခေတ်နှင့်လျော်ညီစေရန်အတွက် အဆိုပါဥပဒေကို ၂၀၁၈ ခုနှစ်တွင် အသစ်ပြန်လည်ရေးဆွဲခဲ့သည်။

ဆန်းသစ်တီထွင်မှုကောင်စီကို ယခုနှစ် မတ် ၁၂ ရက်က ဖွဲ့စည်းခဲ့သည်။ အဆိုပါကောင်စီသည် သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်မှုဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ လုပ်ငန်းများဖွံ့ဖြိုးပြီး ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀ တွင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍသည် နိုင်ငံတော်၏စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community)နှင့် အခြားသော ဒေသတွင်းကတိကဝတ်များ ဖော်ဆောင်ရေးတို့တွင်ပါဝင်ရာ နည်းပညာနှင့်အကူအညီများအတွက် အထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာမှာ နယ်ပယ်ပေါင်းစုံရှိပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေလိုအပ်ချက်နှင့် ကိုက်ညီသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်သည်။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရှင်များသာမက အခြေခံလူတန်းစားများ၏ တီထွင်ကြံဆမှုများကိုလည်း အသိအမှတ်ပြုအားပေးရမည်ဖြစ်သည်။ တီထွင်ကြံဆမှုများ၊ ဆန်းသစ်တီထွင်မှုများနှင့် တစ်ဟုန်ထိုးတိုးတက်နိုင်မည့်နည်းလမ်းများကို ရှာဖွေကြံဆဆောင်ရွက်ကြရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံ၏ အင်အားတစ်ရပ်ဖြစ်သော လူငယ်များ တီထွင်ကြံဆစိတ်မြင့်မားအောင်နှင့် တီထွင်ဆန်းသစ်နိုင်မည့် အခွင့်အရေးများ ပိုမိုရရှိအောင် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

တီထွင်ကြံဆမှုမှသည် ထုတ်လုပ်မှုနည်းပညာပိုင်ဆိုင်မှု လွှဲပြောင်းနိုင်ရေးကိုလည်း အလေးပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ တီထွင်ကြံဆသူသည် နည်းပညာပိုင်ဆိုင်မှုအခွင့်အရေးများ အလုံးစုံရရှိရေး ဆောင်ရွက်နိုင်ပါက တီထွင်ကြံဆသူဦးရေ များပြားလာနိုင်သည်။ မြန်မာနိုင်ငံသားများသည် ဦးနှောက်ဉာဏ်ရည်နှင့် တီထွင်ကြံဆတတ်မှုများ ရှိပြီးဖြစ်သည်။ တီထွင်ဖန်တီးနိုင်သည့် အထောက်အပံ့ကောင်း၊ ပတ်ဝန်းကျင်ကောင်း မရှိခဲ့၍သာ တိမ်မြုပ်နေခြင်းဖြစ်သည်။

ယခုအခါ သိပ္ပံနှင့်နည်းပညာ တီထွင်ဆန်းသစ်မှုများကို နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့် အားပေးကူညီပံ့ပိုးမှုများ ပြုလုပ်လာသည်မှာ တွန်းအားများကိုဖြစ်စေသည်။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေ၏ ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ယခုကဲ့သို့ မူဝါဒများချမှတ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခေတ်မီတိုးတက်နေသော ကမ္ဘာကြီးတွင် သိပ္ပံနှင့်နည်းပညာများ၏ ဆန်းသစ်တီထွင်မှုများမှာ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသဖြင့် မြန်မာနိုင်ငံအနေဖြင့် နောက်ကျမကျန်ရစ်ဘဲ တိုးတက်မှုအရှိန်အဟုန်တွင် အတူလိုက်ပါနိုင်ရေးအတွက် နိုင်ငံသားအားလုံး၏ တီထွင်ဆန်းသစ်မှုကို လက်တွေ့ကျကျ ဆောင်ကြဉ်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း။ ။

# ပူတာအိုသဘာဝအလှဓာတ်ပုံပြပွဲနှင့် တောင်တက်အဖွဲ့သားများအား ဂုဏ်ပြုပွဲကျင်းပ




**ရန်ကုန် မေ ၉**

ကချင်ပြည်နယ် ပူတာအိုမြို့အနီးတစ်ဝိုက်ရှုခင်းများ၊ ဖုန်ကန်ရာဇီတောင်၏ သဘာဝအလှအပရှုခင်းများနှင့် သဘာဝသားငှက်တိရစ္ဆာန်များကို သွားရောက်မှတ်တမ်းတင်ရိုက်ကူးထားသည့် ဓာတ်ပုံများကို ပြသခြင်းနှင့် တောင်တက်အဖွဲ့ဝင်ဓာတ်ပုံဆရာများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှိ The Yangon Gallery ၌ ကျင်းပရာ ဓာတ်ပုံဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါခရီးစဉ်တွင် ဝါရင့်ဓာတ်ပုံပညာရှင် ဒေါက်တာမောင်မောင်ကြီးနှင့် ဓာတ်ပုံပညာရှင်များဖြစ်ကြသည့် ဦးစိုးလှိုင်၊ ဦးကျော်ဇောလေးနှင့် ကိုလှိုင်မင်းအောင်တို့ပါဝင်ပြီး မတ် ၂ ရက်တွင် မန္တလေးမြို့မှ စတင်ခရီးထွက်ခွာခဲ့ရာ မတ် ၁၀ ရက်တွင် ဖုန်ကန်ရာဇီတောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဖွဲ့ခေါင်းဆောင် ဒေါက်တာမောင်မောင်ကြီးက "ကျွန်တော့်အသက် ၇၂ နှစ်ပြည့်ချိန်မှာ အမှတ်တရခရီးစဉ်အနေနဲ့ ဖုန်ကန်ရာဇီရေခဲတောင်ကိုတက်ရောက်ဖို့ လွှန်ခဲ့တဲ့နှစ်နှစ်လောက်ကစပြီး စိတ်ကူးရှိခဲ့တယ်။ အသက် ၆၆ နှစ်ပြည့်ချိန်တုန်းကလည်း ကလောကနေ အင်းလေးအထိ နှစ်ညအိပ်ခရီးလမ်းလျှောက်ခဲ့ပါတယ်။ အခု ခရီးစဉ်အတွက် လေ့ကျင့်မှုတွေအနေနဲ့ မန္တလေးမြို့အနီးတစ်ဝိုက်မှာရှိတဲ့ တောင်တွေ၊ ပြင်ဦးလွင်နဲ့ ဟိုပုံးမြို့က ရေတံခွန်တွေကို စမ်းသပ်လေ့ကျင့်တဲ့အနေနဲ့ တက်ရောက်ခဲ့ပါတယ်"ဟု ပြောသည်။

ဓာတ်ပုံပညာရှင် ကိုလှိုင်မင်းအောင်ကလည်း "မမျှော်လင့်ဘဲ ခရီးစဉ်က ရာသီဥတုအလွန်ဆိုးရွားခဲ့တာကြောင့် တောင်ခြေက ဇီယာဒန်းရွာကနေ ပုံမှန်လေးရက်အစား ခြောက်ရက်ကြာ သွားခဲ့ရတယ်။ ဒါပေမယ့် သဘာဝရှုခင်းတွေကို ခဲရာခဲဆစ်ရိုက်ကူးနိုင်ခဲ့တဲ့ ပီတိကနေ ယုံကြည်မှုတွေ၊ အတွေ့အကြုံကောင်းတွေနဲ့ စိတ်ဓာတ်ခွန်အားတွေ ရရှိလာခဲ့ပါတယ်" ဟု ပြောသည်။

အခမ်းအနားတွင် တောင်တက်အဖွဲ့ဝင် ဓာတ်ပုံဆရာများက ၎င်းတို့သွားရောက်ခဲ့သည့်ခရီးစဉ်၌ ကြုံတွေ့ရသည့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ၊ ဓာတ်ပုံရိုက်ကူးမှု အတွေ့အကြုံများကို ပြန်လည်မျှဝေခဲ့ပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကိုလည်း ပြန်လည်ဖြေကြားခဲ့ကာ Nikon Camera Company မှ တာဝန်ရှိသူများက တောင်တက်အဖွဲ့ဝင် ဓာတ်ပုံဆရာများအား အမှတ်တရ ဆုတံဆိပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီ၊ ဓာတ်ပုံ-လှမိုး**

# တာမွေမြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစည်းအဝေး ကျင်းပ



**ရန်ကုန် မေ ၉**

တာမွေမြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်းက မြို့နယ်အတွင်း ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများမှလည်း မိမိတို့၏ဌာနများအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင် (ပြန်/ဆက်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာအုပ်စာပေ လူ့မိတ်ဆွေ

## ရွှေဈေး၊ စက်သုံးဆီဈေးနှုန်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၉**

ရန်ကုန်(ရွှေဈေး) ၁၀၄၇၅၀၀ - ၁၀၄၇၅၀၀ မန္တလေး(ရွှေဈေး) ၁၀၄၇၅၀၀ - ၁၀၄၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၄၀/၉၈၅ ကျပ် | ၁၀၀၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၇၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၀/၈၅၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၅၀/၉၉၅ ကျပ် | ၁၀၁၅/၁၀၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၁၅/၉၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၂၅/၉၃၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၃၅/၈၅၂ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၀၅.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၈.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၃၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၃၁၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၇၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၆၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၅၂.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၂.၀၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၆.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၂.၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

✻ ရှေ့ဖုံးမှ

ထို့ပြင် ဌာန၊ အဖွဲ့အစည်းများက ထပ်မံတောင်းခံထားသည့် ငွေရပ်များသည် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဖြင့် အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်သည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေ ရရှိသည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့် အခြေအနေပေါ်မူတည်ပြီး တင်ပြတောင်းခံကြရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်အတွင်း ထုတ်လုပ်မှု၊ စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုများ တိုးတက်လာမှသာ နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) တိုးတက်မှုနှုန်းကို ၇ ဒသမ ၆ ရာခိုင်နှုန်း ရရှိစေရန် မျှော်မှန်းထားပါကြောင်း၊ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်သုံးစွဲမှုများသည် ပြည်တွင်းစီးပွားရေးအပေါ် ရိုက်ခတ်မှု ရှိပါကြောင်း။

**အဓိက မောင်းနှင်အားဖြစ်**

နိုင်ငံတော်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်ရေးအတွက် နိုင်ငံတော်၏ အသုံးစရိတ်များသည် အဓိက မောင်းနှင်အားဖြစ်ပါကြောင်း၊ ဌာနအဖွဲ့အစည်းများအနေဖြင့် ဟန်ပြဖြစ်စေမည့် လုပ်ငန်းများအတွက် သုံးစွဲခြင်းမျိုးမဖြစ်စေဘဲ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိစေမည့် လုပ်ငန်းများအတွက်သာ သုံးစွဲခြင်းမျိုးဖြစ်စေလိုပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေက ထပ်ဆင့်စိစစ်ထားပြီး ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်းများကိုလည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက စိစစ်ထားပြီး ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုမှာ အဓိကအားဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားမှုကြောင့် လိုငွေ၊ မြေယာလျော်ကြေး၊ ဝန်ထမ်းများအတွက် ထပ်မံလိုအပ်သည့် လစာငွေ၊ ခရီးစရိတ်၊ နိုင်ငံတော်သို့ ပေးဆောင်ရန် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေအတွက် အသုံးစရိတ်များ တောင်းခံကြသည်ကို တွေ့ရပါကြောင်း။

**ပြည်တွင်းငွေဖြင့်သာ သုံးစွဲ**

နိုင်ငံခြားငွေလဲလှယ်နှုန်း ကွာခြားချက်အပေါ် တောင်းခံရခြင်းမှာ ပြည်ပမှ ပစ္စည်းများဝယ်ယူခြင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေရသည့် အရင်းအတိုး ပေးဆပ်ခြင်း အသုံးစရိတ်တို့အတွက် ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားသုံးငွေဖြင့် သုံးစွဲမှုများကို ထိန်းထိန်းသိမ်းသိမ်းနှင့် ဆောင်ရွက်ကြရန်၊ နိုင်ငံခြားငွေနှင့် ရရှိသည့် ဝင်ငွေများလျော့နည်းလာခြင်းကြောင့် တတ်နိုင်သမျှ နိုင်ငံခြားသုံးငွေနှင့် သုံးစွဲမည့်အစား ပြည်တွင်းကျပ်ငွေဖြင့်သာ သုံးစွဲကြရန်၊ နိုင်ငံခြားငွေပိုမိုရရှိလာရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုပါကြောင်း။

ရငွေပေါ်မူတည်ပြီး အသုံးစရိတ်များကို ခွဲဝေချထားပေးရသည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ရာတွင် လိုငွေပမာဏ မများစေရန် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို တိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များကိုသာ စိစစ်ခွင့်ပြုပေးခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ခွဲဝေချထားပေးသည့် အသုံးစရိတ်များသည် အမှန်တကယ် သုံးစွဲသည့် အသုံးစရိတ်များနှင့် နှိုင်းယှဉ်ပါက များစွာကွာခြားနေပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ရည်မှန်းချက်နှင့်အညီ အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသည်ကို ဖော်ပြနေခြင်းပင် ဖြစ်ပါကြောင်း။

**အလေအလွင့်မရှိ သုံးစွဲ**

ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများ အားလုံးအနေဖြင့် ရငွေကို တတ်နိုင်သမျှ လျာထားချက်ပြည့်မီ ကျော်လွန်အောင် ရှာဖွေကြရမည်ဖြစ်ပြီး အသုံးစရိတ်များကို သုံးစွဲရာတွင်လည်း လိုအပ်သည့်နေရာတွင်သာ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း စနစ်တကျ ထိထိရောက်ရောက် အလေအလွင့်မရှိ သုံးစွဲနိုင်ရေးကို အလေးထားကြပ်မတ်ဆောင်ရွက်ရန် အထူးမှာကြားလိုပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

နိဂုံးချုပ်အနေဖြင့် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြမည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုနှင့် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေ၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာ ငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေးပြီး အတည်ပြုပေးနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်ခွင့်ပြုငွေတောင်းခံ**

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများမှာ သာမန်အသုံးစရိတ် ငွေကျပ် ၉၇၁ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၄၆၇ ဘီလီယံ၊ ကြွေးမြီ အသုံးစရိတ် ငွေကျပ် ၂၁၁ ဘီလီယံ၊ လုပ်ငန်းသုံးရင်းနှီး ငွေကျပ် ၇၀၉ ဘီလီယံ၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဌာန၊ အဖွဲ့ အစည်းများ၏ ထပ်မံတိုးမြှင့်သုံးစွဲငွေကျပ် ၂၇၇ ဘီလီယံ စုစုပေါင်း ဖြည့်စွက် ခွင့်ပြုငွေတောင်းခံမှု ငွေကျပ် ၂၆၃၅ ဘီလီယံ ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု အခြေအနေသည် မူလခန့်မှန်းခြေ၏ ၁၀ ဒသမ ၆၆ ရာခိုင်နှုန်းခန့်ရှိခဲ့ပါကြောင်း၊ တောင်းခံမှုတွင် ခွင့်ပြုခဲ့ရသည့် အကြောင်းအရာ အများဆုံးမှာ နိုင်ငံခြားငွေ လဲလှယ်နှုန်းတွင် မူလလျာထားပေးခဲ့သည့် ပမာဏထက် တိုးမြှင့်ခဲ့ခြင်းကြောင့် တိုးမြင့်လာသည့် ငွေလဲလှယ်နှုန်း ကွာခြားချက် လိုငွေများကို ခွင့်ပြုခဲ့ခြင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီ ၁ ရက်မတိုင်မီ အငြိမ်းစားလစာ ခံစားလျက်ရှိသည့် ပင်စင်စားများ၏ ပင်စင်ခံစားခွင့်ကို လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့်ပင်စင်အကျိုး ခံစားခွင့်အတိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ ခံစားခွင့်ပြုခဲ့သဖြင့် တိုးမြှင့်ပင်စင် နှုန်းထားများအတွက် ကိုးလစာ လိုငွေကို ခွင့်ပြုခဲ့ခြင်း။

**ဦးစားပေးခွင့်ပြု**

နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အထူးကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အရေးကိစ္စရပ်များအပေါ်တွင် ထပ်မံလိုငွေများ ခွင့်ပြုပေးခြင်း၊ မဖြစ်မနေပေးချေရမည့် လစာစရိတ်၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ အတိုးပေးငွေများကို ခွင့်ပြုပေးခဲ့ခြင်းတို့အပြင် နိုင်ငံတော်၏ မူဝါဒအရ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းနယ်မြေအတွင်း ပါဝင်နေသည့် မြေယာနှင့် သီးနှံလျော်ကြေးများကို ခွင့်ပြုပေးခဲ့ခြင်းနှင့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ပေးချေရမည့် လုပ်ငန်းများအတွက် လိုငွေတို့ကို ဦးစားပေး ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ပိုလျှံငွေများစွာ ပြန်လည်အပ်နှံမှု မရှိစေရေး၊ ဘတ်ဂျက်ခန့်မှန်းမှု အားကောင်းလာစေရေးတို့အတွက် မူလခန့်မှန်းခြေစာရင်းအပေါ်တွင် အမှန်သုံးစွဲနိုင်မည့် ပမာဏသာ ခွင့်ပြုပေးခဲ့သည့်အတွက် ဌာန၊ အဖွဲ့အစည်းများက တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၃၂၆၃ ဘီလီယံအပေါ်တွင် ခွင့်ပြုခဲ့သည့်ငွေမှာ ငွေကျပ် ၂၆၃၅ ဘီလီယံ ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းအရ အသုံးစရိတ် ငွေကျပ် ၂၄၇၂၄ ဘီလီယံ ဖြစ်ပြီး ယခုခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၆၃၅ ဘီလီယံတွင် တိုင်း ဒေသကြီး/ပြည်နယ်များသို့ လိုငွေအတွက် ထပ်မံထောက်ပံ့ငွေကျပ် ၃၉ ဘီလီယံ ပါဝင်ကာ ပြုပြင်ပြီး ခန့်မှန်းခြေအသုံးစရိတ်မှာ ငွေကျပ် ၂၇၁၈၈ ဘီလီယံဖြစ်ပါ ကြောင်း၊ ရငွေပိုင်းတွင် မူလခန့်မှန်းခြေစာရင်းအရ ရငွေကျပ် ၁၉၉၄၆ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရငွေမှာ ငွေကျပ် ၂၁၈၆၈ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေရေးဆွဲချိန်တွင် ဂျီဒီပီတန်ဖိုးမှာ ငွေကျပ် ၁၀၅၇၂၆ ဘီလီယံနှင့် အသားတင်လိုငွေမှာ ငွေကျပ် ၅၃၂၀ ဘီလီယံ ဖြစ်သဖြင့် လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅ ဒသမ ၀၃ ရာခိုင်နှုန်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဥပဒေနှင့်အညီ စိစစ်**

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူက မိမိအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် "ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု" များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ပြီးနောက် ပြည်ထောင်စုက ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေများကို တင်ပြမည်ဖြစ်ပါကြောင်း။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသော ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို ၎င်းတို့၏ရငွေရရှိမှု၊ အခွန်ဝေစုရရှိမှု၊ မူလခန့်မှန်းခြေ လျာထားချက် စသည်များအပေါ်အခြေခံ၍ သာမန်အသုံးစရိတ်တွင် ခရီးသွားလာစရိတ်၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်၊ စက်သုံးဆီဈေးနှုန်း တိုးမြင့်လာခြင်းကြောင့် ထပ်မံတောင်းခံခြင်းများ၊ မော်တော်ယာဉ်ပြင်ဆင် ထိန်းသိမ်းစရိတ်၊ ဧည့်ခံကျွေးမွေးစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ထားသော ဖြည့်စွက် ခွင့်ပြုငွေတောင်းခံရာတွင် လိုက်နာရမည့် အချက်များနှင့်အညီ စိစစ်လျှော့ချခြင်း၊ ငွေလုံး ငွေရင်း အသုံးစရိတ်တွင် ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂ၊ မော်တော်ယာဉ် ဝယ်ယူခြင်း၊ ဝန်ထမ်းအိမ်ရာအသစ်၊ ရုံးအဆောက်အအုံ အသစ်ဆောက်လုပ်ခြင်း စသည်များကို စိစစ်လျှော့ချခြင်း။

**ရန်ပုံငွေလွှဲပြောင်းသုံးစွဲ**

ရန်ပုံငွေလွှဲပြောင်း သုံးစွဲ၍ရနိုင်သည့် ကိစ္စရပ်များအတွက် တောင်းခံလာခြင်းများနှင့် မူလခန့်မှန်းခြေ ငွေစာရင်းရေးဆွဲသည့်အချိန်မှသာ ထည့်သွင်းတောင်းခံသင့်သည့် ကိစ္စရပ်များကို စိစစ်လျှော့ချခြင်း၊ မူလခန့်မှန်းခြေပါ အသုံးစရိတ်ကို လုံးဝသုံးစွဲခြင်းမပြုရသေးဘဲ ထပ်မံတောင်းခံလာခြင်းများကို ဆောင်ရွက်သည့် လုပ်ငန်းအခြေအနေပေါ် မူတည်၍ အသင့်အတင့်လျှော့ချခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမှု နည်းပါးသည့် အသုံးစရိတ်များအား စိစစ်လျှော့ချခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

စိစစ်မှုများအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု ငွေကျပ် ၂၂၄ ဒသမ ၆၉၇ ဘီလီယံ၊ စိစစ်လျှော့ချမှု ငွေကျပ် ၁၀၃ ဒသမ ၅၉၇ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေခွင့်ပြုမှု ငွေကျပ် ၁၂၁ ဒသမ ၁၀၀ ဘီလီယံဖြစ်ပြီး အဆိုပါ ဖြည့်စွက်ခွင့်ပြုငွေကို ခွင့်ပြုပါက ဖြစ်ပေါ်လာမည့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေမှာ ငွေကျပ် ၁၇၉၃ ဒသမ ၆၄၅ ဘီလီယံ၊ ပြုပြင်ပြီး ခန့်မှန်းခြေမှာ ငွေကျပ် ၁၈၃၂ ဒသမ ၆၄၀ ဘီလီယံဖြစ်သည့်အတွက် ပြည်ထောင်စုက ထောက်ပံ့ရသည့် ငွေမှာ ငွေကျပ် ၃၈ ဒသမ ၉၉၅ ဘီလီယံ ဖြစ်ပါကြောင်း။

**သုံးသပ်အတည်ပြု**

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖြည့်စွက် ခွင့်ပြုငွေတောင်းခံမှုများအပေါ် စိစစ်ခွင့်ပြုထားသော ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၂၁ ဒသမ ၁၀၀ ဘီလီယံနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုက ထပ်မံထောက်ပံ့ပေးရမည့် ငွေကျပ် ၃၈ ဒသမ ၉၉၅ ဘီလီယံတို့ကို ဘဏ္ဍာရေးကော်မရှင်ကသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြော ကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေ

**စာမျက်နှာ ၄ သို့ ✻**

**ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့် ဌာန၊ အဖွဲ့အစည်းများ အားလုံးအနေဖြင့် ရငွေကို တတ်နိုင်သမျှ လျာထားချက်ပြည့်မီ ကျော်လွန်အောင် ရှာဖွေကြရမည်ဖြစ်ပြီး အသုံးစရိတ်များကို သုံးစွဲရာတွင်လည်း လိုအပ်သည့်နေရာတွင်သာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း စနစ်တကျ ထိထိရောက်ရောက် အလေအလွင့်မရှိ သုံးစွဲနိုင်ရေးကို အလေးထား ကြပ်မတ် ဆောင်ရွက်ရန် အထူးမှာကြားလို**

## ခေတ်ပြောင်းစနစ်ပြောင်းကာလ

**ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့အစပဲရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေး ရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။**

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့ နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများ အားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက်အခါခါ ကျေးဇူးပြုသူများဟာ ဘဝကိုပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေ ဖြစ်ပါတယ်။**

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄ -၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

✻ စာမျက်နှာ ၃ မှ

ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြပြီး ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အဆိုပါဥပဒေကြမ်းကို ထောက်ခံဆွေးနွေးကြသည်။

**တိကျမှန်ကန်စွာ သုံးစွဲ**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကို ပြောလိုသည်မှာ မိမိတို့ ထပ်မံခွဲဝေရရှိသည့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲကြရာတွင် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမှန်ကန်စွာသုံးစွဲရန်၊ ဘဏ္ဍာငွေသုံးစွဲသည့် ကိစ္စရပ်တိုင်းတွင် ဌာနတွင်းစာရင်းစစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ စစ်ဆေးမှုများကို စနစ်တကျခံယူနိုင်ကြရန် လိုအပ်ပါကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ်များကို ဘဏ္ဍာရေးနှစ်အတွင်း မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ တင်ဒါခေါ်ယူနိုင်ခြင်း မရှိ၍ဖြစ်စေ၊ တင်ဒါခေါ်ယူသည့်အချိန် ကြန့်ကြာနေခြင်းကြောင့်ဖြစ်စေ လုပ်ငန်းအတွက် သုံးစွဲနိုင်ခြင်းမရှိသည့်အခါ ပိုလျှံငွေဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် အသုံးစရိတ်များအတွက် ခွင့်ပြုချက်ရရှိပြီး သုံးစွဲနိုင်မည့် ကာလသည် ၃ လ၊ ၄ လခန့်သာ ရှိသည့်အတွက် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းပြီးပြတ်အောင် မလုပ်ဆောင်နိုင်သော်လည်း လုပ်နိုင်မည်ဟုယူဆပြီး လုပ်ငန်းများအတွက် ထပ်မံတောင်းခံပါကလည်း ပိုလျှံငွေ ဖြစ်ပေါ်ဦးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရရှိထားသည့် ခွင့်ပြုငွေကို မသုံးစွဲနိုင်ပါက နိုင်ငံနှင့် ပြည်သူအတွက် အကျိုးမရှိသကဲ့သို့ ဌာနအဖွဲ့အစည်းများကိုလည်း စွမ်းဆောင်နိုင်စွမ်းမရှိဟု ထင်မြင်ခြင်းခံရမည် ဖြစ်ပါကြောင်း။

**ပြင်းပြင်းထန်ထန် အရေးယူမည်**

ပြီးခဲ့သည့်နှစ်က နှစ်သစ်ကူး အမှာစကားပြောကြားရာတွင်လည်း တင်သွင်းတောင်းဆိုထားသည့် ဘတ်ဂျက်များကို အချိန်မီ အမှန်တကယ်သုံးစွဲခြင်းမပြုဘဲ ထားသည့် လုပ်နည်းလုပ်ဟန်ကို ပြောင်းလဲကြရန်၊ စီမံကိန်းကုန်ကျစရိတ်ကို အနီးစပ်ဆုံး တိကျမှန်ကန်စွာ ခန့်မှန်းတွက်ချက်တင်ပြနိုင်ရန်၊ ဒေသ၏ ကာလပေါက်ဈေးနှင့်အညီ တွက်ချက်နိုင်ရန်၊ ဘတ်ဂျက်ပမာဏကြီးကြီးစိုက်ထုတ်သုံးစွဲရမည့်စီမံကိန်းကြီးများကို ထိထိရောက်ရောက် စိစစ်နိုင်သည့် အရည်အချင်းများကို စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးနယ်ပယ်တွင် အမြန်ဆုံးမြှင့်တင်ပေးနိုင်ရန်နှင့် တင်ဒါလုပ်ထုံးလုပ်နည်းနှင့် မညီညွတ်သည့် တင်ဒါခေါ်ယူမှုများ၊ တင်ဒါစည်းမျဉ်းအတွင်း လက်တစ်လုံးခြား လုပ်ကိုင်ဆောင်ရွက်မှုများကို ပြင်းပြင်းထန်ထန် အရေးယူမည်ဟု ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းကို ဂရုတစိုက် လိုက်နာကြရန် ထပ်မံပြောကြားလိုပါကြောင်း။

**စိစိစစ်စစ် သုံးစွဲ**

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် လိုငွေပမာဏ များပြားလာခြင်းကို ထိန်းထားနိုင်ရေး၊ မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတို့၏ လိုငွေနှင့် ဂျီဒီပီအချိုးကို နှိုင်းယှဉ်ပါက များစွာကွာဟမှုမရှိစေရေးတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မူလခန့်မှန်းခြေငွေစာရင်းတွင် တစ်နှစ်စာ ခွဲဝေချထားပေးပြီးဖြစ်သည့်အတွက် မိမိတို့ရရှိသည့် အသုံးစရိတ်ခွင့်ပြုငွေအတွင်း ဝင်ဆံ့အောင် အစကတည်းက သေချာရန်နှင့် စိစိစစ်စစ် သုံးစွဲနိုင်ရေးကို အားထုတ်ကြိုးပမ်းကြရန် အထူးလိုအပ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန် မလိုအပ်လေ ကောင်းလေဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြခဲ့သည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိထိရောက်အောင် စနစ်တကျစီမံခန့်ခွဲသုံးစွဲကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ တည်ထောင်သည့်နေ့အခမ်းအနား ကျင်းပ

**ရန်ကုန် ဧပြီ ၉**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ တည်ထောင်သည့်နေ့ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် ဇနီး ဒေါ်နွယ်နီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Saurabh Kumar နှင့် ဇနီး Mrs. Smriti Srivastav တို့က အထိမ်းအမှတ် ဆီမီးတိုင်များကို ထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ(Indian Council for Cultural Relations – ICCR)၏ အိန္ဒိယနိုင်ငံဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်အကြောင်း မှတ်တမ်းဗီဒီယိုဖိုင်ကို ပြသပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက အမှာစကားပြောကြားသည်။

ယင်းနောက် အိန္ဒိယရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ပြည်နယ် ၁၂ ခုမှ အိန္ဒိယရိုးရာဝတ်စုံများဖြင့် ဖက်ရှင်ရှိုးပြသပြီး ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။




ယင်းနောက် SVCC မှ ဒါရိုက်တာက ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဆာရီပြပွဲနှင့် အိန္ဒိယသမ္မတနိုင်ငံ၏ အမျိုးသားသင်္ကေတများပြပွဲကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ အိန္ဒိယလူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အိန္ဒိယနိုင်ငံအစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးကောင်စီ (Indian Council for Cultural Relations – ICCR)ကို လွတ်လပ်ပြီးစ အိန္ဒိယနိုင်ငံ၏ ပထမဆုံး ပညာရေးဝန်ကြီးဖြစ်သော Maulana Abul Kalam Azad က ၁၉၅၀ ပြည့်နှစ် ဧပြီ ၉ ရက်တွင် တည်ထောင်ခဲ့သည်။ အဆိုပါကောင်စီကို အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးနှင့်စပ်လျဉ်း၍ မူဝါဒများနှင့် အစီအစဉ်များကို ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် တက်ကြွစွာပါဝင်ရန်၊ အိန္ဒိယနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်ပေးရန်နှင့် အားပေးရန်၊ အခြားနိုင်ငံများမှ ပြည်သူများနှင့် ယဉ်ကျေးမှုဖလှယ်ရာတွင် အထောက်အကူပြုရန်၊ နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် စသည့် ရည်ရွယ်ချက်များနှင့် တည်ထောင်ခဲ့ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဓာတ်ပုံ - ရဲထွဋ်**

## ဆရာဝန်တင်ရွှေ(၂၀၁၈)ဆုရ စာအုပ်များ ကြေညာ

**ရန်ကုန် ဧပြီ ၉**

ဆရာဝန်တင်ရွှေစာပေဆု(၂၀၁၈)ဆုရစာအုပ်များကို ယနေ့ကြေညာရာ ၂၀၁၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ ဆရာကြီး ဒေါက်တာသန်းဦး ရေးသားပြီး ဆုစာအုပ်တိုက်မှ ထုတ်ဝေသည့် ပညာရေးဆောင်းပါးပေါင်းချုပ်၊ ဦးဝင်းတင့် ရေးသားပြီး ပဥ္စဂံ စာအုပ်တိုက်မှ ထုတ်ဝေသည့် စာကြည့်တိုက်ထဲက စကားပြန်၊ ဦးဇော်လွင်ဦး(ဟသ်ာတ)ရေးသားပြီး ရှင်မတောင်စာပေမှ ထုတ်ဝေသည့် ယင်းကျားနှင့် Nyi Pu Lay ရေးသားပြီး Dr. Zaw Tun ဘာသာပြန်ဆိုထားသော The Sweet Honey Drop on the Sharp Scalpet Blade စာအုပ်လေးအုပ်တို့ကို ရွေးချယ်ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယခုနှစ်တွင် ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ဆရာဝန်တင်ရွှေစာပေ ဂုဏ်ဆောင်ဆုအဖြစ် ဆရာမကြီး ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)ကို ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

စာပေဆုအခမ်းအနားကို ဧပြီလအတွင်း ကျင်းပမည်ဖြစ်ပြီး တင်ရွှေစာပေ ဖုန်း-၀၉-၅၁၁၇၆၈၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

စာရေးဆရာကြီး ဆရာဝန်တင်ရွှေအထိမ်းအမှတ် စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု (၁၇)ကြိမ်တိုင် ရှိခဲ့ပြီဖြစ်သည်။ ဆရာဝန်တင်ရွှေသည် "တင်ရွှေစာပေတိုက်" ကိုထူထောင်ခဲ့ပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်ကော်မတီဝင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်အသင်းအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ





**ရန်ကုန် ဧပြီ ၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြု ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရခိုင်အသင်းအဖွဲ့ အစည်းများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၃)၌ ကျင်းပသည်။

**စာတမ်းပြုစုတင်သွင်းသွားမည်**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ယနေ့တွေ့ဆုံမှုသည် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရခိုင်အသင်း အဖွဲ့အစည်းများမှ ဆွေးနွေးလာမည့် အချက်အလက်များကို နားထောင်၍ မှတ်တမ်းယူသွားမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မတီဖွဲ့စည်းရသည့် အဓိကတာဝန်သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပျက်နေသည့် လက်ရှိပဋိပက္ခများနှင့်ပတ်သက်၍ တွေ့ဆုံသင့် တွေ့ဆုံထိုက်သည့် ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ပြောဆိုအကြံပြုချက်များကို ရယူသွားမည်ဖြစ်ကြောင်း၊ ရရှိလာသည့် အချက်အလက်များကို အခြေခံ၍ ညှိနှိုင်းသုံးသပ်ပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခကို ပြေလည်အောင်၊ ငြိမ်းချမ်းအောင်နှင့် ရေရှည်တွင် လုပ်သင့်လုပ်ထိုက်သည်များကို စာတမ်းတစ်စောင်ပြုစု၍ အစိုးရအဖွဲ့သို့ တင်သွင်းသွားမည်ဖြစ်ကြောင်း၊ ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ၍ မြို့ပေါ်သို့ရောက်ရှိလာသည့် တိုက်ပွဲရှောင် ပြည်သူများကို တစ်ဖက်တစ်လမ်းမှ ကူညီရမည်ဖြစ်ကြောင်း၊ ထိုသို့ ကူညီဆောင်ရွက်ပေးနိုင်ရန် အတွက်လည်း ပြင်ဆင်ကြိုးပမ်းလျက်ရှိကြောင်း၊ ယခု ရခိုင်ခရီးစဉ်တွင် မြောက်ဦးနှင့် ကျောက်တော်မြို့များရှိ တိုက်ပွဲရှောင် ပြည်သူများအတွက် အဓိကအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို လျော့ကျစေရန်၊ တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် မိုးမကျမီ မိမိနေရပ်သို့ ပြန်လည်၍ လယ်ယာကိုင်းကျွန်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို ရခိုင်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များက တင်ပြလာသည့်အချက်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စစ်တွေမြို့တွင်လည်း ပါတီအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ တင်ပြလာသည့် အချက်အလက်များကို ရယူသွားမည်ဖြစ်ကြောင်း၊ တွေ့ဆုံသင့်သည့် ပညာရှင်များနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ရခိုင်အသင်းအဖွဲ့အစည်းများက အကြံပြုတင်ပြချက်များကို ဆွေးနွေးတင်ပြပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် ဦးညီလှငယ်တို့က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ အမြန်ဆုံးလျော့ကျ၍ ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်ဆောင်ရွက်ရမည့် စီမံချက်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**တက်ရောက်**

ယနေ့ကျင်းပသည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရခိုင်အသင်းအဖွဲ့အစည်းများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ ရခိုင်အသင်းအဖွဲ့အစည်းများဖြစ်ကြသည့် Rakhine Thahaya Association၊ ရခိုင်ဒီမိုကရေစီအဖွဲ့ ချုပ်(ရန်ကုန်)၊ ရခိုင်အသင်းချုပ်(ရန်ကုန်)၊ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ၊ ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်)၊ ရခိုင်အမျိုးသားပါတီ(ရန်ကုန်)၊ Scholar Institute၊ ရခိုင်အမျိုးသား ကွန်ရက်၊ ပျိုးပင်အင်စတီကျူတို့နှင့် ဖိတ်ကြားထားသည့် ပညာရှင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာ့ကျေးရွာသစ်ခေါင်းဆောင်များညီလာခံ ကျင်းပ



**နေပြည်တော် ဧပြီ ၉**

"အောင်မြင်သော ကျေးရွာတိုင်းတွင် ထူးချွန်ထက်မြက်သော ခေါင်းဆောင်ကောင်းများရှိကြသည်" ဆိုသည့်အတိုင်း မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနစ်နာခံအပင်ပန်းခံပြီး ရှေ့ဆောင်လမ်းပြဆောင်ရွက်ပေးရမည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ခြင်းဖြင့် စံနမူနာကောင်းများပြကာ ကျေးရွာသူ ကျေးရွာသားများနှင့် အတူတကွပူးပေါင်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုရရှိမှာဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

**တက်ရောက်**

နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည့် ကျေးရွာသစ်ခေါင်းဆောင်များ ညီလာခံ(Myanmar Saemaul Leadership Forum)တွင် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ပြောကြားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ နှစ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုကို အရင်းခံ၍ ကျင်းပသော ကျေးရွာသစ်ခေါင်းဆောင်များညီလာခံသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဒေါက်တာရဲမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းကျေးရွာများမှ ကျေးရွာခေါင်းဆောင်များ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဂုဏ်ပြု**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုးခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ဆယ်မားအူးလ်အွန်ဒုန်စိတ်ဓာတ်များကို အခြေခံပြီးဆောင်ရွက်ကြရာတွင် ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာသူ ကျေးရွာသားများ၏ တက်ကြွစွာပူးပေါင်းပါဝင် ကြိုးပမ်းခဲ့မှုကြောင့် စီမံကိန်းဝင်ကျေးရွာများအားလုံး သိသာသောတိုးတက်အောင်မြင်မှုများရရှိနေမှုအပေါ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းကို တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခု မြို့နယ် ၂၇ မြို့နယ်ရှိ ရှေ့ပြေးစံပြကျေးရွာ ၁၁၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရုပ်ပိုင်း၊ စိတ်ပိုင်းဖွံ့ဖြိုးမှုရလဒ်ကောင်းတွေ ရရှိနေသကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာမှု၊ အောင်မြင်မှုများကို ရေရှည်တည်တံ့စေရေးနှင့် အခြားကျန်ရှိနေသေးသည့်ကျေးရွာများပါ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှေ့ဆောင်လမ်းပြဖြစ်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E Mr. Lee Sang-hwa က မြန်မာနိုင်ငံတွင် ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းဝင်ကျေးရွာများ၏ အောင်မြင်မှုများအတွက် ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ညောင်စဉ်စံပြကျေးရွာခေါင်းဆောင် ဦးခွန်ချမ်းသာက ဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းအတွေ့အကြုံနှင့် ရလဒ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်စံပြကျေးရွာဆုများ၊ ထူးချွန်ဝန်ထမ်းဆုရရှိသူများကို ထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ကြပြီး ကိုရီးယားသံအမတ်ကြီးနှင့် ပညာရှင်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်သည်။

**အတွေ့အကြုံများမျှဝေ**

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ နှစ်နိုင်ငံအကြား ၂၀၁၄ ခုနှစ်မှစ၍ မြန်မာဆယ်မားအူးလ်အွန်ဒုန်ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းအရ အတွေ့အကြုံများ မျှဝေပေးခြင်း၊ ငွေကြေးနှင့် နည်းပညာဆိုင်ရာများ ကူညီထောက်ပံ့ပေးခြင်းတို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခု၏ မြို့နယ် ၂၇ မြို့နယ်ရှိ ရှေ့ပြေးစံပြကျေးရွာ ၁၁၀ တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ ကျေးရွာများတွင် ကိုယ်ပိုင်အရင်းအနှီးမတည်ငွေများဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

ဧပြီ ၁၀၊ ၂၀၁၉

# ဗုဒ္ဓသာသနာနှင့် ဆက်နွှယ်သော တန်ခူးလ သင်္ကြန်ပုံရိပ်

■ ဝိသဇ္ဇက(ပဲခူး)

တန်ခူးလသည် မြန်မာပြက္ခဒိန်လများတွင် အဦးအစဆုံးလဖြစ်၍ အဘိဓာန်ကျမ်းတွင် "စိတ္တကော၊ တန်ခူးလ၊ ရမ္မကော၊ တန်ခူးလ"ဟူ၍ ပရိယာယ်နှစ်မျိုး ပြဆိုထားသည်။ အနက်အဓိပ္ပာယ်မှာ "အထူးထူးသော အပွင့်၊ အသီးတို့ဖြင့် ဆန်းကြယ်သည်၏အဖြစ်ကြောင့် လူတို့၏ စိတ်နှလုံးကို မွေ့လျော်စေတတ်သည်ကို တန်ခူးလဟု ခေါ်၏"ဟူ၍ ဖြစ်ပေသည်။

တန်ခူးလကို ပုဂံခေတ်ကျောက်စာတို့၌ ခေတ်ရေးထုံးအတိုင်းပင် တန်ခူးဟုရေးထိုးထားသည်ကို တွေ့ရ၏။ နောက်ပိုင်းခေတ်များတွင် တန်ခူးဟုလည်းကောင်း၊ တာကူးဟုလည်းကောင်း ရေးသားလာကြသည်ကို တွေ့ရ၏။ တချို့ကမူ "တန်ခူး"သည် "တာကူး"မှ ဆင်းသက်လာသည်ဟု ဆို၏။ "တာ"သည် အချိန်ရာသီဟု အနက်ထွက်သည်။ "ကူး"မှာ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ရသည်။ "တာကူး" ခေါ်တွင်ရာမှ တန်ခူးသို့ ရွေ့လျောလာခဲ့သည်ဟု ဆို၏။ တန်ခူးလသည် ရာသီအလိုအားဖြင့် မိဿရာသီဖြစ်သည်။ စိတြနက္ခတ်နှင့် စန်းယှဉ်ပြကာ အာသာဝတီနက္ခတ်နှင့် နေမင်းတို့ယှဉ်ကြသည်။ ဆိတ်သတ္တဝါသဏ္ဍာန်ရာသီရုပ်ဖြစ်ပြီး တံငါတာရာထွန်းပသည်။

တချို့ပညာရှင်အဆိုမှာ "တာကူး"ဟူသော စကားရပ်မှာ အတာကူးမှဆင်းသက်လာသော ပုဒ်ဖြစ်ပြီး တာကူးကို သင်္ကြန်အတာကူးပြောင်းသောလဟု ဝေါဟာရလီနတ္ထဒီပနီကျမ်း၌လည်းကောင်း၊ တာဝန်လွှဲပြောင်းသောလဟု ဝေါဟာရတ္ထပကာသနီကျမ်းနှင့် ပညာရှင်အချို့ကလည်းကောင်း၊ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းသောလဟု အချို့ပညာရှင်များကလည်းကောင်း အသီးသီးဖွင့်ဆိုထားကြသည်။ ကမ္ဘာပေါ်ရှိ ယဉ်ကျေးသော လူမျိုးတိုင်းသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ စတင်ရောက်ရှိလာသည်ကို အလေးအမြတ်ထားကြသည့်နည်းတူ မြန်မာလူမျိုးတို့အနေဖြင့်လည်း နှစ်ဟောင်းမှ နှစ်သစ်ကူးပြောင်းချိန်ကို "သင်္ကြန်ပွဲတော်" ဟု ခေါ်ဝေါ်ကျင်းပလေ့ရှိကြလေသည်။

သင်္ကြန်ဟူသည် သင်္ကန္တဟူသော ပါဠိမှဆင်းသက်လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်၏။ ကမ္ဘာမြေကြီးသည် နေကိုဗဟိုပြု၍ မိဿရာသီမှစ၍ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကရ၊ ကုံ၊ မိန် ဟူသော ရာသီခွင်တို့ အစဉ်လိုက်ကူးပြောင်းလှည့်လည်ပြီးနောက် သူရိယသိဒ္ဓန္တကျမ်းအလို ၃၆၅ ရက်၊ ၆ နာရီ၊ ၁၂ မိနစ်၊ ၃၇ စက္ကန့်ပြည့်သောအခါ တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင်သည် မိဿရာသီအစ သုညအသံ်သို့ဝင်သည်။ ဤသို့ဂြိုဟ်ကူးပြောင်းဝင်စအချိန်တွင် သင်္ကြန်ကျသည်။ သို့ရာတွင် နှစ်မကူးသေးချေ။ ဇေဒင်တွက်ရိုးကျမ်းများ၌ ရဝိဖုဋ္ဌဂြိုဟ်စင်နှင့် ရဝိမဓျဂြိုဟ်သွမ်းဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားပြသည်။ ထို့ကြောင့် မိဿရာသီသို့ ထိုဂြိုဟ်နှစ်မျိုးနှစ်စားရောက်သောအချိန်ကာလသည်လည်း ကွဲပြားသည်။ မိဿရာသီသို့ တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်ရောက်ရှိပြီး၍ ၂ ရက်၊ ၄ နာရီ၊ ၄ မိနစ်၊ စက္ကန့် ၄၀ ကြာမှ တနင်္ဂနွေရဝိမဓျဂြိုဟ်သွမ်းရောက်ရှိသည်။ ထိုကဲ့သို့ ကွာခြားသော နှစ်ရက်ကျော်ကာလသို့ ဝင်သောအခါကျမှသာ အတာတက်၍ နှစ်သစ်ကူးပြီဟု ပညာရှိတို့က အသိအမှတ်ပြုကြသည်။

တန်ခူးလသင်္ကြန်ပွဲတော်တွင် မြန်မာတိုင်းရင်းသားတို့သည် ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ သင်္ကြန်ရေပက်ဖျန်းခြင်းသည် လေးနက်မွန်မြတ်သော အဓိပ္ပာယ်ရှိသည်။ ရေသည် မေတ္တာဓာတ်ကို တင်စားသည်။ ရေကစားကြသည်မှာ "ရေလိုအေး၍ ပန်းလိုလန်းပါစေ" ဟူသော မေတ္တာဓာတ်ဖြင့် ကစားခြင်းဖြစ်သည်။ "ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပာကရမက်၊ ပန်းပေါင်းဖက်" စကားအရ ရှေးအခါက အမွှေးအကြိုင်တို့ကို ဖလားတွင် ထည့်၍ ရေလောင်းကြသည်။

သင်္ကြန်ပွဲတော်ကျင်းပခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပုဂံခေတ် မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ်(ခရစ်နှစ် ၁၂၉၁ ခုနှစ်)တွင် ရေးထိုးခဲ့သော စောလုဝန်းဘုရားကျောက်စာ၌ "မိဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ်သွန်း၊ မပြယ်စိတ်လျှင် တည်၏" ဟူသော ရာသီပွဲတော်ဆိုင်ရာ ဝေါဟာရများ ရေးထိုးထားသည်ကို ထောက်ရှုပါက ထေရဝါဒသာသနာ ထွန်းကားနေပြီဖြစ်သော ပုဂံခေတ်၌ သင်္ကြန်ပွဲတော်ကို ကျင်းပနေပြီဖြစ်ကြောင်း ပြဆိုထားသည်။ ထင်ရှားသော သာဓကပင် ဖြစ်သည်။

ဗုဒ္ဓဝင်ကျမ်းတို့၌ နှစ်ကူးသော တန်ခူးလအခါတွင် ကပိလဝတ်ပြည်၌ နေထိုင်ကြကုန်သော သာကီဝင်မင်းတို့သည် နှလုံးမွေ့လျော်ဖွယ်ရှိသော ဒေဝဒဟရေအိုင်တွင် သိမ်မွေ့စွာရေပက်ဖျန်းကြပုံတို့ကို သိရှိနိုင်ခြင်းဖြင့် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ခြင်း၊ မေတ္တာအရင်းခံလျက် သန့်စင်စွာရေကစားခြင်းမှာ အံ့သြစရာကောင်းလောက်အောင် ထူးခြားလှကြောင်း အမှတ်တရ မှတ်တမ်းတင်ခဲ့သည်ကို လေ့လာသိရှိရသည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တစ်မျိုးသားလုံး နှစ်စဉ်ပျော်ရွှင်စွာ ဆင်နွှဲပြီး ထူးခြားသော အမျိုးသားပွဲတော်ကြီးအဖြစ် မြန်မာတို့အနေဖြင့် ဂုဏ်ယူကြရဖွယ်ဖြစ်သည့်နည်းတူ ယင်းယဉ်ကျေးမှုအစဉ်အလာကိုလည်း မပျောက်မပျက်အောင် ဆက်လက်ထိန်းသိမ်းကြရပေမည်။

ထို့အပြင် တနင်္ဂနွေဂြိုဟ်ဖြစ်သောနေမင်းသည် တောင်ဘက် ဒက္ခိဏာယဉ်စွန်းတန်းမှသည် မြောက်ဘက် ဥတ္တရယဉ်စွန်းတန်းသို့ ပြောင်းရွှေ့လာရခြင်းကြောင့် နေကိုအကြောင်းပြု၍ ဥတုသုံးပါး၏ လည်ပတ်မှု၊ ရွေ့လျားမှုတို့ ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် အဟောင်းမှ အသစ်သို့ ပြန်လည်ရွေ့လျားလာခြင်းဖြစ်သည်။ ယင်းသို့ ပြောင်းလဲရွေ့လျားလာခြင်းနှင့်အတူ သက်ရှိဘဝ သတ္တလောကသည်လည်း အဟောင်းကိုစွန့်ပယ်၍ အသစ်သို့ ကူးပြောင်းလာခြင်း၊ ဩကာသလောကဖြစ်သော တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင် ပြောင်းလဲရွေ့လျားမှုများနှင့်အတူ သတ္တလောကသည်လည်း သင်္ခါရလောကပြုပြင်ပြောင်းလဲသော သဘာဝတရားကြီးအရ ပြောင်းလဲကြရာမှ ရွေ့လျားခြင်းတို့ဖြစ်သည်။





မြန်မာတို့၏ နှစ်ဆန်းချိန်အခါသည် ရွှင်မြူးနှစ်သက်စရာကောင်းသည်။ သစ်လွင်သော ရက်၊ လ၊ နှစ်၏ ချစ်စဖွယ်ကောင်းသော အချိန်နာရီ ဗီဇနာ ခဏာစက္ကန့်တို့၏ အရောင်သည်လည်း သာယာနှစ်သက်ဖွယ်ကောင်းလှပါသည်။ နှစ်ဟောင်းပယ်၍ နှစ်သစ်ကို ရောက်လာတိုင်း ပျော်ရွှင်မြူးထူးကြသည်။ နှစ်ဟောင်း၏ အပြစ်အနာများကို အေးမြသောနှစ်သစ်၌ ကုသိုလ်ကောင်းမှုပြုခြင်းဖြင့် ဆေးကြောကြသည်။ ချမ်းသာသုခပြည့်စုံရန် ဆုတောင်းကြလေသည်။ အမှန်အားဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်အခါဖြစ်သည့်အလျောက် ကြည်ရွှင်မြူးထူး အပျော်မကြူးဘဲ သတိသံဝေဂရဖွယ်တို့အား တွေးဆဆင်ခြင်ကြရမည်ဖြစ်သည်။ ကမ္မဋ္ဌာန်းဆရာတို့၏ အဆိုအရ အဟောင်းတို့သည် ဥပါဒ်ဋ္ဌီဘင်အားဖြင့် ကုန်ဆုံးသွားခဲ့ပြီဖြစ်သည်။ ဤသို့ဖြင့် ရူပက္ခန္ဓာ ၂၈ ပါးရုပ်တရားတို့သည် ဥပါဒ်ဋ္ဌီဘင်အားဖြင့် ခဏငယ်သုံးချက်အရ အဟောင်းတို့ချုပ်၍ အသစ်အသစ်သို့ ဖြစ်ပေါ်၍လာလေသည်။

ယင်းသို့ လူသစ်စိတ်သစ်ဖြစ်ကာ အေးချမ်းစွာနေရခြင်းနှင့်ပတ်သက်၍ သုံးလောကထွတ်ထား မြတ်ဘုရားရှင်လက်ထက်၌ တာဝတိံသာမှ သိကြားမင်းသည် မပျော်မွေ့ခြင်း၊ အဝတ်ပုဆိုးတို့ ညစ်နွမ်းခြင်း၊ ပန်ထားသည့် ပန်းများညှိုးနွမ်းခြင်း၊ လက်ကတီးကြားမှ ချွေးယိုခြင်းတို့ကြောင့် သက်တမ်းကုန်ဆုံး၍ စုတိစိတ်ကျမည့် အရိပ်များထင်လာ၏။

သိကြားမင်းစုတိစိတ်ကျမည့် အရိပ်လက္ခဏာအား သိရှိခြင်းကြောင့် "အသစ်ဖြစ်ကာ အေးချမ်းစွာနေရခြင်း၊ ချမ်းသာခြင်းများအတွက် ကောင်းမြတ်သောတရားကို ဟောကြားပေးတော်မူပါဘုရား"ဟူ၍ မြတ်ဘုရားထံပါးသို့ ချဉ်းကပ်ကာ လျှောက်ထားတော်မူလေ၏။

မြတ်ဘုရားရှင်သည် "နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယ သံသရာ။"

"နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံပဿာမိ ပါဏိနံ။"

"ဗောဇ္ဈင်တရားခုနစ်ပါးကို သတိသံဗောဇ္ဈင် ဓမ္မဝိစယသံဗောဇ္ဈင်၊ သမာဓိသံဗောဇ္ဈင်၊ ဥပေက္ခာသံဗောဇ္ဈင်၊ ဝီရိယ သံဗောဇ္ဈင်၊ ပီတိသံဗောဇ္ဈင်၊ ပဿဒ္ဓိသံဗောဇ္ဈင် တည်းဟူသော သံဗောဇ္ဈင်တရားခုနစ်ပါးကို ရှောင်ပယ်ကြဉ်ရှား အလွတ်ထား၍ သတ္တဝါဗိုလ်ခြေများဝေနေတို့၏ ချမ်းသာကြောင်း လမ်းကောင်းလမ်းမြတ်ကို ငါဘုရားမြင်တော်မမူ၊ ဣန္ဒြေခြောက်ပါး၊ ခြောက်တံခါးနှင့် လုံးစုံစောင့်ရှောက် ထိန်းသိမ်းခြင်းအမှုကို ရှောင်ပယ်ကြဉ်ရှား အလွတ်ထား၍ သတ္တဝါဗိုလ်ခြေများဝေနေတို့၏ ချမ်းသာရာ ချမ်းသာကြောင်း လမ်းကောင်းလမ်းမြတ်ကို ငါဘုရားမြင်တော်မမူ၊ အလုံးစုံသော ဘုံဘဝသင်္ခါရတို့ကို စွန့်လွှတ်၊ လွှတ်မြောက် နိဗ္ဗာန်ရောက်သည်ကို ရှောင်ပယ်ကြဉ်ရှား အလွတ်ထား၍ သတ္တဝါဗိုလ်ခြေများဝေနေတို့၏ ချမ်းသာရာချမ်းသာကြောင်း လမ်းကောင်းလမ်းမြတ်ကို ငါဘုရားမြင်တော်မမူ"ဟူ၍ ဟောကြားတော်မူလေသည်။

ထိုစဉ် တာဝတိံသာသိကြားမင်းသည် ဘဝဟောင်းပစ်၍ ဘဝသစ်ဖြစ်သွားလေ၏။ ဤသို့ ဘဝဟောင်းပစ်၍ ဘဝသစ်ဖြစ်သွားရသည်ကို မြတ်ဘုရားရှင်နှင့် ကိလေသာကုန်ပြီးသော ရဟန္တာမြတ်တို့မှသာ သိတော်မူကြလေသည်။

မြတ်ဘုရားရှင်၏ ဗောဇ္ဈင်တရားနှင့် ဣန္ဒြေတရား တရားတော်တို့ကိုနာကြားရသဖြင့် သိကြားမင်းအသစ်ဖြစ်၍ တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တစ်ထောင်၊ လူတို့၏အရေအတွက်အားဖြင့် သုံးကုဋေခြောက်သန်း အသက်ရှည်၍ နေရပြန်လေသည်။

မြန်မာနှစ်ကူးသင်္ကြန်၏ နှစ်ဦးအစဖြစ်သော အကူးအပြောင်းသမယတွင် မင်္ဂလာရှိအောင် ပြုမူနေထိုင်ကျင့်ကြံရမည်မှာ ကောင်းသောအကျင့်သီလဖြစ်သည်။ မြတ်ဘုရားရှင်သည် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင် ပညာရှိများကို မှီဝဲဆည်းကပ်ခြင်း၊ လူမိုက်ကိုရှောင်ကြဉ်ခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ မိဘနှစ်ပါးကို လုပ်ကျွေးပြုစုခြင်း၊ သူတစ်ပါးကျေးဇူးကိုသိခြင်း စသည်တို့ အပါအဝင် ၃၈ ဖြာမင်္ဂလာတရားများကို ထာဝစဉ်စောင့်ထိန်းလိုက်နာကြခြင်းဖြင့် ရန်သူတို့၏ အနိုင့်အထက်ပြုခြင်းမခံရခြင်းနှင့် အရပ်ဒေသအားလုံးတို့၌ ကြီးပွားချမ်းသာခြင်းသို့ ရောက်ရှိနိုင်ခြင်းဟူသော အကျိုးကျေးဇူးများရရှိမည်ကို ဟောကြားတော်မူခဲ့သည်။ ယင်းသို့မြတ်ဘုရားရှင်ဟောကြားအပ်သော မင်္ဂလာတရားတော်များကို သေချာစွာလေ့လာမည်ဆိုပါက ပေါင်းသင်းဆက်ဆံရေး မင်္ဂလာသုံးပါး၊ နေရေး၊ ထိုင်ရေး မင်္ဂလာသုံးပါး၊ သင်ကြားရေး မင်္ဂလာလေးပါး၊ ပြုစုရေး မင်္ဂလာသုံးပါး၊ လိုက်နာကျင့်သုံးရေး မင်္ဂလာလေးပါး၊ ရှောင်ကြဉ်ရေး မင်္ဂလာလေးပါး၊ စိတ်ထားရေး မင်္ဂလာငါးပါး၊ သည်းခံရေး မင်္ဂလာလေးပါး၊ မြိုးခြံရေး မင်္ဂလာလေးပါးနှင့် စိတ်ဓာတ်ခိုင်ခံ့ရေး မင်္ဂလာလေးပါး စုစုပေါင်းသုံးဆယ့်ရှစ်ဖြာသော မင်္ဂလာတရားတော်တို့ဖြစ်သည်။ လောကလူသားများ၏ အကျိုးစီးပွားတိုးပွားစေရေးအတွက် ထောင့်မျိုးစုံမှ ဟောကြားတော်မူထားကြောင်း လေ့လာသိရှိမည်ဖြစ်သည်။

ယင်းသို့ တန်ခူးလသင်္ကြန်အခါသမယတွင် ပြုကျင့်မြဲဖြစ်သော အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ရဟန်းသံဃာတော်များအား ဆွမ်းဘောဇဉ်များ ကပ်လှူခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဗုဒ္ဓတရားတော်ကို နာကြားခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ဘိုးဘွားမိဘ ဆရာသမား စသူတို့အား ပူဇော်ကန်တော့ခြင်း၊ ငါးလွှတ်ခြင်း၊ ကျွဲ၊ နွား စသည့် တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း စသောကုသိုလ်ကောင်းမှုများသည် မြတ်နိုးလေးစား ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်ဖွယ်ကောင်းသော တန်ခူးနှစ်ကူးသင်္ကြန်ပွဲတော်၏ အနှစ်သာရများဖြစ်သည်။ ဗုဒ္ဓသာသနာတော်နှင့်လည်း ဆက်နွှယ်လျက်ရှိနေသည်။ နှစ်သစ်ကူးလတန်ခူး သင်္ကြန်ပွဲတော်သည် အခြားသော ရာသီပွဲတော်များထက် ပျော်ပါးရွှင်မြူးဖွယ်ရာဖြစ်စေပြီး ကုသိုလ်ရေးကို မမေ့မလျော့ကြဘဲ ပျော်ပါးရင်း ကုသိုလ်ကောင်းမှုပြုသည်။ ကုသိုလ်ကောင်းမှုပြုရင်း ပျော်ပါးလေ့ရှိသည်။

မြန်မာတို့၏ နှစ်သက်ဖွယ်ကောင်းသောယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တစ်မျိုးသားလုံး နှစ်စဉ်ပျော်ရွှင်စွာ ဆင်နွှဲလာသော ထူးခြားသော အမျိုးသားရေးပွဲတော်ကြီးအဖြစ် မြန်မာတို့အနေဖြင့် ဂုဏ်ယူကြရဖွယ်ဖြစ်သည်။ ထိုယဉ်ကျေးမှုအစဉ်အလာကိုလည်း မပျောက်မပျက်အောင် ဆက်လက်ထိန်းသိမ်းကြရပေမည်။ ။

»» ကျောဖုံးမှ

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ(၁) General Xu Qiliang နှင့် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ်တိုးတက်ခိုင်မာစေရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟို ကော်မတီ၊ နိုင်ငံခြားဆက်ဆံရေးဌာနအကြီးအကဲ နိုင်ငံတကာရေးရာဌာန ဝန်ကြီး H.E. Mr. Song Tao နှင့် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံခြားဆက်ဆံရေးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တရုတ်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိမှသာ ဖွံ့ဖြိုးတိုးတက်မည့်အခြေအနေများနှင့် တပ်မတော်နှစ်ရပ်အကြား အဆင့်လိုက်ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၊ နိုင်ငံခြားဆက်ဆံရေးဌာန နိုင်ငံတကာရေးရာဌာနဝန်ကြီးက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ**

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်အဖွဲ့အား တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် နံနက်ပိုင်းတွင် Ling Guang Si ဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဧပြီ ၉**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**



# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး ပြည်ပဆိုက်ရောက်/ထွက်ခွာနေရာများ၌ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများ နေရာချထားမှုနှင့် တာဝန်ထမ်းဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသို့ ထွက်ခွာမည့်ခရီးသည်များနှင့် ရောက်ရှိလာမည့်ခရီးသည်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားရန်နှင့် လုံခြုံရေးကိစ္စရပ်များတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**သတင်းစဉ်**

# ဆဋ္ဌမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၉**

ဆဋ္ဌမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ပူးတွဲဆွေးနွေးမှုမှတ်တမ်းလက်မှတ်ရေးထိုးခြင်းနှင့် ပူးတွဲသတင်းထုတ်ပြန်သည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE Hotel ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးသန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ နယ်ခြားစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Md Shafeenul Islam, ndc, psc နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု၊ အကြမ်းဖက်မှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ၌ ပြစ်ဒဏ်ကျခံပြီး၍ ပြန်လည်လွတ်မြောက်လာသော နိုင်ငံသားများအား အပြန်အလှန်လွှဲပြောင်းပေးရေး၊ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့်နှင့် ကွပ်ကဲရေးမှူးအဆင့် အလံတင်အစည်းအဝေးများ ပုံမှန်ကျင်းပရေး၊ မောင်တော-တက္ကနာ့ဖ် နယ်စပ်ဆက်ဆံရေးရုံးတို့၏ ပထမအကြိမ် အစည်းအဝေးကျင်းပရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖလှယ်ရေး၊ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းတစ်လျှောက် နှစ်ဖက်ညှိနှိုင်းကင်းလှည့်မှုများ ဆက်လက်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား




ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေးအတွက် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်းသည့် ပူးတွဲဆွေးနွေးမှုမှတ်တမ်းကို နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြပြီး ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

သတ္တမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များအကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာနှစ်ရွာအား သောက်သုံးရေသွားရောက်လှူဒါန်း

**မိတ္ထီလာ ဧပြီ ၉**

မိတ္ထီလာမြို့နယ်၌ မီးသတ်ဦးစီးဌာနနှင့် မေတ္တာမွန်(ပရဟိတ)၊ တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်(မိတ္ထီလာ)တို့ ပူးပေါင်း၍ ယနေ့နံနက် ၇ နာရီက သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးရွာနှစ်ရွာအား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်ပြီး သန္ဓေတပ်ဖွဲ့ဝင်များနှင့် မေတ္တာမွန်(ပရဟိတ)တို့ ပူးပေါင်း၍ အိမ်ခြေ ၂၈၀၊လူဦးရေ ၁၄၁၇ ဦးရှိသည့် ကျောက်ဖြူကုန်းအုပ်စု အင်းပက်လက်ကျေးရွာသို့ သောက်သုံးရေ အဆင်ပြေစေရန် မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၁၁၂၀၀ ကို လှူဒါန်းခဲ့သည်။

၎င်းအပြင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် မီးသတ်ဦးစီးဌာနနှင့် တက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်(မိတ္ထီလာ)တို့ ပူးပေါင်း၍ အိမ်ခြေ ၄၁ အိမ်၊ လူဦးရေ ၂၁၃ ဦးရှိသည့် ညောင်ပင်လျှိုကျေးရွာအုပ်စု သရက်တန်းကျေးရွာသို့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၃၂၀၀ ကို လှူဒါန်းခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူးက ပြောသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မဟာသင်္ကြန်ကာလအတွင်း Yangon Water Bus ခရီးစဉ်ပြေးဆွဲမှုများ ရပ်နားထားမည်

**ရန်ကုန် ဧပြီ ၉**

မဟာသင်္ကြန်ကာလအတွင်း Yangon Water Bus မှ ခရီးစဉ်ပြေးဆွဲမှုများအားလုံးကို ရပ်နားထားမည်ဖြစ်ကြောင်း Yangon Water Bus မှ သိရသည်။

အတာသင်္ကြန်ကာလအတွင်း Yangon Water Bus ဝန်ထမ်းများ၏ အားလပ်ရက်ဖြစ်သောကြောင့် ခရီးစဉ်များအားလုံးကို ဧပြီ ၁၃ ရက်နေ့(အကြိုနေ့)မှ ၁၆ ရက်နေ့(အတက်နေ့)အထိ ခေတ္တခဏရပ်နားထားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက်နေ့(နှစ်ဆန်းတစ်ရက်နေ့)တွင် ခရီးသွားပြည်သူများ ကုသိုလ်ရေးကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် ပုံမှန်ခရီးစဉ်များထဲမှ ဆာပါချောင်-လမ်းသစ်၊ အင်းစိန်-ဗိုလ်တထောင်၊ ဗိုလ်တထောင်-အင်းစိန်ခရီးစဉ်များနှင့် အထူးခရီးစဉ်အဖြစ် နေဝင်ချိန်ကြည့်ခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပွင့်သစ္စာ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)စီးပွားရေးကျွန်းစိုက်ခင်းနှင့် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဧပြီ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဧပြီ ၇ ရက်တွင် မိုင်းဖြတ်မြို့နယ် နမ့်လုံတောင်ကြိုးပြင်ကာကွယ်တော အကွက်အမှတ်(၂၀)အတွင်း သစ်တောဦးစီးဌာနက စိုက်ပျိုးတည်ထောင်ဆောင်ရွက်လျက်ရှိသည့် ၁/၂၀၁၇ စီးပွားရေးကျွန်းစိုက်ခင်းဧက ၅၀၊ ၁/၂၀၁၈ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ တို့၏ ရှင်သန်အောင်မြင်မှု အခြေအနေနှင့် ၁/၂၀၁၉ စီးပွားရေးကျွန်းစိုက်ခင်းဧက ၅၀ ၏ စိုက်ခင်းအကြိုလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိုင်းဖြတ်မြို့နယ် နမ့်လုံတောင်ကြိုးပြင်ကာကွယ်တော အကွက်အမှတ် (၁၉)အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင် ဦးတင်မြင့်၏ ပုဂ္ဂလိကစီးပွားရေး (ကျွန်း)စိုက်ခင်း ဧက ၅၀၀ အား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါစိုက်ခင်းသည် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ (၃)နှစ် စိုက်ပျိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပျိုးပင်များ ပြုစုထားရှိရန် လိုအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာန၏ သစ်တောပျိုးဥယျာဉ်အား ကြည့်ရှုစစ်ဆေးပြီး ပျိုးဥယျာဉ်လုပ်ငန်းများကို အချိန်ဇယား ကိုက်ညီအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာသန်စွမ်းသည့် ပျိုးပင်များ ထုတ်လုပ်နိုင်မှသာ စိုက်ခင်းကောင်းတစ်ခု တည်ထောင်နိုင်မည်ဖြစ်ပါကြောင်း၊ လူထုဖြန့် ပျိုးပင်များကိုလည်း ဒေသနှင့်ကိုက်ညီသည့် ပျိုးပင်များ ပျိုးထောင်၍ စနစ်တကျ ဖြန့်ဝေဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ စိုက်ကွင်းတွင် စိုက်ပျိုးချိန်နှင့် ပျိုးပင်သယ်ယူချိန်တွင် ခံနိုင်ရည်ရှိအောင် ပျိုးပင်များကို ပြုစုထားရှိရန် လိုအပ်ကြောင်း မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် တာလေမြို့ မိုင်းကိုးကျေးရွာအုပ်စုအတွင်းရှိ မေဖလားဝါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ ရောက်ရှိပြီး ကုမ္ပဏီ၏ ခေတ်ခွဲစမ်းသပ်ခန်း၊ လုပ်ကွက်အတွင်း စမ်းသပ်လိုဏ်ခေါင်း တူးဖော်ခြင်းလုပ်ငန်း၊ ရွှေသတ္တုသန့်စင်ထုတ်လုပ်ရန် တည်ဆောက်လျက်ရှိသည့် စက်ရုံ၊ ဖော့လေလုံချောင်းတွင်း စွန့်ပစ်မြေစာများ ကျဆင်းမှုမရှိစေရန် ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ထားရှိမှုအခြေအနေများအား စစ်ဆေးကြည့်ရှုခဲ့ပြီး စွန့်ပစ်မြေစာများအား ချောင်းအတွင်း မကျရောက်စေရေး စနစ်တကျစွန့်ပစ်ရန်နှင့် စွန့်ပစ်မြေစာပုံပေါင်များတွင် ဇက်တီဗာမြက်များအား စနစ်တကျစိုက်ပျိုးရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့တွင် မဂ္ဂနီစ်ဒိုင်အောက်ဆိုက်များအား တင်ပို့ရောင်းချရန် ယာယီထားရှိသည့် စုပုံကွင်းသို့ ရောက်ရှိပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက ပြည်ပသို့ တင်ပို့ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်စက်မှုဇုန်အတွင်း မေဖလားဝါးသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် ရွှေထုတ်လုပ်သော Activated Carbon Processing Plant သို့ ရောက်ရှိပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ တင်သွင်းလျက်ရှိသည့် ကာဗွန်များအစား မြန်မာနိုင်ငံအတွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

**စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၈ ရက်နံနက်ပိုင်းတွင် တာချီလိတ်မြို့ရှိ တင်မြင့်ရီကုမ္ပဏီ၏ သစ်အချောထည်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တင်မြင့်ရီကုမ္ပဏီ သစ်အချောထည်စက်ရုံအနီးရှိ ရှမ်းပလောင်ကျေးရွာသို့ သွားရောက်၍ ကျေးရွာသူ/သားများနှင့် ရင်သွေးငယ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးသည်။ အဆိုပါ ရှမ်းပလောင်ကျေးရွာအား တင်မြင့်ရီကုမ္ပဏီက လွန်ခဲ့သည့် ၈ နှစ်ခန့်ကတည်းက ကူညီထောက်ပံ့ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့နယ် သစ်တောဦးစီးဌာန အစည်းအဝေးခန်းမတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ရုံးအဆောက်အဦ တည်ဆောက်နေမှု၊ ဝန်ထမ်းအိမ်ရာဝင်းများအား ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရန် မြေနေရာတို့ကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဧပြီ ၉**

၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ညောင်ဦးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)မှ ကျောင်းသား ကျောင်းသူများက လူတိုင်းအတွက် ပညာရေးသီချင်းကို သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

**အကောင်အထည်ဖော် ဆောင်ရွက်**

ထို့နောက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီနာယက၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နွေရာသီကာလ တက္ကသိုလ်ကျောင်းပိတ်ချိန်တွင် အနားမယူဘဲ မွန်မြတ်သည့် စေတနာဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပညာဒါနလုပ်အားပေးကြမည့် ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများအား အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ငါးသန်းကျော်သည် မြန်မာစာအရေး၊ အဖတ်၊ အတွက် တတ်မြောက်မှု မရှိသေးပါကြောင်း၊ လူတိုင်းဘဝသာယာရေးအတွက် ဝင်ငွေစီးပွားရေးကောင်းမွန်ဖို့ အရေးကြီးပါကြောင်း၊ ဝင်ငွေစီးပွားရေး ကောင်းမွန်ဖို့အတွက် အခြေခံအရေး၊ အဖတ်၊ အတွက် တတ်မြောက်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အခြေခံစာမတတ်မြောက်ခဲ့သူများ စာတတ်မြောက်ရေးအတွက် ယခင်က နွေရာသီကာလများတွင်သာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဧပြီလမှစတင်၍ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ဖြစ်သည့် ဧပြီ၊ မေနှင့် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ကြားကာလများတွင် ဒေသခံစေတနာရှင်လုပ်အားပေးလူငယ်မောင်မယ်များဖြင့် တစ်နှစ်ပတ်လုံး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ယနေ့မှစ၍ ရက်ပေါင်း လေးဆယ်အတွင်း ညောင်ဦးခရိုင်တွင် စာသင်ဝိုင်းပေါင်း ၁၀၆ ဝိုင်းမှ စာသင်သား ၁၀၃၃ ဦးအား မန္တလေးတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်တို့မှ စေတနာရှင်လုပ်အားပေး ကျောင်းသားကျောင်းသူ ၂၂၃ ဦးတို့က အခြေခံစာတတ်မြောက်ရေးအတွက် သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ စာတတ်မြောက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

**စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်**

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စီမံ/ဘဏ္ဍာဝန်ကြီး ဦးမြတ်သူက အမှာစကားပြောကြားကာ စေတနာရှင်လုပ်အားပေး ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ် ဆရာ ဆရာမများနှင့် အမှတ်တရစုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း (မြို့မ)ကျောင်းသား ကျောင်းသူလေးများက ပုဂံအကဖြင့် သရုပ်ဖော်တင်ဆက်ဖျော်ဖြေကြသည်။

ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ထွန်းက ဖွင့်ပွဲတွင် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် စာတတ်မြောက်ရေးလှုပ်ရှားမှု Video Clip ပြသပြီး ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက နိဂုံးချုပ်ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူနှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ဗိုလ်တထောင် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင် ပြည်သူနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ဒသမအကြိမ် ပြည်သူ့စကားဝိုင်းကို ဧပြီ ၉ ရက် နံနက်ပိုင်းတွင် သူနာပြုသင်တန်းကျောင်း ရန်ကုန်(အရှေ့ပိုင်း)၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး၊ ရန်ကုန်အရှေ့ပိုင်းအထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာခင်စိုးမိုးဝင်း၊ သင်တန်းကျောင်းစီမံဉက္ကဋ္ဌ၊ ရန်ကုန်အရှေ့ပိုင်းသူနာပြုသင်တန်းကျောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးကျောင်းအုပ်ကြီး ဒေါ်ခင်သန်းလဲ့၊ YMCA အထွေထွေအတွင်းရေးမှူး ဒေါက်တာသာဥာဏ်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီများရှင် မြင့်မြင့်ခိုင်၊ ကလေးသူငယ်များ လူကုန်ကူးမှုတားဆီးရေး အထူးသံတမန် ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေတို့က ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာများကို ဆွေးနွေးကြသည်။

**သိန်းသိန်း(ဗိုလ်တထောင်)**



## သီတဂူဆရာတော် ဗန်းမော်မြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ကြည့်ရှုအားပေး

**ဗန်းမော် မေ ၉**
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာရှင်ဉာဏိဿရသည် ယနေ့ နံနက်ပိုင်းတွင် ဗန်းမော်မြို့ရှိ သီတဂူစက္ခုဒါနဆေးရုံသို့သွားရောက်၍ မျက်စိဝေဒနာရှင်များကို အားပေးကြည့်ရှုတော်မူကြောင်း သိရသည်။

သီတဂူဆရာတော်သည် သီတဂူစက္ခုဒါနဆေးရုံဖွင့်ပွဲ အကြိုအဖြစ် ငါးရက် ကြိုတင်၍ မျက်စိဝေဒနာရှင်များကို ကြည့်ရှုရာ စမ်းသပ်မျက်စိဝေဒနာရှင် ၁၉၃၁ ဦးနှင့် ခွဲစိတ်မျက်စိဝေဒနာရှင် ၂၅၇ ဦးတို့ကို စက္ခုဒါန အလင်းကုသိုလ်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါစက္ခုဒါနဆေးရုံကို မေ ၁၀ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

**ဓာတ်ပုံ-သီတဂူကျော်ဆန်းဝင်း**

## သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေးအတွက် အလှူငွေများ လှူဒါန်းနိုင်

**နေပြည်တော် မေ ၉**
မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ် ဇွန် ၁၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းထန်စွာ တိုက်ခတ်မှုများကြောင့် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် တောင်ရိုးတန်းရှိ အထင်ကရသမိုင်းဝင်စေတီတော်တစ်ဆူဖြစ်သည့် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ကုန်းတော်၊ မြေထိန်းနံရံများနှင့် သာသနိကအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ရသည်။

အဆိုပါ ပျက်စီးခဲ့မှုများကို အမြန်ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာငွေရှာဖွေရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ပထမအဆင့်အနေဖြင့် ကုန်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ကုန်းမြေတွင် Drilling လုပ်ခြင်း၊ Anchor Installation လုပ်ငန်းနှင့် Grouting လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား စေတီတော်မြတ်ကြီး ပြန်လည်တည်ဆောက်ရေးကော်မတီနှင့် Right Tunnelling Myanmar ကုမ္ပဏီတို့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် လုပ်ငန်းသဘောတူစာချုပ်ကို ချုပ်ဆိုဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ကုန်းတော် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မော်လမြိုင်မြို့ ကမ္ဘောဇဘဏ်ခွဲ(၁)၌ KBZ Bank Account No.(02230202202309302) ဖြင့် ရန်ပုံငွေဖွင့်လှစ်ထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အလှူငွေများ ထပ်မံလိုအပ်လျက်ရှိသဖြင့် အနယ်နယ်အရပ်ရပ်ရှိ စေတနာရှင်များ၊ အဖွဲ့အစည်းများအနေဖြင့် အဆိုပါ KBZ Bank Account သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခြင်းဖြင့်လည်းကောင်း၊ ဦးမြင့်သန်းဝင်း (ညွှန်ကြားရေးမှူး) ၀၉-၅၁၈၆၅၃၆၊ ဦးစိုးမြင့် (ညွှန်ကြားရေးမှူး) ၀၉-၅၃၁၂၅၈၉၊ ဦးမြင့်အောင် (ညွှန်ကြားရေးမှူး) ၀၉-၅၃၂၂၅၈၂ နှင့် ဦးကျော်ဇင်ဦး (ညွှန်ကြားရေးမှူး) ၀၉-၄၄၀၆၃၉၆၁၁ တို့သို့ဆက်သွယ်လှူဒါန်းခြင်းဖြင့်လည်းကောင်း၊ အလှူခံဌာနများဖြစ်သည့် ကျိုက်သလ္လံစေတီတော်ဂေါပကအဖွဲ့ရုံး ၀၅၇-၂၀၂၃၃၄ နှင့် မွန်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး ၀၅၇-၂၀၂၅၈၇၆၊ ၀၉-၂၅၅၇၂၂၃၅၁၊ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး ၀၅၇-၂၀၂၇၃၀၃၊ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ၀၅၇-၂၀၂၇၀၃၅ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်လူမော်**

## ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ပညာပေးပြကွက်များ ပြသထား

**ရန်ကုန် မေ ၉**
ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် အများပြည်သူ သိရှိလိုက်နာစေရန် ပညာပေးအစီအစဉ်တစ်ခုအနေဖြင့် ရန်ကုန်မြို့လယ် ဆူးလေဘုရားအနီး မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ပြကွက်ဆိုင်ခန်း သုံးခန်းဖြင့် စွန့်ပစ်ပလတ်စတစ် အမျိုးအစားလိုက်ခွဲခြားချိတ်ဆွဲ၍ အပန်းဖြေလာ ခရီးသွားပြည်သူများ ကြည့်ရှုလေ့လာနိုင်စေရန် ယခုရက်ပိုင်းတွင် ပြသထားသည်။

**ဆိုင်ခန်းသုံးခုဖြင့် ပညာပေးပြသ**

ပလတ်စတစ်အမှိုက်အိတ်များ စုစည်း၍ ပြခန်းတစ်ခု၊ ကော်ဖီမစ်အိတ်ပါ ပလတ်စတစ်အိတ်ငယ်များ သီတန်းထားသည့် ဆိုင်ခန်းတစ်ခု၊ ရေသန့်ပလတ်စတစ်ဘူးများ စုစည်းထားသည့် ဆိုင်ခန်းတစ်ခု စုစုပေါင်းဆိုင်ခန်းသုံးခုဖြင့် ပညာပေးပြသထားရာ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုလျက်ရှိကြသည်။

**ယနေ့ထိတိုင်တည်ရှိနေနိုင်**

ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ တစ်နေ့လျှင်တန် ၂၀၀ ခန့် မြန်မာနိုင်ငံအတွင်းရှိ မြစ်များအတွင်းသို့ ရောက်ရှိနေရာ ဧရာဝတီမြစ်အတွင်း၌ ၅၀ ရာခိုင်နှုန်းခန့် ရောက်ရှိနေကြောင်း၊ ရောက်ရှိနေသော ပလတ်စတစ်အမှိုက်များကြောင့် ရေနေသတ္တဝါများပင် သေကျေနေကြရကြောင်း၊ ရေလမ်းကြောင်းသွား စက်ရေယာဉ်များလည်း ပလတ်စတစ်အမှိုက်များကြောင့် ရေဒလက်ပန်ကာများ ချွတ်ယွင်းပျက်စီးဆုံးရှုံးခြင်းနှင့် ရင်ဆိုင်နေကြရသည်များလည်း ရှိကြောင်း၊ သာမန်မျက်စိနှင့် မမြင်နိုင်သော ပလတ်စတစ် အမှုန် လူတိုင်းလူတိုင်း နေ့စဉ်စားသုံးမိနေကြောင်း ကျန်းမာရေးသုတေသနပညာရှင်များက ဆိုသည်။ ပလတ်စတစ်လျှော့ချရေး စီစဉ်ဆောင်ရွက်နေသော တာဝန်ရှိသူတစ်ဦးက "ဒီလို ပညာပေးပြသထားတဲ့ ပလတ်စတစ်အိတ်စွန့်ပစ်မှုက အကြီးမားဆုံးပါပဲ။ ဒုတိယအကြီးမားဆုံးက ပလတ်စတစ် ရေသန့်ဘူးတွေပါ။ တစ်ခါသုံး ပလတ်စတစ် ရေသန့်သုံးစွဲမှုသက်တမ်းဟာ လွန်ခဲ့တဲ့ ၂၅ နှစ်ခန့်နဲ့ ယနေ့ခေတ် ပလတ်စတစ်သုံးစွဲမှုနဲ့ နှိုင်းယှဉ်ကြည့်ရင် ၁၀ ဆမက ပိုများလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ပလတ်စတစ်ကြောင့် သယံဇာတမြေဩဇာ ရေမြေသဘာဝပတ်ဝန်းကျင်အားလုံး ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရမှာဖြစ်လို့ ဒီပညာပေးအစီအစဉ်အရ ကျွန်တော်တို့အဖွဲ့အနေနဲ့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး နိုင်ငံတစ်ဝန်း ပညာပေးအခန်းကဏ္ဍများ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်"ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**



**ဓာတ်ပုံ-မျိုးကြီး**



## ပူတာအိုတွင် တာရှည်ခံဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

**ပူတာအို မေ ၉**
ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်နိုင်ဝင်း ဦးဆောင်၍ ငှက်ဖျားတိုက်ဖျက်ရေး စီမံချက်ဖြင့် ငှက်ဖျားတိုက်ဖျက်ရေးဌာန ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ပြည်သူများအား တာရှည်ခံဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေခြင်းကို ယခုလအတွင်း ကွင်းဆင်းဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေရာတွင် ခရိုင်ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများက ဆေးစိမ်ခြင်ထောင်၏ သက်တမ်းမှာ လေးနှစ်ဖြစ်ကြောင်း၊ သုံးလလျှင်တစ်ကြိမ် လျှော်ဖွပ်ရမည်ဖြစ်ကြောင်း၊ လျှော်ဖွပ်ထားသော ဆေးစိမ်ခြင်ထောင်များကို နေရိပ်ထဲတွင် အခြောက်လှန်းရမည်ဖြစ်ကြောင်း၊ မလျှော်ဘဲထားလျှင် မီးခိုးမှိုင်းနှင့် ဖုန်များကပ်လျှင် ဆေးအာနိသင် လျော့လာမည်ဖြစ်ကြောင်း၊ ဆေးစိမ်ခြင်ထောင်အသုံးပြုပုံများနှင့် ဆေးစိမ်ခြင်ထောင်အား စနစ်တကျ အသုံးပြုသုံးစွဲသွားရန် အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ ဆေးစိမ်ခြင်ထောင်များကို ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁၃ ရွာ၊ အိမ်ထောင်စုပေါင်း ၉၉၃၀၊ ဆေးစိမ်ခြင်ထောင်အလုံးရေ ၂၉၂၆၄ လုံးနှင့် မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်၊ အိမ်ထောင်စုပေါင်း ၁၂၁၃၊ ဆေးစိမ်ခြင်ထောင်အလုံးရေ ၄၂၇၃ လုံးတို့ကို လူနှစ်ဦးလျှင် ဆေးစိမ်ခြင်ထောင် တစ်လုံးနှုန်းဖြင့် ဖြန့်ဝေပေးနေခြင်းဖြစ်ပြီး ဆေးစိမ်ခြင်ထောင်များကို ပူတာအိုမြို့နယ်အပြင် ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များတွင်လည်း ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် ငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများ ကျင်းပမည်



**ရန်ကုန် ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များနှင့် ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ ဒေသစာရီ ကြွချီအပူဇော်ခံမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီး ၁၈ မြို့တွင် ငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျင်းပမည်**

ဓမ္မသဘင်ပွဲများတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက ငြိမ်းချမ်းရေးတရားတော်များ ဟောကြား ချီးမြှင့်သွားမည်ဖြစ်ပြီး ဓမ္မသဘင်ပွဲများကို ဧပြီ ၁၉ ရက်တွင် ကျိုက်ထီးရိုး၊ ဧပြီ ၂၀ ရက်တွင် မော်လမြိုင်မြို့၊ ဧပြီ ၂၁ ရက်တွင် ထားဝယ်မြို့၊ ဧပြီ ၂၂ ရက်တွင် ဘားအံမြို့၊ ဧပြီ ၂၃ ရက်တွင် သထုံမြို့၊ ဧပြီ ၂၄ ရက်တွင် ပဲခူးမြို့၊ ဧပြီ ၂၅ ရက်တွင် ပုသိမ်မြို့၊ ဧပြီ ၂၆ ရက်တွင် ဟင်္သာတမြို့၊ ဧပြီ ၂၇ ရက်တွင် ပြည်မြို့၊ ဧပြီ ၂၈ ရက်တွင် မကွေးမြို့၊ ဧပြီ ၂၉ ရက်တွင် ပုဂံမြို့၊ မေ ၁ ရက်တွင် မုံရွာမြို့၊ မေ ၃ ရက်တွင် မန္တလေးမြို့၊ မေ ၇ ရက်တွင် ကျောက်ဆည်မြို့၊ မေ ၈ ရက်တွင် သဲတောဝမ်းတွင်းမြို့၊ မေ ၉ ရက်တွင် တောင်ကြီးမြို့၊ မေ ၁၀ ရက်တွင် လွိုင်ကော်မြို့နှင့် မေ ၁၁ ရက်တွင် တောင်ငူမြို့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

"ရန်ကုန်မြို့ကနေ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ကို လာမယ့် ဧပြီ ၁၉ ရက်နေ့မှာ ဆက်လက်ပင့်ဆောင်အပူဇော်ခံမှာဖြစ်ပါတယ်။ အဲဒီကနေ မော်လမြိုင်၊ ထားဝယ်အစရှိတဲ့ မြို့ပေါင်း ၂၀ နီးပါးကိုလည်း ဆက်လက်ပင့်ဆောင်အပူဇော်ခံမှာ ဖြစ်ပါတယ်။ ပင့်ဆောင်အပူဇော်ခံထားရှိမယ့် မြို့တိုင်းမှာ ညစဉ်ညတိုင်း ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက တရားရေအေးအမြိုက်ဆေး တိုက်ကျွေးသွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ပြောသည်။

**ပင့်ဆောင်ပူဇော်ခံမည်**

ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော်အမြင့် ခြောက်ပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူနှင့် ဉာဏ်တော်အမြင့် သုံးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့အား မတ် ၃၁ ရက်တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်၍ ရွှေတိဂုံစေတီတော်မြတ်ကြီး အနောက်ဘက်မုခ် ယာယီစံကျောင်းတွင် ပူဇော်ခံထားလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဉာဏ်တော်အမြင့် သုံးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်အား အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီးတန်ဆောင်းသို့ ပင့်ဆောင်ပူဇော်ခံလျက်ရှိသည်။ ထာဝရငြိမ်းချမ်းရေးစေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံ အဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား ကမ္ဘာအေးစေတီတော် အရှေ့ဘက်မုခ်မှ ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ချမ်းသာကြီး တန်ဆောင်းသို့ ပင့်ဆောင်အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **ဟန်လင်းနိုင်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇော်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ အိမ်အမှတ်(A-3)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၈-၄-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]၏ အလံပုံစံ**



**ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အပြည်ပြည်ဆိုင်ရာလေဆိပ် / ရေဆိပ်များနှင့် နယ်စပ်ဝင် / ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာနှစ် | | | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၂ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၃ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၄ | ဇန်နဝါရီ | ၆၁၁၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| ၅ | ဖေဖော်ဝါရီ | ၅၇၄၅၀ | ၁၈၅၈၀ | ၇၆၀၃၁ | ၁၀၀၁၄၅ | ၂၃၉၄၉ | ၁၂၄၀၉၄ |
| ၆ | မတ် | ၅၁၄၆၁ | ၂၅၆၅၀ | ၇၇၁၁၁ | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ |
| | စုစုပေါင်း | ၃၄၃၇၇၈ | ၁၂၇၄၁၆ | ၄၇၁၁၉၄ | ၅၀၁၈၂၁ | ၁၂၈၃၅၆ | ၆၃၀၁၇၇ |

## သထုံခရိုင်တွင် သင်္ကြန်ပွဲတော်ကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးပိုစတာများစိုက်ထူ

**သထုံ ဧပြီ ၉**

သထုံမြို့စခန်းမှူး ဒုရဲမှူးဇော်မင်းထွန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဧပြီ ၉ ရက် နံနက်ပိုင်းက သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများအန္တရာယ်ကင်းရှင်းစွာ ရေပက်ကစားနိုင်ရေး၊ မူခင်းမဖြစ်ပွားစေရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်ပညာပေး ပိုစတာများကို ရွှေစာရံဘုရားရှေ့ ရေကစားမဏ္ဍပ်အနီးတို့တွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင် / ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင် / ထွက်ပေါက်များ | ၂၀၁၈ ခုနှစ် မတ်လ | | ၂၀၁၉ ခုနှစ် မတ်လ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ် / ရေဆိပ် | ၃၉၂၃၂ | ၁၉၈၇၁ | ၅၈၇၇၂ | ၁၆၅၄၁ | |
| ၂ | မန္တလေးလေဆိပ် | ၇၄၇၆ | ၄၇၀၄ | ၂၅၀၅၈ | ၄၃၉၄ | |
| ၃ | နေပြည်တော်လေဆိပ် | ၄၈ | ၃၁၈ | ၁၆၆၅ | ၃၈၇ | |
| ၄ | မြိတ်လေဆိပ် | ၁၁၆ | ၁၄ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၅၃၇ | ၁၉၇ | ၇၅၄၇ | ၁၆၁ | |
| ၆ | မြဝတီ | ၁၄၉၆ | ၄၁၄ | ၁၅၉၈ | ၂၁၀၀ | |
| ၇ | ကော့သောင်း | ၂၄၁၃ | ၁၁၁ | ၉၃၅ | ၇၁ | |
| ၈ | ထီးခီး | ၅၆ | ၂၁ | ၆၆ | ၂၀ | |
| ၉ | တမူး | ၈၇ | ၀ | ၂၃၈ | ၁၈ | |
| ၁၀ | ရိခေါဒါရ် | ၀ | ၀ | ၅၃ | ၁ | |
| | စုစုပေါင်း | ၅၁၄၆၁ | ၂၅၆၅၀ | ၉၅၉၃၂ | ၂၃၆၉၃ | |

## သတိပေးနှိုးဆော်ချက်

၁။ ၂၀၁၉ ခုနှစ်မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်အား ၁၃-၄-၂၀၁၉ ရက်နေ့မှ ၁၆-၄-၂၀၁၉ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါသင်္ကြန်ကာလအတွင်း အောက်ဖော်ပြပါ နေရာများ၌ နံနက် (၀၆း၀၀)မှ ညနေ (၁၈း၀၀) နာရီအထိ လမ်းပိတ် / လွှဲနှင့် တစ်လမ်းမောင်းလမ်းအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) အင်းလျားလမ်းအား တက္ကသိုလ်ရိပ်သာလမ်းမှ ပြည်လမ်းအထိ လည်းကောင်း၊

(ခ) မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဘက်မှ ဆူးလေဘုရားလမ်းဘက်သို့အဝင် တစ်လမ်းမောင်းအဖြစ်လည်းကောင်း၊

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း၊

(ဃ) မဟာဗန္ဓုလပန်းခြံလမ်းအား မဟာဗန္ဓုလလမ်းမှ ဘဏ်ရိပ်သာလမ်းအထိလည်းကောင်း၊ လမ်းပိတ် / လွှဲကျင်းပ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် အခြားသင့်တော်သည့်လမ်းများမှ မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ကြေးမုံ
ဧပြီ ၁၀၊ ၂၀၁၉

# အစ္စရေးနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပ

**ဂျေရုဆလင် ဧပြီ ၉**

အစ္စရေးနိုင်ငံတွင် ပြိုင်ဆိုင်မှုပြင်းထန်သည့် အထွေထွေရွေးကောက်ပွဲကို ဧပြီ ၉ ရက်တွင် စတင်ကျင်းပလျက်ရှိရာ အစ္စရေးလူမျိုး မဲဆန္ဒရှင်များက မဲရုံများသို့ သွားရောက်ကာ မဲပေးမှုများ ပြုလုပ်လျက်ရှိကြသည်။ မဲရုံများကို ဧပြီ ၉ ရက် နံနက် ၇ နာရီတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိအစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ လက်ယာစွန်းလီကွတ်ပါတီက ဘန်နီဂန့်စ်၏ ဗဟိုဝါဒီ အပြာနှင့် အဖြူပါတီနှင့် လွှတ်တော်အတွင်း အမတ်နေရာအများစု ရရှိရေးအတွက် ယှဉ်ပြိုင်နေကြသည်။

ဂိုလန်ကုန်းမြင့်ဒေသအား အစ္စရေးနိုင်ငံ အချုပ်အခြာပိုင်နက် နယ်မြေအဖြစ် အမေရိကန်ပြည်ထောင်စုက အသိအမှတ်ပြုခဲ့ခြင်းကို ၎င်း၏ သံတမန်ရေးဆိုင်ရာ အောင်မြင်မှုအဖြစ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အမွှမ်းတင်သည်။ ထို့အတူ ၎င်း၏ စွမ်းဆောင်မှုဖြင့် အမေရိကန်သံရုံးအား ဂျေရုဆလင် ပြောင်းရွှေ့မှုကိုလည်း ၎င်းက ရလဒ်အဖြစ် ပြောဆိုခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအား အကျင့်ပျက်ခြစားမှုများဖြင့် စွပ်စွဲခံရမှုများကို အသုံးချကာ အစ္စရေးမဲဆန္ဒရှင်များ၏ ထောက်ခံမှုရရန် ဂန့်စ်က ကြိုးပမ်းနေသည်။

အစ္စရေးအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးကြသည့် မဲရုံများကို ဧပြီ ၉ ရက် ည ၁၀ နာရီတွင် ပိတ်သိမ်းမည်ဖြစ်ပြီး ဧပြီ ၁၀ ရက် နံနက်အစောပိုင်းတွင် ကနဦးမဲရလဒ်များ ထွက်ပေါ်လာမည်ဟု မျှော်လင့်ရကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။ **အင်န်အိတ်ချ်ကေ**



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု ဆန္ဒမဲထည့်နေစဉ်။



ဗဟိုဝါဒီ အပြာနှင့် အဖြူ ပါတီခေါင်းဆောင် ဘန်နီဂန့်စ် ဆန္ဒမဲ ထည့်နေစဉ်။



# အယ်လ်ဂျီးရီးယားလွှတ်တော်က ဘင်ဆာလာအား ကြားဖြတ်သမ္မတအဖြစ် ခန့်အပ်

**အယ်လ်ဂျီးယား့စ် ဧပြီ ၉**

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အယ်လ်ဂျီးရီးယားသမ္မတ အဗ္ဗဒယ်လာဇစ် ဘောက်တီဖလီကာ ရာထူးမှ နုတ်ထွက် သွားပြီးနောက် အယ်လ်ဂျီးရီးယားလွှတ်တော်က ဧပြီ ၉ ရက်တွင် အဗ္ဗဒဲလ်ကာဒါ ဘင်ဆာလာအား ကြားဖြတ် သမ္မတအဖြစ် ခန့်အပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အယ်လ်ဂျီးရီးယားနိုင်ငံတွင် လစ်လပ်နေသည့် သမ္မတ ရာထူးနေရာအတွက် အမတ်ဦးရေ ၄၈၇ ဦးရှိသည့် လွှတ်တော်မှ အမတ် ၄၅၃ ဦးတို့က မဲပေးရွေးချယ်ခဲ့ကြောင်း၊ အမျိုးသားကောင်စီဥက္ကဋ္ဌ ဘင်ဆာလာအား သက်တမ်းသုံးလရှိသည့် ကြားဖြတ်သမ္မတအဖြစ် ခန့်အပ်ခဲ့ပြီး ယင်းရာထူးသက်တမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသစ်ရွေးချယ်ခြင်း မတိုင်မီ ကာလဖြစ်ကြောင်း အယ်လ်ဂျီးရီးယားအစိုးရပိုင် အီးအန်တီဗွီ ရုပ်မြင်သံကြား သတင်းတွင် ဖော်ပြသည်။

ဘင်ဆာလာအား ကြားဖြတ်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းကို အယ်လ်ဂျီးရီးယားအထက်နှင့် အောက်လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေး၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့လုပ်ဆောင်မှုကို အတိုက်အခံနှင့် တစ်သီး ပုဂ္ဂလအမတ်များက သပိတ်မှောက်ခဲ့ကြသည်။

**ဆင်ဟွာ**

# ကမ္ဘာ့အကြမ်းဖက်ဝါဒ၏ အဓိကခေါင်းဆောင်မှာ အမေရိကန်ပြည်ထောင်စုဖြစ်ကြောင်း အီရန်သမ္မတ ပြောကြား

**တီဟီရန် ဧပြီ ၉**

ကမ္ဘာ့အကြမ်းဖက်ဝါဒ၏ ခေါင်းဆောင်အစစ်မှာ အမေရိကန်ပြည်ထောင်စုဖြစ်ကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ပြောကြားသည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် ၎င်းက သတ်မှတ်ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဧပြီ ၈ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် အီရန်နိုင်ငံအား ကာကွယ်စောင့်ရှောက်သူများဖြစ်ကြောင်း အီရန်သမ္မတ ရိုဟာနီက ဧပြီ ၉ ရက်တွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။ အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့သည် အီရတ်နှင့် ဆီးရီးယားရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့အား တိုက်ခိုက်ခဲ့ကြောင်းနှင့် အကြမ်းဖက်ဝါဒအားဆန့်ကျင်တိုက်ခိုက်မှုများ၌ ပါဝင်လုပ်ဆောင်ခဲ့ကြောင်း အီရန်သမ္မတက အလေးထားပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုအား အကြမ်းဖက်ဝါဒခေါင်းဆောင်ဟု ပြောကြားရခြင်းကို သမ္မတ ရိုဟာနီက ၁၉၈၈ ခုနှစ်အတွင်းက အမေရိကန်ရေတပ်သင်္ဘောတစ်စင်းက အီရန်ကုန်သွယ်လေကြောင်း လေယာဉ်တစ်စင်းကို ဒုံးကျည်ဖြင့် ပစ်ချခဲ့ခြင်းကို သက်သေထူခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံများကို တိုက်ခိုက်ရန်အတွက် အမေရိကန်ပြည်ထောင်စုက အကြမ်းဖက်အုပ်စုများကို လက်နက်ကိရိယာများအဖြစ် အသုံးပြုခဲ့ကြောင်း အီရန်သမ္မတက စွပ်စွဲပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ အဆင့်အမြင့်ဆုံး အမျိုးသားလုံခြုံရေးကောင်စီက အမေရိကန်သမ္မတ ထရန့်၏ ကြေညာချက်ကို လက်တုံ့ပြန်လုပ်ဆောင်မှုအဖြစ် ထုတ်ပြန်မှုပြုလုပ်ရာတွင် အမေရိကန် အလယ်ပိုင်းစစ်ဌာနချုပ်ကို အကြမ်းဖက်သမားများအဖွဲ့အစည်းဟု နာမည်ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လစ်ဗျားတွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများ ချက်ချင်းရပ်တန့်ရန် ကုလအတွင်းရေးမှူးချုပ် တောင်းဆို

**ကုလသမဂ္ဂ ဧပြီ ၉**

လစ်ဗျားနိုင်ငံတွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများအား ချက်ချင်းရပ်တန့်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နျူ ဂူတဲရက်စ်က ဧပြီ ၈ ရက်တွင် တောင်းဆိုခဲ့သည်။ လစ်ဗျားအရှေ့ပိုင်းတပ်ဖွဲ့ခေါင်းဆောင် သဘောထားတင်းမာသည့် ကာလီဖာဟက်ဖ်တာ၏ တပ်ဖွဲ့များက လစ်ဗျားနိုင်ငံတွင် တစ်ခုတည်းသော လုပ်ငန်းဆောင်ရွက်နေသည့် ထရီပိုလီမြို့ရှိ လေဆိပ်အား လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့ပြီးနောက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်ခိုက်မှုများ ချက်ချင်းရပ်ဆိုင်းရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဟက်ဖ်တာ၏တပ်ဖွဲ့များက လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက လျှပ်တစ်ပြက် တိုက်ခိုက်မှုများ စတင်ပြုလုပ်ကတည်းက လူဒါဇင်နှင့်ချီ သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။ မြို့တော်ထရီပိုလီတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူထောင်ပေါင်းများစွာတို့မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။



အခြေအနေတင်းမာမှုများ လျော့ပါးစေရန် ပဋိပက္ခဖြစ်မှုအားလုံးကို ကာကွယ်တားဆီးရန်အတွက် စစ်ရေးအရ တိုက်ခိုက်နေမှုများကို ချက်ချင်းရပ်တန့်ကြရန် တိုက်တွန်းကြောင်း ဧပြီ ၈ ရက်တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီမြို့ဝန်းကျင်တွင် စစ်ရေးတင်းမာမှုများနှင့် တိုက်ခိုက်မှုများ ဖြစ်ပွားနေခြင်းအပါအဝင် မြို့တော် ထရီပိုလီရှိ မီတီဂါလေဆိပ်အား လစ်ဗျား အမျိုးသားတပ်မတော် (အယ်လ်အင်န်အေ)က လေကြောင်းမှ တိုက်ခိုက်ခြင်းကို ပြင်းထန်စွာ ရှုတ်ချပြီး တိုက်ခိုက်မှုများ ချက်ချင်းရပ်စဲရန် တိုက်တွန်းကြောင်း ကုလအတွင်းရေးမှူးချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

အာဖရိကတိုက် မြောက်ပိုင်းဒေသမှ ရေနံကြွယ်ဝသည့် လစ်ဗျားနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်းက မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ ထောက်ခံမှုဖြင့် အာဏာရှင်မွမ်မာကဒါဖီအား ရာထူးမှ ဖယ်ရှားပြီးကတည်းက တပ်မတော်တစ်ရပ်အတွင်းရှိ လက်နက်ကိုင်အုပ်စုနှစ်ခုအကြား အာဏာကို ချုပ်ကိုင်နိုင်ရေးအတွက် အကြမ်းဖက်မှုများဖြင့် အင်အားပြိုင်လျက်ရှိကြသည်။

ကုလသမဂ္ဂက ထောက်ခံမှုပေးထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ (ဂျီအင်န်အေ)က မြို့တော်ထရီပိုလီကို ထိန်းချုပ်ထားသော်လည်း အဆိုပါအစိုးရ၏ အာဏာပိုင်မှုကို လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ ဟက်ဖ်တာ၏ ထောက်ခံမှုကို ရရှိထားသည့် စင်ပြိုင်အုပ်ချုပ်ရေးအဖွဲ့က အသိအမှတ်ပြုခြင်းမရှိပေ။

ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အမေရိကန်ပြည်ထောင်စုတို့ အပါအဝင် နိုင်ငံတကာမှ မြို့တော်ထရီပိုလီသို့ ချီတက်မှုကို ရပ်တန့်ရန် တောင်းဆိုမှုကို သဘောထားတင်းမာသည့် လစ်ဗျားအရှေ့ပိုင်းတပ်ဖွဲ့ခေါင်းဆောင် ခါလီဖာဟက်ဖ်တာက အာခံခဲ့သည်။

**အေအက်ဖ်ပီ**

# (၁၁) ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲအတွက် မြန်မာပြေးခုန်ပစ်ကစားသမားများ လေ့ကျင့်ပြင်ဆင်

**ရန်ကုန် မေ ၉**

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲတွင် မြန်မာကျောင်းသားအားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားနည်းအလိုက် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်၍ အား/ကာသိပ္ပံ (ရန်ကုန်)မှ ပြေးခုန်ပစ်ကစားသမားများဖြစ်သည့် ထက်အောင် (တန်းမြင့်ခုန်) နှင့် သွယ်သွယ်မိုး (ကြိုးတပ်သံလုံးပစ်) တို့ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် အားကစားသမားများကို ပြိုင်ပွဲနီးမှ ရွေးချယ်မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်**









**◯ မြန်မာအမျိုးသမီးမှ**

မြန်မာအမျိုးသမီးအသင်းသည် အမာခံကစားသမားများဖြစ်သည့် ခင်မာလာထွန်း၊ ရီရီဦး၊ ခင်မိုးဝေ၊ ဝင်းသိင်္ဂီထွန်း၊ ခင်မိုမိုထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ အိန္ဒိယအသင်းမှာလည်း အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး မြန်မာအသင်းကို ပွဲစကတည်းက ဖိအားပေးတိုက်စစ်ဆင်ခဲ့သည်။ ကိုးမိနစ်တွင် အိန္ဒိယအသင်း ဂိုးစရခဲ့ပြီး တိုက်စစ်တွဲလုံးမှတစ်ဆင့် ဆန်ဟီရာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် မြန်မာအသင်း တိုက်စစ်အားမြှင့်လာကာ ပွဲအစတွင် ကစားပုံပျက်နေပြီး ချေပဂိုးရပြီးမှသာ ကစားပုံပြန်တည်ငြိမ်သွားခြင်းဖြစ်သည်။ မြန်မာအသင်းတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ၁၇ မိနစ်တွင် ချေပဂိုးပြန်သွင်းခဲ့ပြီး ၂၂ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ချေပဂိုးမှာ ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်ပြီး ဒုတိယဂိုးမှာမူ ခင်မိုးဝေ သွင်းယူသည့် ပင်နယ်တီကို အိန္ဒိယဂိုးသမား ကာကွယ်ရာမှ ပြန်လျှံထွက်လာသောဘောလုံးကို ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ အိန္ဒိယအသင်းသည် ဂိုးပြန်ပေးလိုက်ရသော်လည်း ချေပဂိုးရရန် ပြန်အားထည့်လာရာ ၃၁ မိနစ်တွင် ဆန်ဂျူက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင်လည်း အိန္ဒိယအသင်းက ဂိုးထပ်ရရန် ကြိုးစားခဲ့ရာ ၆၄ မိနစ်တွင် ဒီဗီက တတိယဂိုးထပ်သွင်းယူခဲ့သည်။ မိနစ် ၆၀ ကျော်မှ ဂိုးထပ်ပေးလိုက်ရသောကြောင့် အိမ်ရှင်မြန်မာအသင်းအတွက် လက်ကျန်မိနစ်များမှာ အရေးပါလာခဲ့ပြီး ချေပဂိုးပြန်ရရန် အားထည့်ကစားခဲ့သည်။ ၇၃ မိနစ်တွင် မြန်မာအသင်း ဂိုးပြန်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ဗထူးကွင်း၌ ကစားသည့်ပွဲတွင် နီပေါအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (က) ပွဲစဉ်များအပြီးတွင် မြန်မာနှင့် အိန္ဒိယအသင်းက ခုနစ်မှတ်စီ၊ နီပေါအသင်းက သုံးမှတ်ရပြီး အင်ဒိုနီးရှားအသင်းမှာ သုံးပွဲစလုံးရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အိန္ဒိယနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက်အသာကြောင့် အုပ်စုပထမရကာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခဲ့သည်။ တတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ဧရာဝတီဘဏ်မှ ဂုဏ်ပြုဆုကြေးငွေကျပ်သိန်း ၂၀၀ ချီးမြှင့်ခဲ့ပြီး ယင်းဆုကြေးငွေကို ဧရာဝတီဘဏ် အထက်မြန်မာပြည်တာဝန်ခံ Deputy Director ဦးဇော်မျိုးဝေက လာရောက်ချီးမြှင့်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# အင်္ဂလန်အသင်းတွေနဲ့ ထိပ်တိုက်တွေ့ချိန်မှာ မယုံနိုင်အောင်စံချိန်တင်ဂိုးသွင်းခဲ့တဲ့ လီယွန်နယ်မက်ဆီ

**ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ သမိုင်းတစ်လျှောက်ကိုပြန်ကြည့်မယ်ဆိုရင် အင်္ဂလန်အသင်းတွေနဲ့ လာလီဂါအသင်းတွေတွေ့ဆုံချိန်မှာ ဘာစီလိုနာအသင်းရဲ့ ဘောလုံးမှော်ပညာရှင်လို့ တင်စားလောက်တဲ့ တိုက်စစ်မှူးမက်ဆီလောက် ဂိုးအများအပြားသွင်းယူထားနိုင်ခဲ့တဲ့ လာလီဂါကစားသမားမရှိသေးဘူးလို့ပြောရမှာ ဖြစ်ပါတယ်။**



မေ ၁၁ ရက်မနက်ပိုင်းမှာလည်း တိုက်စစ်မှူးမက်ဆီဦးဆောင်လာမယ့် ဘာစီလိုနာအသင်းဟာ ပရီမီယာလိဂ်ထိပ်တန်းအသင်းတစ်သင်းဖြစ်တဲ့ မန်ယူအသင်းနဲ့ ချန်ပီယံလိဂ်ပွဲစဉ်ကစားရဦးမှာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းခေါင်းဆောင် မက်ဆီဟာ ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်ခြောက်ပွဲမှာလည်း သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် အခုနှစ်ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းအတွက် လာလီဂါဆုဖလားကိုရယူပေးနိုင်မယ့် အခွင့်အလမ်းတစ်ရပ်လည်း ရရှိနေပြီဖြစ်ပါတယ်။

မက်ဆီဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အင်္ဂလန်အသင်းတွေနဲ့ တွေ့ဆုံတိုင်းဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး အင်္ဂလန်အသင်းတွေနဲ့ တွေ့ဆုံမှုအားလုံးမှာ သွင်းဂိုးစုစုပေါင်း ၂၂ ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အင်္ဂလန်အသင်းတွေနဲ့ တွေ့ဆုံမှုတွေမှာ လာလီဂါကစားသမားတွေထဲမှာ မက်ဆီလို စံချိန်တင်ဂိုးသွင်းနိုင်ခဲ့တဲ့ကစားသမားမရှိခဲ့တာကို ပြောရမယ်ဆိုရင် မက်ဆီရဲ့ ကာလရှည်ပြိုင်ဘက်ဖြစ်ခဲ့တဲ့ တိုက်စစ်မှူးစီရိုနယ်လ်ဒိုပင် အင်္ဂလန်အသင်းတွေနဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ် ၁၇ ပွဲမှာ ၁၂ ဂိုးပဲသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

အမှတ်ရစရာတစ်ခုကိုပြောရမယ်ဆိုရင် နည်းပြဖာဂူဆန်လက်ထက် ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်တို့မှာ မန်ယူအသင်းနဲ့ ဘာစီလိုနာအသင်းတို့ဆုံတွေ့ချိန် မက်ဆီက နှစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွေ့ဆုံချိန်မှာတော့ ဆီမီးဖိုင်နယ်နှစ်ကျော့စလုံး ဂိုးပေါက်ပျောက်ခဲ့ရတာဖြစ်ပါတယ်။

မက်ဆီအတွက်တော့ အင်္ဂလန်အသင်းတွေထဲမှာ အာဆင်နယ်အသင်းကို အနှစ်သက်ဆုံးလို့ဆိုပါတယ်။ ဘာလို့လဲဆိုရင် မက်ဆီရဲ့ ကစားသမားဘဝတစ်လျှောက်မှာ အာဆင်နယ်အသင်းနဲ့ ခြောက်ကြိမ်ထိပ်တိုက်တွေ့ခဲ့တာဖြစ်ပြီး အဲဒီလိုတွေ့ဆုံချိန်မှာ သွင်းဂိုးကိုးဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

၂၀၁၀ ခုနှစ်က တွေ့ဆုံခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာဆိုရင် ဘာစီလိုနာအသင်းက အာဆင်နယ်အသင်းကို ခြောက်ဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး မက်ဆီအနေနဲ့ သွင်းဂိုးလေးဂိုးအထိသွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

မက်ဆီအနေနဲ့ အင်္ဂလန်အသင်းတွေထဲက နောက်ထပ်ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့တဲ့အသင်းကတော့ မန်စီးတီးအသင်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းနဲ့ မန်စီးတီးအသင်းတို့ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ထိပ်တိုက်တွေ့ခဲ့ပြီး ဘာစီလိုနာအသင်းက လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တဲ့ပွဲမှာ မက်ဆီက ဟက်ထရစ်သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မက်ဆီရဲ့ ပရီမီယာလိဂ်အသင်းတွေနဲ့ တွေ့ဆုံခဲ့တဲ့နောက်ဆုံးရှစ်ပွဲမှာတောင် ၁၂ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ခြေစွမ်းတွေကြောင့် မန်ယူအသင်းနည်းပြဆိုးရှားအတွက်တော့ စိုးရိမ်ဖွယ်ရာအချက်တစ်ချက်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

**ငွေကြယ်**

# သတိရလျက်ပါ နာလန္ဒာ

**မြင့်စိုး (နတလ)**

ကျွန်တော်တို့ စစ်တက္ကသိုလ် အမှတ်စဉ် (၂၂) မိသားစုဝင်များ၏ ဗုဒ္ဓဂယာဘုရားဖူး ဆယ့်တစ်ညအိပ် ဆယ့်နှစ်ရက်ခရီးစဉ်က မသွားခင်မှာသာ ပြင်လိုက်ကြဆင်လိုက်ကြ၊ ညှိနှိုင်းတိုင်ပင်ဆွေးနွေးလိုက်ကြနှင့် အချိန်များစွာယူခဲ့ကြရသော်ငြား တကယ်သွားပြီလည်းဆိုရော အချိန်တွေက အကုန်မြန်လိုက်ပါဘိ။ ဆင်လိုက်ကြဆို၍ သူတို့ကိုယ်တိုင် ဂယာဘုရားဖူး မလိုက်သော်လည်း လိုက်ပါသူမိသားစုများဝတ်ဆင်ရန် ယောဂီဝတ်စုံများကို မှာယူဆောင်ရွက်ပေးသော သူငယ်ချင်းဦးဇော်ဝင်းအောင်နှင့် ဇနီးဒေါ်ဦးဦးမြတို့အား ကျေးဇူးတင်ရပါသည်။ ခရီးစဉ်အတွင်း ကားသုံးစီးမှာ လိုက်ပါမည့်စာရင်းကအစ တည်းခိုနေထိုင်ရမည့်ရက်အလိုက်၊ ဘုန်းတော်ကြီးကျောင်းများအလိုက်၊ အခန်းနေရာချထားမှုများ အဆင်ပြေအောင် သေချာစေ့စေ့စပ်စပ် လျာထားဆောင်ရွက်ပေးကြသော ဦးဝင်းမြင့်၊ ဦးမျိုးဝင်းတို့ကိုလည်း ကျေးဇူးတင်ရပါသည်။ ရဟန်းသံဃာများနှင့် သီလရှင် ဆရာကြီးတစ်ပါးလည်း ပါနေသည်။ ဦးကောင်းစံဦး - ဒေါ်နီလာအေးတို့၏ သမီးကြီး မပွင့်ပြည့်စန္ဒီဦးကလည်း ဒုတိယနေ့မှစ၍ သီလရှင် သုံးရက် ဝတ်လိုက်သေးသည်။ အခန်းနေရာချရာတွင် အတတ်နိုင်ဆုံးမိသားစုအလိုက်လည်းဖြစ်ရမည်။ ခြေတစ်ဖက်စွန့်လွှတ်ထားသူ၊ ကျန်းမာရေးမကောင်းသူများအတွက် မြေညီထပ်၊ ပထမထပ်များကိုသာ စီစဉ်ထားရှိပေးပါသည်။ ကျောင်းတုန်းက လုပ်ခဲ့ရတဲ့ duty cadet တာဝန်က ခုထိမပြီးသေးဘူးကွဟု ကိုဝင်းမြင့်က ရယ်စရာပြောတတ်ပါသည်။ ဒီလိုစနစ်တကျ လုပ်တတ်တာတွေကြောင့်လည်း လေ့ကျင့်ရေးထူးချွန်ဆုရခဲ့တာဟု မှတ်ချက်ပြုရမလိုပင်။

သံဃာတော်များဆို၍ ဦးပဥ္စင်းဦးဇာဂရ၊ ဦးကောသလ္လတို့နှင့်အတူ တစ်ခန်းတည်း နေရာချထားပေးသော ကိုစိန်သောင်း (ဗလအမှတ် ၁၉၆၁) လည်း ဦးပဥ္စင်းနှစ်ပါးအတွက် ဝတ်ကြီးဝတ်ငယ် ဝေယျာဝစ္စတွေဆောင်ရွက်ပေးရင်း ကုသိုလ်တွေအတော်ရခဲ့သည်။ ထိုနည်းတူစွာ မိုင်းထိဒဏ်ရာကြောင့် ခြေဖျားပိုင်းများ ဖြတ်တောက်ထားရပြီး ဝှီးချဲနှင့် သွားလာနေရသူကိုဆန်နီအောင်အတွက် ကိုကျော်သိန်းက အကူရဲဘော်တာဝန်ကို ထမ်းဆောင်သွားခဲ့သည်။ အခြားသောသူငယ်ချင်းများကလည်း တတ်နိုင်သမျှ ဝိုင်းဝန်းကူညီကြပါသည်။ ခရီးစဉ်အတွင်း ထူးထူးခြားခြားလေးတစ်ခုလည်း ဖြစ်သွားသေး၏။

ဖေဖော်ဝါရီလ ၁၉ ရက်နေ့ခရီးစဉ်က ကုသိနာရုံမှ နာလန္ဒာသို့ ၁၉၆ မိုင် ခရီးရှည် ဖြစ်သည်။ ထိုနေ့ နံနက် ၁၀ နာရီကျော်ကျော်လောက်မှာ ကူဋာဂါရဝိဟာရဝေသာလီမြန်မာကျောင်းသို့ ရောက်ရှိဖူးမြော်ကန်တော့ကြလို့အပြီး ကိုဝင်းကိုကိုတစ်ယောက် အုတ်လှေကား အဆင်းခြေချော်လဲကျ၍ ဦးခေါင်းအနည်းငယ်ပေါက်သွားခဲ့ရသည်။ အတွင်းဒဏ်ရာ ရမည်စိုး၍ တည်းခိုရာ နာလန္ဒာတရုတ်ကျောင်းသို့အရောက် အနီးဆုံးဆေးခန်းသို့ပြေး၍ ပြပေးကြသည်။ အတူပါလာသော ဆရာဝန်များကလည်း ဂရုတစိုက်ကြည့်ရှုကုသပေးကြပါသည်။ သူငယ်ချင်းများက သူ့အတွက် မည်မျှစိတ်ပူပေးကြသလဲဆိုရပါမူ ဂယာသို့ ပြန်ရောက်သည့်နေ့မှာ ဒေါ်သဇင်မြင့်အောင်တို့အဖွဲ့နှင့် ညှိနှိုင်း၍ လေယာဉ်နေရာစီစဉ်ပြီး ရန်ကုန်သို့ တစ်ရက်စောကာ ပြန်လွှတ်ပေးခဲ့သည်။ ရန်ကုန်မှာစစ်ဆေးကြည့်ပြီးသောအခါ ကြီးကြီးမားမားထိခိုက်မှုမရှိကြောင်း သိရ၍ အားလုံးစိတ်အေးကြရသည်။ ဒါတွေကိုလည်း အမှတ်တရဖြစ်ခဲ့ရသည်ပေါ့။



> **တောင်ငါးလုံး ဝန်းရံပတ်လည်တည်ရှိနေသော၊ မင်းနေပြည်တော်ဖြစ်ခဲ့ဖူးသော ရာဇဂဟဆိုသည့် ပါဠိဘာသာမှတစ်ဆင့် ရာဇဂြိုဟ်သို့ ဆင်းသက်လာသော အရပ်ဒေသ . . .**

**ကုသိနာရုံ-နာလန္ဒာ ၁၉၆ မိုင်**

ဒုတိယအရှည်ဆုံးခရီးဟုပြောရပေမည်။ နံနက်စောစောထကြ၊ သားငယ် မောင်မင်းသန့်၏ ၂၁ နှစ်မြောက်မွေးနေ့အလှူအဖြစ် ဦးသန့်ဇော်၊ ဒေါ်တင်မိုးသန်းတို့ ကပ်လှူသော အရုဏ်ဆွမ်းအလှူအတွက် သာဓုခေါ်ခဲ့ကြပြီး နံနက်စာစားကာ ၆ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာသည်။ လမ်းမှာ ဖူးမြော်ကြည့်ရှုလေ့လာစရာတွေ ရှိသေး၏။ နံနက် ၈ နာရီ ၂၀ မိနစ်မှာ ကုသိနာရုံနှင့် ဝေသာလီမြို့အကြားက မဟီမြစ်ကို ဖြတ်ခဲ့ကြသည်။ အထက်မှာဆိုခဲ့သည့်အတိုင်း နံနက် ၁၀ နာရီကျော်ကျော်လောက်မှာ ဝေသာလီရှိ ကူဋာဂါရဝိဟာရကျောင်းသို့ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်ကန်တော့ကြသည်။ ဝေသာလီသည် ကုသိနာရုံမှ ၂၆၀ ကီလိုမီတာအကွာ၊ ပတ္တနားမြို့ (ယခင်ပါဋလိပုတ်) မှ ကီလိုမီတာ ၅၀ ခန့် အကွာအဝေးတွင်တည်ရှိပြီး အိန္ဒိယအသံထွက်အရ ဗေရှာလီ (Vaishali) ဟု ခေါ်သည်။ မွန်းတည့် ၁၂ နာရီတိတိတွင် ဒုတိယသင်္ဂါယနာတင်ခဲ့သောနေရာ အရှင်အာနန္ဒာစေတီတော်ကို ဖူးမြော်ကြသည်။ မူလလက်ရာအတိုင်း ခြင်္သေ့လေးကောင်နှင့် ထုဆစ်ထားသော အသောကကျောက်တိုင်ကို ဤစေတီအနီး၌ တွေ့ရှိနိုင်ပါသည်။ ဆက်လက်၍ ဝေသာလီဓာတ်တော်တိုက်ကို ဖူးမြော်ခဲ့ကြသည်။ ပတ္တနားမြို့သို့ မရောက်မီ ဂျီဟာဘူမြို့နှင့် ပတ္တနားအကြားတွင် အရှည် ကိုး ကီလိုမီတာ (၅ မိုင်ခွဲခန့်) နီးပါးရှိ ဂင်္ဂါမြစ်ကူးတံတားတစ်ခုကို ဖြတ်ရသည်။ ရှည်လျားလွန်းလှပေစွ။ မဟတ္တမဂန္ဒီတံတားဟု အမည်ရပါသည်။ တံတားတစ်ခြမ်းပြင်နေသဖြင့် ကျန်တစ်ခြမ်းဖက်မှာပဲ အသွား-အပြန်မျှ၍ သွားနေကြသည်။ ညနေ ၆ နာရီ ၁၅ မိနစ်တွင် မိမိတို့တည်းခိုမည့် နာလန္ဒာတရုတ်ကျောင်းသို့ ရောက်ရှိခဲ့ကြသည်။

**တောင်ငါးလုံးပိတ်ဖုံးကာခို ရာဇဂြိုဟ်**

ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ဣသိဂိလိတောင်၊ ပဏ္ဍာဝတောင်၊ ဂိဇ္ဈကုဋ်တောင် ဆိုသည့် တောင်ငါးလုံး ဝန်းရံပတ်လည်တည်ရှိနေသော၊ မင်းနေပြည်တော်ဖြစ်ခဲ့ဖူးသော ရာဇဂဟဆိုသည့် ပါဠိဘာသာမှတစ်ဆင့် ရာဇဂြိုဟ်သို့ ဆင်းသက်လာသော အရပ်ဒေသ ဖြစ်ပါသည်။ အရှေ့မှ အနောက်သို့ ၃၅ ကီလိုမီတာ၊ မြောက်မှ တောင်သို့ခြောက် ကီလိုမီတာခန့် ရှည်လျားစွာ တည်ရှိခဲ့ဖူးသည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့နံနက် အရုဏ်ဆွမ်းကို ဦးကောင်းစံဦး၊ ဒေါ်နီလာအေးမိသားစုက ကပ်လှူခဲ့ပြီးနောက် တစ်နေ့တာအစီအစဉ်စခဲ့သည်။ နံနက် ၇ နာရီခွဲတွင် ဝေဠုဝန်ကျောင်းတော်ရာသို့စတင်ရောက်ရှိခဲ့ကြသည်။ ဝေဠုဝန်ဆိုသည့်အတိုင်း ယခင်ကတော့ ဝါးရုံတောများ ထူထပ်စွာပေါက်ရောက်လျက် စိမ်းစိုသာမောစွာ ရှိနေပေလိမ့်မည်။ ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ဝေဠုဝန်ကျောင်းတော်ကြီးတွင် မြတ်စွာဘုရားသည် လေးဝါတိုင်တိုင် ဝါဆိုဝါကပ်တော်မူခဲ့ပြီး လောကစိန္တာသုတ်၊ အဘယရာဇကုမာရသုတ်၊ ရထဝိနီတသုတ်၊ မဟာဝစ္ဆဂေါတ္တသုတ်ဟူသော သုတ္တန်များကို ဟောကြားတော်မူခဲ့သည်။ ကျောင်းတော်ရာနေရာ၌ ဘုရားရှင်အသုံးပြုခဲ့သော ကလန္ဒက (ခေါ်) ရှဉ့်နက်ရေကန်လည်းရှိသည်။ ထိုမှ ဝေပုလ္လတောင်သို့ ထွက်ခွာကြကာရှင်မဟာကဿပဂူကို အဝေးမှ ကြည့်ရှုဖူးမြော်ခဲ့ကြသည်။ ဆက်လက်၍ နာဠာဂီရိဆင်ကြီးကို အောင်တော်မူသောနေရာနှင့် ဗိမ္ဗိသာရမင်းကြီး၏ ဘဏ္ဍာတိုက်နေရာတို့ကို သွားရောက်ပြီး နံနက် ၉ နာရီတွင် အဇာတသတ် ဓာတ်တော်တိုက်သို့ ရောက်ရှိဖူးမြော်သည်။ မဏိယာမတ်ဟု၍လည်း ခေါ်ပါသည်။

**ဂျပန်ဘုရားဖူးမြော်၍ ဂိဇ္ဈကုဋ်တောင်သို့ တက်ခဲ့သည်**

လင်းတငှက်များ နားခိုခဲ့ဖူး၍ ဂိဇ္ဈကုဋ်တောင်ဟု ခေါ်သလို လင်းတနှုတ်သီးနှင့်တူသော တောင်ဟူ၍လည်းအဓိပ္ပာယ်ရသည်။ တောင်ပေါ်ရှိ ကျောက်တုံးတစ်တုံးသည်လည်း လင်းတနှုတ်သီးပုံ သဏ္ဍာန်ရှိနေကြောင်းသိရသည်။ တောင်ခြေမှ ဂျပန်ဘုရားရှိရာ တောင်ကုန်းသို့ ကေဘယ်ကြိုးဖြင့် တက်နိုင်သည်။ ထိုင်ခုံပေါင်း ၁၀၁ ခုံ တပ်ဆင်ထားသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရည်မှန်း၍ တည်ထားသော ဂျပန်ဘုရား ဝိရှ္မသျှန္တိစေတီကို ၁၉၆၉ ခုနှစ်တွင် ဂျပန်ဘုန်းတော်ကြီး နီချီဒတ်ဆူကူအီဖူဂျီက တည်ထားခဲ့ခြင်းဖြစ်သည်။ ဂျပန်ဘုရားကုန်းမှတစ်ဆင့် ဂိဇ္ဈကုဋ်တောင်သို့ ဆက်လက်တက်ရောက်နိုင်သည်။ ခပ်သွက်သွက် လမ်းလျှောက်နိုင်ပါကအတက် ၁၅ မိနစ်ခန့်၊ ထိုမှ တောင်ခြေသို့ လမ်းလျှောက်ဆင်းလျှင် ၂၅ မိနစ် စုစုပေါင်းမိနစ် ၄၀ ခန့် အချိန်ပေးရပါမည်။ လမ်းလျှောက်မဆင်းနိုင်ပါမူ ဂျပန်ဘုရားကုန်းသို့ပြန်တက်ပြီး ကေဘယ်ဖြင့် ဆင်းသွားနိုင်ပါသည်။ ဂိဇ္ဈကုဋ်တောင်၌ ၂၀ ကြိမ်မြောက် ဝါဆိုဝါကပ်တော်မူပြီးနောက် ဗောဇ္ဈင်္ဂသုတ်၊ ပရိမိတ္တဇာလသုတ်၊ ဝေဒနာပရိဂ္ဂဟသုတ်၊ သတ္တပဋ္ဌ သုတ္တန်တို့ကို ဟောကြားတော်မူခဲ့သည်။ ဂိဇ္ဈကုဋ်တောင်မှအပြန် နေ့လယ်စာစားကြပြီးနောက် ညနေပိုင်း၌ နာလန္ဒာတက္ကသိုလ်ဟောင်းနေရာကို သွားရောက် ကြည့်ရှုလေ့လာကြပါဦးမည်။






## နှစ်သစ်အကြို ဘာသာပေါင်းစုံချစ်ကြည်ရေးပွဲကျင်းပ

**အောင်မြေသာစံ မေ ၉**

မန္တလေးတိုင်းဒေသကြီး ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး) က ကြီးမှူး၍ မြန်မာနှစ်သစ်အကြို ဘာသာပေါင်းစုံချစ်ကြည်ရေးမိတ်ဆုံပွဲကို မေ ၈ ရက် ညနေ ၅ နာရီက အောင်မြေသာစံမြို့နယ် လမ်း ၆၀၊ ၂၃ လမ်းနှင့် ၂၄ လမ်းကြားရှိ Villa Hotel ခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး ငြိမ်းချမ်းရေးအဖွဲ့(မန္တလေး) ဥက္ကဋ္ဌ ဦးသိန်းတန်တို့က အဖွင့်အမှာစကားပြောကြားပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူနှင့် ဘဟာရီဘာသာရေးအဖွဲ့ခေါင်းဆောင်များက မြန်မာနှစ်သစ်ကူးအထိမ်းအမှတ် ဘာသာပေါင်းစုံချစ်ကြည်ရေး၊ အေးချမ်းသာယာရေးဆုမွန်ကောင်းများ တောင်းပေးကြသည်။ ထို့နောက် မြန်မာနှစ်သစ်ကူးအထိမ်းအမှတ် ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ ဘဟာရီလူငယ်များက ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် ဖျော်ဖြေသည်။

**မောင်ပြည်သူ(မန္တလေး)**

## အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ရှင်းလင်းဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် မေ ၉**

အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ ရှင်းလင်းဆွေးနွေးပွဲကို မေ ၉ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်တွင် ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဗဟိုမှ ဒုတိယရဲမှူးကြီးဝင်းမြင့်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒရေးဆွဲရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မူးယစ်ဆေးနှင့်ပတ်သက်၍ ထုတ်လုပ်မှုလျှော့ချရေးကဏ္ဍ၊ အစားထိုးဖွံ့ဖြိုးရေးကဏ္ဍ၊ သုံးစွဲမှုလျှော့ချရေးကဏ္ဍ၊ နောက်ဆက်တွဲအန္တရာယ်လျှော့ချရေးကဏ္ဍ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေးကဏ္ဍနှင့် လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေရေးကဏ္ဍ စသည်တို့နှင့်ပတ်သက်သည်များကို မူးယစ်ဗဟိုမှ ရဲမှူးကြီး အုပ်စိုးထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများအား အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ ပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုအား ပြသသည်။

ဆက်လက်၍ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒနှင့်ပတ်သက်၍ တက်ရောက်လာသော‌ည့်သည်များက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**စိုးမိုး(ပြန်/ဆက်)**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**သံတောင်ကြီး မေ ၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း ဆောက်လုပ်နိုင်ရေးမြေနေရာကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် မေ ၈ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူ-သံတောင်-သံတောင်ကြီးလမ်းပေါ်ရှိ ပျားစခန်းကျေးရွာမှ သံတောင်မြို့သို့သွားလမ်းအပိုင်း ယခင်ကတ္တရာခင်း ၁၂ ပေ တောင်တက်လမ်းအား ၂၄ ပေအကျယ် အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းနှင့် ပျားစခန်းကျေးရွာမှစတင်ပြီး နိုင်လွန်ကွန်ကရစ် တစ်မိုင်စတင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းသည် သံတောင်ကြီးမြို့နယ်နှင့် သံတောင်မြို့သို့ အပန်းဖြေခရီးသည်များ သွားလာရေးများပြားလာမှုအပေါ် အန္တရာယ်ကင်းရှင်းရေးအတွက်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ သံတောင်မြို့ ပသိခန်းမတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ကာ အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက ထောက်ပံ့ငွေပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင် ၁၂၉၃ ဦး၊ အသက်နှစ်နှစ်အောက် ကလေးသူငယ် ၅၈၁ ဦး စုစုပေါင်း ၁၈၇၄ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၈၄၃၃၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ခရစ်ထွန်းတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံတောင်ကြီးမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်းဆောက်လုပ်မည့်နေရာ တောပြာကြီးကျေးရွာသို့ ရောက်ရှိပြီး နှစ်ခြင်းအသင်းတော်ခန်းမတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး အကြံပြုတင်ပြမှုများအား ပေါင်းစပ်ဆွေးနွေးညှိနှိုင်းကာ တောပြာကြီးကျေးရွာရှိမြေနေရာနှင့်တောင်ငူ-သံတောင်-သံတောင်ကြီးသွားလမ်းမပေါ်ရှိ ၂၃ မိုင် ၆ ဖာလုံရှိ ကားလမ်းဘေးမြေနေရာ နှစ်နေရာတွင် အသင့်တော်ဆုံးတစ်နေရာကို အတည်ပြုရွေးချယ်သွားနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**ဘားအံ မေ ၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲကို မေ ၉ ရက် နံနက် ၈ နာရီက ဘားအံမြို့ လှာကမြင်တိုးချဲ့ ကွက်သစ် ဇွဲကပင်အားကစားကွင်း ပြည်နယ်မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲတွင် အမျိုးသားမြို့နယ်ပေါင်းစုံအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းတံခွန်စိုက်ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲဟူ၍လည်းကောင်း၊ စစ်တုရင်ပြိုင်ပွဲအနေဖြင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား အသက် ၂၀ အောက် တစ်ဦးချင်းတံခွန်စိုက်ပြိုင်ပွဲ၊ အမျိုးသမီးအသက် ၂၅ နှစ်အောက် တစ်ဦးချင်းတံခွန်စိုက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားတံခွန်စိုက်ပြိုင်ပွဲနှင့် အမျိုးသမီးတစ်ဦးချင်းတံခွန်စိုက်ပြိုင်ပွဲတို့တွင် အဆင့် ၁ မှ ၇ ထိရရှိသူများကိုလည်းကောင်း၊ စစ်တုရင်ပြိုင်ပွဲတွင် လက်ရည်မီသည့် အားကစားသမားများကိုလည်းကောင်း ပြည်နယ်လက်ရွေးစင်အဖြစ်ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်စေကာ မေလအတွင်း နေပြည်တော်၌ကျင်းပမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်စေမည်ဖြစ်သည်။

ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစတင်အောင်မြင့်က “ကျွန်တော်တို့ ကရင်ပြည်နယ်အနေနဲ့ ဒီအားကစားနည်းနှစ်မျိုးဟာ လူတွေလေ့လာလိုက်စားမှု အားနည်းနေသေးတယ်။ ကြက်တောင်နဲ့ပတ်သက်တဲ့ အားကစားပစ္စည်းတွေက အစ ငွေကြေးပိုင်းမှာ ကုန်ကျမှုရှိတဲ့အတွက် တခြားအားကစားနည်းတွေထက်စာရင်နည်းနည်းလေး အားနည်းနေသေးတယ်၊ စစ်တုရင်ဆိုရင်လည်း ယခင်လူတွေကစားခဲ့တာရှိပေမယ့် အခုမှ မြို့နယ်ပေါင်းစုံပြိုင်ပွဲကို နှစ်နှစ်လောက်ကျင်းပပြီး လူပြန်မွေးရတဲ့အနေအထားမျိုးဖြစ်တဲ့အခါကျတော့ ကရင်ပြည်နယ်အနေနဲ့က အခုမှပြန်ပြီးတော့ ပြုစုပျိုးထောင်ပြီး ကြိုးစားလုပ်နေရတဲ့ အားကစားနည်းလေးတွေဖြစ်ပါတယ်” ဟုပြောသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်တွင် လမ်းလျှောက်သင်္ကြန် ကျင်းပမည်

**ရမည်းသင်း ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်တွင် ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ကို စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ရမည်းသင်းမြို့ ရန်အောင်မြင်လမ်း နာရီစင်မှ ဦးမင်းနိုင်လမ်းထိပ်ထိ ရောင်စုံထီးများဖြင့် အလှဆင်ကာ နာရီစင်အနီး လမ်းလျှောက်သင်္ကြန်မုခ်ဦးကို ရမည်းသင်းမြို့နယ် ထန်းတောကျေးရွာမှ ထုတ်လုပ်ပြီး မြန်မာတစ်နိုင်ငံလုံးကို ဖြန့်ချိရောင်းချလျက်ရှိသော မြန်မာ့ရိုးရာတူရိယာ အိုးစည်၊ ဒိုးပတ် များဖြင့် အလှဆင်ကာ ဧပြီ ၁၃ ရက် ညနေ ၅ နာရီတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့ သင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

ရမည်းသင်းမြို့နယ် သင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုကိုဖော်ညွှန်းသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်လာ ပြည်သူများကို စတုဒိသာများဖြင့် နေ့စဉ်ဧည့်ခံသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးမဏ္ဍပ်များကို ဗိုလ်ချုပ်ကြေးရုပ်အနီး မဏ္ဍပ်တစ်ခုနှင့် ဝါတိုးရပ်ကွက်အတွင်းရှိ တောင်ငူတန်းလမ်းပေါ်တွင် မဏ္ဍပ်တစ်ခုတို့မှ သင်္ကြန်ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဝင်းအောင် (ရမည်းသင်း)**

## နေပြည်တော်တွင် တိုင်းဒေသကြီးအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီးအဆင့်ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၉ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ၂၀၁၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် ‘အရည်အသွေးပြည့်ကျန်းမာရေး၊ လူတိုင်းရအောင် ဆောင်ရွက်ပေး’ နှင့်အညီ လူတိုင်း လက်လှမ်းမီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် လူတစ်ဦးတစ်ယောက်ချင်းစီတိုင်းနှင့် လူ့အဖွဲ့အစည်းတိုင်းက အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများကို ငွေကြေးအခက်အခဲမရှိဘဲ လက်လှမ်းမီရရှိနိုင်စေဖို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်မီတဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ရည်ရွယ်ချက်များချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၁၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် သဝဏ်လွှာကို နေပြည်တော်ကုသရေးဦးစီးဌာနမှ ဒုတိယကုသရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက ဖတ်ကြားသည်။



ယင်းနောက် စံပြမြို့နယ်ဆေးရုံဆု၊ စံပြတိုက်နယ်ဆေးရုံဆုနှင့် စံပြမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့အား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး ခင်းကျင်းပြသထားသည့် လုပ်ငန်းဆောင်ရွက်မှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ရွှေကုက္ကို**

## သင်္ကြန်ပွဲတော်မတိုင်မီ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်သူများပြား

**ကော့သောင်း ဧပြီ ၉**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ရက်များမတိုင်မီယခုရက်ပိုင်းအတွင်း ထိုင်း-မြန်မာ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှ ထိုင်းနိုင်ငံရနောင်းမြို့သို့ သွားရောက်လည်ပတ်ကြသူ များပြားသဖြင့် ကော့သောင်းမြို့ လူဝင်မှုကြီးကြပ်ရေး နယ်စပ်ဖြတ်သန်းဂိတ်တွင် သွားရောက်လည်ပတ်မည့်သူများ ဧပြီ ၉ ရက် နံနက်ပိုင်းက နယ်စပ်ဖြတ်သန်းမှု အခွန်ဆောင်ရန် တန်းစီစောင့်ဆိုင်းနေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံ ရနောင်းမြို့တွင်လည်း မြန်မာနိုင်ငံနည်းတူ ရိုးရာသင်္ကြန်ပွဲကျင်းပလေ့ရှိပြီး မြန်မာနှင့် ထိုင်းလူမျိုးများ ချစ်ခင်ရင်းနှီးစွာ မြို့လုံးကျွတ် ရေကစားကြ၍ အထူးသဖြင့် လည်ပတ်အပန်းဖြေစရာနေရာများ၊ ဈေးဆိုင်ဈေးတန်းများဖြင့် ပျော်ရွှင်ဖွယ် ဖန်တီးမှုများကြောင့် မြန်မာနိုင်ငံဘက်မှ မြို့နေပြည်သူများနှင့် ကော့သောင်းမြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွား ဧည့်သည်များ မိသားစုအလိုက် သွားရောက်လည်ပတ်ကြခြင်းဖြစ်သည်။



ဒေသခံမြို့နေပြည်သူများသည် အများအားဖြင့် မြန်မာ့ရိုးရာသင်္ကြန်အကြိုနေ့နှင့် အကျနေ့များတွင် တစ်ဖက်ထိုင်းနိုင်ငံ သင်္ကြန်ပွဲတော်အား သွားရောက်လည်ပတ်ဆင်နွှဲလေ့ရှိပြီး သင်္ကြန်အကြတ်နေ့နှင့် အတက်နေ့များတွင် မြန်မာနိုင်ငံဘက်တွင် ပျော်ရွှင်စွာရေပက်ကစားဆင်နွှဲကြလေ့ရှိသည်။ အဆိုပါနေ့များတွင် ထိုင်းနိုင်ငံဘက်မှ နိုင်ငံခြားသားဧည့်သည်များလည်း ကော့သောင်းမြို့ သင်္ကြန်ပွဲတော်သို့ အပြန်အလှန် လာရောက်ဆင်နွှဲလေ့ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အခြေခံစာတတ်မြောက်ရေး နည်းပြအဖွဲ့များနှင့် မြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ တွေ့ဆုံပွဲကျင်းပ

**ငါန်းဇွန် ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် စာသင်ဝိုင်း ၄၆ ဝိုင်း၊ စာသင်သားဦးရေ ၄၂၃ ဦး၊ ကြီးကြပ်သူ ငါးဦး၊ နည်းပြ ၉၂ ဦးဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စာသင်သားဒေသခံပြည်သူများအား တစ်ရက်လျှင် ပျမ်းမျှ သုံးနာရီကြာ မြန်မာစာ၊ သင်္ချာ အရေးအဖတ်အတွက်အချက်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မည့် နည်းပြအဖွဲ့များသည် ငါန်းဇွန်မြို့သို့ ဧပြီ ၈ ရက် မွန်းလွဲ ၂ နာရီက ရောက်ရှိကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပသည်။

မြို့နယ် အခြေခံစာတတ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး)က မိတ်ဆက်စကားပြောကြားပြီး အခြေခံစာတတ်မြောက်ရေးနည်းပြများနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကဏ္ဍအသီးသီးအလိုက် လိုအပ်ချက်များမရှိစေရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်အခြေခံစာတတ်မြောက်ရေးကော်မတီဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဌေးလူက အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အခြေခံစာတတ်မြောက်ရေးကော်မတီအဖွဲ့မှ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်ဆရာများနှင့် နည်းပြဆရာများအား မြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာစာသင်ဝိုင်းများသို့ ရောက်ရှိရေးအတွက် အခမ်းအနားသို့ တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် အတူစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်တို့တွင် ၂၀၁၉ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဧပြီလပထမပတ်မှစ၍ ရက်ပေါင်း ၄၀ ကြာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**



## ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးမှူးရုံး၌ မီးဘေးလုံခြုံရေး စောင့်ကြည့်ကင်မရာတပ်ဆင်

**ရန်ကုန် ဧပြီ ၉**

မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်မှုများဖြစ်ပွားပေါ်ပေါက်ပါက အလျင်အမြန် ငြိမ်းသတ်နိုင်ရေးအတွက် အထပ်မြင့်အဆောက်အအုံများပေါ်တွင် IP Camera များ တပ်ဆင်၍ Command And Control Centre များဖွင့်လှစ်ကာ မီးဘေးလုံခြုံရေးကို CCTV Camera များဖြင့် ၂၄ နာရီ စောင့်ကြည့်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် မီးသတ်ဦးစီးမှူးရုံး ရှစ်ထပ်အဆောက်အအုံပေါ်တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ငါးမိုင်ပတ်လည် အကွာအဝေးအထိ စောင့်ကြည့်နိုင်သော IP Camera အကြီးစားကို တပ်ဆင်ထားရှိပြီးဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

**သက်ခိုင် (သန်လျင်)**

# မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် သံချပ်ပြိုင်ပွဲတွင် အဖွဲ့ ၁၂ ဖွဲ့ပါဝင်ယှဉ်ပြိုင်မည်

**မန္တလေး မေ ၉**

၂၀၁၉ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် သံချပ်ပြိုင်ပွဲတွင် သံချပ်အဖွဲ့ ၁၂ ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည့် သင်္ကြန်သံချပ်အဖွဲ့များ စိစစ်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအရ သိရသည်။

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် သံချပ်ပြိုင်ပွဲတွင် ယခင်နှစ်က ပထမဆုကို ကျပ် ၁၅ သိန်း၊ ဒုတိယဆုကို ကျပ် ၁၂သိန်း၊ တတိယဆုကို ကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ငါးသိန်း ချီးမြှင့်ခဲ့ရာ ယခုနှစ်ပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် သိန်း ၃၀၊ ဒုတိယဆုကို ငွေကျပ် သိန်း ၂၀၊ တတိယဆုကို ငွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ခုနစ်သိန်း တိုးမြှင့်ကာ ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် သံချပ်ပြိုင်ပွဲတွင် မုံရွာမြို့မှ ဒေါင်းတွန်သံ သံချပ်အဖွဲ့၊ နွေကြိုငှက် သံချပ်အဖွဲ့၊ ကာဒိုင်းသံချပ်အဖွဲ့နှင့် ဒေါင်းမျိုးဆက် သံချပ်အဖွဲ့၊ အောင်မြေသာစံမြို့နယ်မှ အောင်စံမောင် သံချပ်အဖွဲ့၊ ဗျောက်သံချပ်အဖွဲ့နှင့် အောင်မြေခွပ်ဒေါင်းသံချပ်အဖွဲ့၊ ချမ်းအေးသာစံမြို့နယ်မှ ဒုတိယရေသောက်မြစ်သံချပ်အဖွဲ့နှင့် ဟိုထိုးဒီထိုး ရွှေလက်ညှိုး သံချပ်အဖွဲ့၊ ပြည်ကြီးတံခွန်မြို့နယ်မှ ခေတ်သစ်ငဘ သံချပ်အဖွဲ့နှင့် ခွပ်ဒေါင်းမိခင်သိစေချင် သံချပ်အဖွဲ့၊ ချမ်းမြသာစည်မြို့နယ် ကိုယ်စားပြု မန္တလေး နည်းပညာမောင်မယ်များအဖွဲ့ ဖြစ်သည့် မျိုးဆက်သစ် အင်/ယာ သံချပ်အဖွဲ့ စသည့် သံချပ်အဖွဲ့ ၁၂ ဖွဲ့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သံချပ်ပြိုင်ပွဲကို သင်္ကြန်အကြိုနေ့၊ အကျနေ့နှင့် အကြတ်နေ့များတွင် မနော်ရမ္မကွင်း ပြည်ထောင်စုသင်္ကြန်မဏ္ဍပ်တွင် ညနေ ၄ နာရီမှ ည ၉ နာရီထိ တစ်ရက်လျှင် လေးဖွဲ့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး သံချပ်တစ်ဖွဲ့လျှင် ယှဉ်ပြိုင်ချိန် ၄၅ မိနစ်ဖြစ်ကာ ပြိုင်ပွဲဝင်ဦးရေကိုလည်း သံချပ်အဖွဲ့တစ်ဖွဲ့လျှင် ၃၀ ထက်မနည်း ၄၀ ထက်မများစေရန် သတ်မှတ်ထားသည့်အပြင် သီးခြားစည်းကမ်းချက်များကိုလည်း ထုတ်ပြန်ထားသည်။

၂၀၁၈ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် သံချပ်ပြိုင်ပွဲတွင် သံချပ်အဖွဲ့ခြောက်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြည်သူ့ဂုဏ်ဆောင် အောင်စံမောင် တိုင်းကျိုးပြည်ပြု သံချပ်အဖွဲ့ (မန္တလေး) က ပထမဆုကိုလည်းကောင်း၊ တိုးတက်သောလူငယ်များ၏ လူထုကိုယ်စားပြု ကာဒိုင်းသံချပ်အသင်း(မုံရွာ)က ဒုတိယဆုကိုလည်းကောင်း၊ ဒုတိယရေသောက်မြစ် မန္တလေးသံချပ်အသင်းက တတိယဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။



၂၀၁၈ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော် သံချပ်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပြည်သူ့ဂုဏ်ဆောင် အောင်စံမောင် တိုင်းကျိုးပြည်ပြု သံချပ်အဖွဲ့ (မန္တလေး)အား တွေ့ရစဉ်။

**ထွန်းထွန်းနိုင်**



## တိုင်းရင်းသားယဉ်ကျေးမှုသင်္ကြန် ကျင်းပမည်

**လားရှိုး မေ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ကိုးကန့်ယဉ်ကျေးမှုကွင်း၌ တိုင်းရင်းသားယဉ်ကျေးမှုသင်္ကြန်ပွဲတော် ကျင်းပမည်ဖြစ်ကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၈ ရက်ကပြုလုပ်သည့် အစည်းအဝေးမှသိရသည်။

လားရှိုးမြို့၌ နှစ်စဉ်ပြုလုပ်ခဲ့သော ဗဟိုမဏ္ဍပ်အစား ယခု တိုင်းရင်းသားယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကျင်းပမည်ဖြစ်ပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ၁၀ ဖွဲ့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်ကျင်းပမည်ဖြစ်သော တိုင်းရင်းသားယဉ်ကျေးမှုသင်္ကြန်သည် တိုင်းရင်းသားအားလုံးတစုတစည်းတည်း ရင်းနှီးချစ်ကြည်ပျော်ရွှင်ချမ်းမြေ့စွာ သင်္ကြန်ရေဖြင့် နှစ်သစ်ကို ကူးပြောင်းကြမည့် အဓိပ္ပာယ်ကို ဖော်ဆောင်ခြင်းဖြစ်ကြောင်းလားရှိုးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာလင်းက ပြောသည်။

**ဟန်ဒွေး(လားရှိုး)**

## ရွှေပြည်သာ၌ သင်္ကြန်ကာလ ဖျော်ဖြေရေးမဏ္ဍပ်သုံးခုစီစဉ်ထား

**ရန်ကုန် ဧပြီ ၉**

မဟာသင်္ကြန်ရက်အတွင်း ရွှေပြည်သာမြို့သူမြို့သားများ ပျော်ရွှင်ချမ်းမြေ့စေဖို့ အမှတ် (၄) လမ်းမကြီး ကွန်ပျူတာတက္ကသိုလ်အနီးရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်အား မတည်ဦးဆောင်ကော်မတီဝင် စာရေးဆရာ ကိုထွန်း (ကျယ်ခေါင်) က ကျပ်ငါးသိန်း၊ မိဘမေတ္တာ LCD အရောင်းဆိုင်မိသားစုက ငွေကျပ်ရှစ်သိန်း၊ အမှတ်(၁၀) ရပ်ကွက် ရပ်မိရပ်ဖ ဦးသန်းအောင်က ကျပ်ငါးသိန်း မတည်ထည့်ဝင်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်တွင် ပုလဲလမ်းမကြီးရှိ ပျော်ဘွယ်မှတ်တိုင်နှင့် အိပ်စ်ဝမ်းမှတ်တိုင်ကြားရှိ LCD ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ဆိုင်ရှေ့ရှိ ပြည်သူချစ်သူများမဏ္ဍပ်၊ အမှတ်(၄)လမ်းမကြီး အရက်ချက်စက်ရုံရှေ့၌ ဗဟိုမဏ္ဍပ်၊ အမှတ် (၉) ရပ်ကွက် ၃ လမ်းဆုံ၌ အမေစုချစ်သူများမဏ္ဍပ် စုစုပေါင်းမဏ္ဍပ်သုံးခုဖြင့် နိုင်ငံကျော်အဆိုတော်များဖိတ်ခေါ်ကာ သင်္ကြန်ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မုံရွာမြို့ ချင်းတွင်းသင်္ကြန် ကျင်းပမည့်ကွင်းအတွင်း အပူရှိန်လျှော့ချရန် ရေပန်း ၁၀၀ ကျော်တပ်ဆင်

**မုံရွာ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းသဲသောင်ပြင်တွင် ဒုတိယအကြိမ်ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်တွင် လာရောက်ရေကစားကြသူများ အပူရှိန်ခံစားမှုကို လျှော့ချ ပေးနိုင်ရန်အတွက် ရေပန်းအကြီးအသေး ၁၁၀ ကျော် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေကစားတဲ့အချိန်မှာ သောင်ပြင်မှာဆိုတော့ အပူရှိန်များတဲ့အတွက် ရေကစားတဲ့သူတွေ အပူရှိန်သက်သာအောင်လို့ရေကစားဖို့ သတ်မှတ်ပေးထားတဲ့အချိန်အတွင်းမှာ ရေပန်းတွေနဲ့ အမြဲတမ်းဖျန်းပေးထားမယ်၊ ကလေးတွေနဲ့ အမျိုးသမီးတွေအတွက် ရေလွှာလျှောစီးတာ နှစ်ခုပါမယ်၊ ရေကစားတဲ့သူတွေ အပူရှိန်လျှော့အောင်လို့ ရေပန်းတွေဖျန်းပေးထားမယ်၊ စားသောက်တန်းတွေမှာလည်း ရေပန်းအသေးတွေ စီစဉ်နေတယ်၊ ချင်းတွင်းသင်္ကြန်ကို လာရောက်ရေကစားကြတဲ့ ပြည်သူတွေ စိတ်ချမ်းသာစေရမယ်လို့ အာမခံပါတယ်" ဟု ဖျော်ဖြေရေးမဏ္ဍပ်ရှေ့တွင် ရေပန်းများ တပ်ဆင်ရေးလုပ်ငန်းကို လုပ်ဆောင်လျက်ရှိသော အောင်မြသန်းရေယာဉ်အုပ်စုမှ ဦးမျိုးဝင်းက ပြောသည်။

ဒုတိယအကြိမ်ကျင်းပမည့် ချင်းတွင်းသင်္ကြန်၌ ဖျော်ဖြေရေးမဏ္ဍပ်နေရာတွင် ခြောက်လက်မပိုက်ရေပန်းကြီး ၁၂ ခုကို အောင်မြသန်းရေယာဉ်အုပ်စုကလည်းကောင်း၊ စားသောက်ဆိုင်တန်းများနှင့် အဝင်အထွက်လမ်းများတွင် တစ်လက်မ ရေပန်း ၉၀ ကျော်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီကလည်းကောင်း တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံဆရာဝန်အသင်း မဟာသင်္ကြန်ကြိုဆိုပွဲကျင်းပ

**ချမ်းအေးသာစံ ဧပြီ ၉**



မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ပဉ္စမအကြိမ် မဟာသင်္ကြန်ကြိုဆိုပွဲ ဆရာဝန်မိသားစုများနှင့် ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ အဆို၊ အက အလှများ ဖျော်ဖြေပွဲ၊ စတုဒိသာကျွေးမွေးဧည့်ခံပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ရတနာပုံခန်းမတွင် ကျင်းပသည်။

တိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယက ဒေါက်တာယုယုမေ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်နှင့် မန္တလေးမြို့ရှိ ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးမှူးတို့ တက်ရောက်အားပေးပြီး ဆရာဝန်မိသားစုများ၊ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ အဆိုအကများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြသည်။

မဟာသင်္ကြန်ကြိုဆိုပွဲနှင့်အတူ ဆေးကုမ္ပဏီများကလည်း မြန်မာ့ရိုးရာအစားအစာများ၊ ရွှေရင်အေး၊ မုန့်လက်ဆောင်းများ စတုဒိသာကျွေးမွေးကာ တပျော်တပါး ဆင်နွှဲကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## မန်ယူအသင်းရဲ့ ပစ်မှတ်ထားခြင်းခံနေရတဲ့ ဒီကလန်ရိုက်

မန်ယူအသင်းဟာ ဝက်စ်ဟမ်းအသင်းရဲ့ လူငယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဒီကလန်ရိုက်ကို အခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ ပစ်မှတ်ထားနေပါတယ်။

အသက် ၂၀ အရွယ်ရှိ အိုင်ယာလန်လူငယ်ကစားသမား ဒီကလန်ရိုက်ဟာ ပြီးခဲ့တဲ့လက အင်္ဂလန်အသင်းနဲ့ ကစားခဲ့စဉ်မှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် မန်ယူအသင်းရဲ့ စိတ်ဝင်စားခြင်းကိုခံနေရတာဖြစ်တယ်လို့ ကစားသမားရဲ့ အကြံပေးဖြစ်သူက ပြောပါတယ်။ ဒီကလန်ရိုက်ဟာ ဝက်စ်ဟမ်းအသင်းနဲ့ ၂၀၂၄ ခုနှစ်အထိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားတာဖြစ်ပေမယ့် မန်ယူအသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀ နဲ့ ခေါ်ယူမယ်လို့ဆိုပါတယ်။ ဒေါ့မွန်အသင်းရဲ့ ဆန်ချိုနဲ့ ဝက်စ်ဟမ်းအသင်းရဲ့ ဒီကလန်ရိုက်တို့ဟာ မန်ယူအသင်းနည်းပြ ဆိုးရှားအဓိကခေါ်ယူလိုတဲ့ ကစားသမားနှစ်ဦးဖြစ်ပြီး မန်ယူကစားသမားတွေဖြစ်တဲ့ မာတာ၊ ဟာရဲရား၊ ဗလင်စီယာနဲ့ရိုဂျိုတို့ဟာလည်း နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းနဲ့ လမ်းခွဲဖို့ရှိနေတာဖြစ်ပါတယ်။ ဒါ့အပြင် ဒီကလန်ရိုက် မန်ယူအသင်းကို ရောက်လာခဲ့မယ်ဆိုရင် နီမန်ဂျာမာတစ်ရဲ့ အိုးထရက်ဖို့ဒ်အနာဂတ်လည်း မသေချာတော့တဲ့အနေအထားကို ရောက်လာမှာဖြစ်ပါတယ်။ မန်ယူအသင်းနည်းပြ ဆိုးရှားဟာ သူ့ရဲ့ပထမဆုံးအပြောင်းအရွှေ့အတွက် ပြင်ဆင်မှုတွေပြုလုပ်နေလို့ ဆိုးရှားရဲ့ကစားဖော် ဖာဒီနန်က ကစားသမားခေါ်ယူမှုတွေ ပြုလုပ်တဲ့အခါ ဗန်ဟားလ်၊ မော်ရင်ဟိုတို့နဲ့ မတူတဲ့လမ်းကြောင်းကို ရွေးချယ်သင့်တယ်လို့ ဆိုပါတယ်။





## ချယ်လ်ဆီးကို အမြဲတမ်းစာချုပ်နဲ့ပြောင်းဖို့ ဆန္ဒပြင်းပြနေတဲ့ ဟီဂွေအင်

ချယ်လ်ဆီးအသင်းရဲ့တိုက်စစ်မှူး ဟီဂွေအင်ဟာ ဇန်နဝါရီလအတွင်းက စတမ်းဖို့ဒ်ဘရစ်ချ်ကို တစ်ရာသီအငှားစာချုပ်နဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး ခြေစွမ်းကောင်းမပြနိုင်ခဲ့ပေမယ့် အမြဲတမ်းစာချုပ်နဲ့ ပြောင်းရွှေ့ဖို့ ဆန္ဒပြင်းပြနေတာဖြစ်ပါတယ်။

အာဂျင်တီးနားတိုက်စစ်မှူး ဟီဂွေအင်ဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ၁၁ ပွဲ ပါဝင်ကစားပေးထားပြီး သွင်းဂိုး သုံးဂိုး သွင်းယူထားပါတယ်။ ဟီဂွေအင်အနေနဲ့ ချယ်လ်ဆီးအသင်းကို အမြဲတမ်းစာချုပ်နဲ့ ပြောင်းဖို့ဆန္ဒရှိနေပေမယ့် ချယ်လ်ဆီးအသင်းကို ဖီဖာက ကစားသမားခေါ်ယူမှုနဲ့ ပတ်သက်ပြီး အပြောင်းအရွှေ့ကာလ တစ်နှစ်ပိတ်ပင်ခဲ့မယ်ဆိုရင်တော့ ဟီဂွေအင်ရဲ့မျှော်လင့်ချက်ပေးရတော့မှာဖြစ်ပါတယ်။

ဟီဂွေအင်ဟာ ရီးယဲလ်မက်ဒရစ်၊ နာပိုလီနဲ့ ဂျူဗင်တပ်အသင်းတို့မှာ အမြဲတမ်းစာချုပ်နဲ့ကစားခဲ့တာဖြစ်ပြီး အေစီမီလန်မှာ ပြီးခဲ့တဲ့ဘောလုံးရာသီက တစ်ရာသီအငှားစာချုပ်နဲ့ ကစားခဲ့သလို လက်ရှိမှာလည်းချယ်လ်ဆီးအသင်းမှာ တစ်ရာသီအငှားနဲ့ လာရောက်ကစားနေရတာဖြစ်ပါတယ်။

# တစ်ပတ်အတွင်း အားကစားသတင်းများ

နိုင်လင်းကြည်



## အဇာရန်ကာ ဒဏ်ရာကြောင့် အနားယူခဲ့လို့ မွန်တာရေးအိုးပင်းတင်းနစ်ဖလား မူဂူရူဇာဆွတ်ခူး

ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ်ဟောင်းတစ်ဦးဖြစ်တဲ့ ဗစ်တိုးရီးယားအဇာရန်ကာဟာ ခြေထောက်ဒဏ်ရာရရှိခဲ့လို့ မွန်တာရေးအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲမှာ အနားယူခဲ့ရတာကြောင့် မွန်တာရေးအိုးပင်းတင်းနစ် ဆုဖလားကို မူဂူရူဇာက ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဇာရန်ကာဟာ သုံးနှစ်တာကာလအတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပြီး ညာဘက်ခြေသလုံးဒဏ်ရာကြောင့် မွန်တာရေးအိုးပင်းတင်းနစ်ဆုဖလားရရှိနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

အသက် ၂၉ နှစ် အရွယ်ရှိ ဘယ်လာရုစ်တင်းနစ်မယ် အဇာရန်ကာဟာ ဒဏ်ရာရနေပေမယ့် ပြိုင်ပွဲကနေ မထွက်ခွာမီအထိ ကြိုးစားကစားခဲ့ပါတယ်။ ဒါပေမယ့် ဒဏ်ရာကြောင့် ရေရှည်မကစားနိုင်တာကြောင့် မွန်တာရေးအိုးပင်းတင်းနစ် ဆုဖလားကို မူဂူရူဇာက ရရှိခဲ့တာဖြစ်ပါတယ်။ စပိန်တင်းနစ်မယ် မူဂူရူဇာအတွက်တော့ အခုလိုအနိုင်ရရှိခဲ့ခြင်းဟာ နှစ်ကြိမ်မြောက်ဂရန်းဆလမ်းချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

## ဟာဇက်ကို ပေါင်သန်း ၁၀၀ ပေးမှာမဟုတ်ဘူးဆိုတဲ့ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ချယ်လ်ဆီးတိုက်စစ်မှူး အေဒင်ဟာဇက်ကို ခေါ်ယူချင်ပေမယ့် ချယ်လ်ဆီးအသင်းက တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ကိုပေးမှာမဟုတ်ဘူးလို့ဆိုလာပါတယ်။ ဥရောပရဲ့ထိပ်တန်းကလပ်အသင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ အသင်းကနေ လမ်းခွဲထွက်ခွာသွားတဲ့ တိုက်စစ်မှူးစီရိုနယ်လ်ဒိုရဲ့နေရာမှာ အစားထိုးဖို့ တိုက်စစ်မှူး ဟာဇက်ကို ခေါ်ယူဖို့ပစ်မှတ်ထားနေတာဖြစ်ပြီး ဘာနေဗျူးမှာ ကစားချင်တဲ့ ဟာဇက်ရဲ့အိပ်မက်ကို အကောင်အထည်ဖော်ပေးဖို့လည်း ဆန္ဒရှိနေတယ်လို့ အသင်းတာဝန်ရှိသူတွေက ပြောပါတယ်။

ဟာဇက်ဟာ အခုနှစ်ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၁၄ ဂိုးသွင်းယူထားပြီး အသင်းဖော်တွေ ဂိုးသွင်းနိုင်ဖို့လည်း ၁၂ ဂိုး ဖန်တီးပေးနိုင်ခဲ့ တာဖြစ်ပါတယ်။ ချယ်လ်ဆီးကတော့ ဟာဇက်ကိုရောင်းချပြီး ဟက်ဆန်အိုဒိုအီကို စာချုပ်သစ်ချုပ်ဆိုဖို့ရှိနေတာဖြစ် ပါတယ်။ အဆိုပါ ကစားသမားကိုတော့ မန်ယူနဲ့ ဘိုင်ယန်မြူးနစ်တို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။ ဒါကြောင့်ချယ်လ်ဆီးအသင်းအနေနဲ့ ကစားသမားနှစ်ဦးစလုံးကို လက်လွှတ်ခံမှာမဟုတ်ဘူးလို့ ဆိုပါတယ်။



## ပေါ့ဘာကို ခေါ်ယူဖို့ မန်ယူနဲ့မပြိုင်ခဲ့ဘူးဆိုတဲ့ ဘာစီလိုနာအသင်းဥက္ကဋ္ဌ

ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ၂၀၁၆ ခုနှစ်က ဂျူဗင်တပ်အသင်းကနေ ထွက်ခွာဖို့စီစဉ်ခဲ့တာဖြစ်ပြီး မန်ယူအသင်းက ပေါ့ဘာကို ခေါ်ယူဖို့ကမ်းလှမ်းခဲ့ချိန်မှာ ဘာစီလိုနာအသင်းကတော့ မန်ယူအသင်းနဲ့ အပြိုင် ကမ်းလှမ်းခဲ့တာမရှိဘူးလို့ ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဘာတိုမူးက ပြောပါတယ်။

ပေါ့ဘာဟာ ဧပြီ ၁၀ ရက်မှာ ယှဉ်ပြိုင်မယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို မန်ယူအသင်းရဲ့ အဓိကကစားသမားတစ်ဦးအနေနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ကတော့ ဂျူဗင်တပ်အသင်းက ပေါ့ဘာကို ရောင်းချဖို့စီစဉ်ခဲ့သလို ဘာစီလိုနာအသင်းကလည်း စိတ်ဝင်စားလို့ ခေါ်ယူဖို့အထိ ဆုံးဖြတ်ခဲ့ပါသေးတယ်။ သဘောတူညီမှုရရှိတဲ့ အနေအထားထိရောက်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ မန်ယူအသင်းက ကွင်းလယ်ကစားသမား ပေါ့ဘာကို ပြောင်းရွှေ့ကြေးပေါင်သန်း ၉၀ ပေးပြီးခေါ်ယူခဲ့တာဖြစ်ပါတယ်။

## အန်ဒီကာရိုးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုမယ့် ဝက်စ်ဟမ်း

တိုက်စစ်မှူး အန်ဒီကာရိုးဟာ ဒဏ်ရာရရှိထားတာကြောင့် ခြေချင်းဝတ်ဒဏ်ရာခွဲစိတ်ကုသမှုပြီးပါက အသင်းကနေ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာခွင့်ပြုမယ်လို့ ဝက်စ်ဟမ်းအသင်းက ဆိုပါတယ်။

တိုက်စစ်မှူး ကာရိုးဟာ ပြီးခဲ့တဲ့လက ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ ပြန်ကစားနိုင်မယ့် အခြေအနေမရှိခဲ့သူပါ။ ကာရိုး၏ လက်ရှိ ချုပ်ဆိုထားတဲ့ စာချုပ်ဟာလည်း မေ ၁၂ ရက်မှာ ကစားမယ့် ဝက်စ်ဟမ်းအသင်းနဲ့ ဝက်ဖို့ဒ်အသင်းတို့ရဲ့ပွဲစဉ်အပြီးမှာ ကုန်ဆုံးမှာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းကတော့ ကာရိုးကို စာချုပ်သစ်ချုပ်ဆိုဖို့ အစီအစဉ်မရှိဘူးလို့လည်း ဆိုပါတယ်။ ဒါကြောင့် တိုက်စစ်မှူး ကာရိုးအနေနဲ့ လာမယ့်ဘောလုံးရာသီအတွက် အသင်းသစ်တစ်သင်းကို ရှာဖွေရမှာဖြစ်ပြီး ခြေချင်းဝတ်ဒဏ်ရာခွဲစိတ်ပြီးရင်လည်း လာမယ့်ဘောလုံးရာသီရဲ့ပထမလေးလအထိ ပါဝင်ကစားခွင့်နှင့် လွဲချော်မှာဖြစ်ပါတယ်။

ကာရိုးဟာ ၂၀၁၂ ခုနှစ်က လီဗာပူးအသင်းကနေ ဝက်စ်ဟမ်းအသင်းကို ပြောင်းရွှေ့လာခဲ့ပြီး ချိန်ကစလို့ ဝက်စ်ဟမ်းအသင်းနဲ့ အတူ ၁၄၂ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၄ ဂိုးအထိ သွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။





## ရုပ်ရှင်သစ်နဲ့ ပရိသတ်ရှေ့ အရောက်ပြန်လာမယ့် မွန်ဂိုယောင်း

ရုပ်ရှင်လောကနဲ့ နှစ်နဲ့ချီကာ ဝေးသွားနေခဲ့တဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ မွန်ဂိုယောင်းဟာ လတ်တလောမှာတော့ ရုပ်ရှင်သစ်မှာ ပါဝင်ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဟာ ပြီးခဲ့တဲ့ လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ရိုက်ကူးမယ့် မွန်ဂိုယောင်းရဲ့ရုပ်ရှင်လည်း ဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မွန်ဂိုယောင်းဟာ tvN ရုပ်သံလိုင်းက ထုတ်လွှင့်သွားမယ့်ရုပ်ရှင် “Catch The Ghost” မှာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်ထားတာ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲရုပ်ရှင်မှာတော့ မွန်ဂိုယောင်းကို ရဲအရာရှိတစ်ဦးအဖြစ် မြင်တွေ့ရမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## ဆရာဝန်မလေးနဲ့ လက်ထပ်တော့မယ့် ဂျူဂျင်မို



တောင်ကိုရီးယားမင်းသား ဂျူဂျင်မိုဟာ မကြာမီမှာ လက်ထပ်တော့မှာဖြစ်ပါတယ်။ သူ့ရဲ့သတို့သမီးလောင်းကတော့ သူနဲ့အချိန်အတော်ကြာ လက်တွဲလာခဲ့တဲ့ ချစ်သူဖြစ်ပြီး ဆရာဝန်မတစ်ဦးလည်း ဖြစ်တယ်လို့ မင်းသားရဲ့အေဂျင်စီက ထုတ်ဖော်ပြောကြားချက်တွေကို ကိုးကားကာ စွန်ပီဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ မေ ၉ ရက်မှာတော့ ဂျူဂျင်မိုရဲ့ ဖျော်ဖြေရေးအေဂျင်စီက မင်းသားရဲ့မင်္ဂလာသတင်းကို တရားဝင်ထုတ်ဖော်ပြောကြားလာတာပါ။ အေဂျင်စီရဲ့ ပြောကြားချက်အရ မင်္ဂလာပွဲကို လာမယ့်ဇွန်လအတွင်း ပြုလုပ်သွားမှာဖြစ်ကြောင်း၊ ဂျူဂျင်မိုက မင်္ဂလာသတင်းကို ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက် အေဂျင်စီက တရားဝင်အတည်ပြုပေးခဲ့တာဖြစ်ကြောင်းနဲ့ မင်္ဂလာပွဲနဲ့ပတ်သက်တဲ့ အစီအစဉ်အသေးစိတ်ကိုလည်း ထုတ်ဖော်ပြောကြားပေးသွားမှာဖြစ်ကြောင်း တစ်ပါတည်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ဂျူဂျင်မိုရဲ့ သတို့သမီးလောင်းဟာ မင်ဟေယွန်းဖြစ်ပါတယ်။ အသက် ၄၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျူဂျင်မိုနဲ့ ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်ဟေယွန်းတို့ ချစ်သူတွေဖြစ်နေကြောင်းကို ယခုနှစ်ဇန်နဝါရီလအတွင်းက ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ အစပိုင်းမှာတော့ သူတို့နှစ်ဦးရဲ့ မင်္ဂလာပွဲကို ဂျယ်ဂျူကျွန်းပေါ်မှာ ပြုလုပ်သွားမှာဖြစ်တယ်လို့ သတင်းတွေ ထွက်ခဲ့ပါတယ်။ မင်ဟေယွန်းဟာ ခွဲစိတ်ဆရာဝန်တစ်ဦးဖြစ်ပြီး ရုပ်သံအစီအစဉ်များစွာမှာ ပါဝင်ခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ ဆိုးလ်တက္ကသိုလ်မှ ဘွဲ့ရထားတာဖြစ်ပြီး သူ့ရဲ့ရုပ်ရည်ချောမောမှုအပြင် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကြောင့်လည်း လူသိများသူတစ်ဦးဖြစ်ပါတယ်။



## “ Game of Thrones ” ဇာတ်ဆောင်တွေနဲ့ အင်တာဗျူးတွေကို HBO ထုတ်ဖော်ပြသ

မကြာမီ ထုတ်လွှင့်ပြသတော့မယ့် ရုပ်သံဇာတ်လမ်းတွဲ “Game of Thrones” မှာ ပါဝင်ထားကြတဲ့ အဓိကဇာတ်ဆောင်တွေနဲ့ အင်တာဗျူးတွေကို လတ်တလောမှာတော့ အဆိုပါဇာတ်လမ်းတွဲကို ထုတ်ဖော်ပြသသွားမယ့် HBO ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့တာကို တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအင်တာဗျူးတွေမှာတော့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ ကစ်ထ်ဟာရင်တန်၊ အီမီလာကလာ့ခ်ကီ၊ လန်နာဟတ်ဒ်ဒီ၊ မက်ဆီဝီလီယမ်၊ ဆိုဖီယာတာနာစတဲ့ ဇာတ်ဆောင်တွေက သူတို့အကြိုက်နှစ်သက်ဆုံးသော ဇာတ်ဝင်ခန်းတွေနဲ့ အမှတ်တရဖြစ်ရပ်တွေကို ထည့်သွင်းပြောကြားထားတာကိုလည်း တွေ့ရပါတယ်။

“Game of Thrones” ရဲ့ နောက်ဆုံးရာသီအတွက် ရုပ်ရှင်တွေကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ အထူးပွဲပြသခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီအခမ်းအနားကိုတော့ ဇာတ်လမ်းတွဲမှာ ပါဝင်ထားကြတဲ့ ဇာတ်ဆောင်တွေ စုံစုံလင်လင်တက်ရောက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

HBO ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့ပြီး လူကြိုက်များတဲ့ “Game of Thrones” ဇာတ်လမ်းတွဲတွေရဲ့ နောက်ဆုံးသောရာသီကို ရုပ်သံကနေ ထုတ်လွှင့်ပြသဖို့ရာ သီတင်းပတ်တစ်ပတ်ကျော်သာ လိုတော့တာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲအတွက် အထူးပွဲကိုတော့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က နယူးယော့ခ်မှာ ပြုလုပ်ခဲ့ရာ ဟောလိဝုဒ်ကြယ်ပွင့်တွေများစွာ တက်ရောက်ခဲ့တာ တွေ့ရပါတယ်။

ရှစ်ရာသီမြောက် ပြသသွားမယ့်အပိုင်းတွေအတွက် အထူးပွဲကိုတော့ ဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ကစ်ထ်ဟာရင်တန်၊ မက်ဆီဝီလီယမ်၊ ဆိုဖီယာတာနာ၊ အီမီလာကလာ့ခ်ကီတို့လည်း တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ ကစ်ထ်ဟာရင်တန်ကတော့ အခမ်းအနားရဲ့ ကော်ဇောနီပေါ်ကို ဇနီးဖြစ်သူ ရိုစ်လက်စလီနဲ့ တွဲဖက်တက်ရောက်ခဲ့ပါတယ်။ ရို့စ်လက်စလီကလည်း “Game of Thrones” မှာ ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး ဒီဇာတ်လမ်းတွဲဟာ သူတို့နှစ်ဦးကို တွေ့ဆုံစေခဲ့တဲ့ ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။

“Game of Thrones ”ရဲ့ နောက်ဆုံးသောရာသီရဲ့ ဇာတ်လမ်းတွေကိုတော့ လာမယ့် မေ ၁၄ ရက်တွင် HBO ရုပ်သံလိုင်းကနေ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။



## တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းများကို BTS ထုတ်ဖော်ပြောကြား

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ “BTS” ဟာ တေးအယ်လ်ဘမ်သစ်ကို မကြာမီ ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး လတ်တလောမှာတော့ အဆိုပါတေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတွေရဲ့ အမည်တွေကို ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“ BTS ” ဟာ အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် “ Map of the Soul: Persona ” နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်း ခုနစ်ပုဒ်ပါဝင်နေတာဖြစ်ပြီး ဒီတေးသီချင်းတွေရဲ့အမည်တွေကို တရားဝင်ထုတ်ပြန်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ အဆိုပါတေးသီချင်းတွေကတော့ “Intro: Persona”၊ “ Boy With Luv”၊ “Mikrokosmos ”၊ “Make It Right”၊ “ HOME ”၊ “Jamais Vu” နဲ့ “Dionysus” တို့ ဖြစ်ကြကြောင်း သိရပါတယ်။

“ Map of the Soul: Persona ” ကိုတော့ လာမယ့် မေ ၁၂ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## ကမ္ဘာလှည့်ဖျော်ဖြေပွဲ ပထမဆုံးအကြိမ် ပြုလုပ်သွားမယ့် TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TWICE” ဟာ လတ်တလောမှာတော့ ကမ္ဘာလှည့်ဖျော်ဖြေပွဲ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်နဲ့အတူ ကမ္ဘာလှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်သွားမှာဖြစ်ကြောင်း အဆိုပါတေးဂီတအဖွဲ့က လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။




အဖွဲ့ဝင်ကိုးဦးနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ “TWICE” ရဲ့နယ်လှည့်ဖျော်ဖြေပွဲတွေကိုတော့ လာမယ့် မေ ၂၅ ရက်နဲ့ ၂၆ ရက်တွေမှာ ဆိုးလ်မှာ စတင်ဖျော်ဖြေသွားဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ အာရှဒေသတွေဖြစ်တဲ့ ဟောင်ကောင်၊ မနီလာ၊ ဗန်ကောက်တွေမှာ ဖျော်ဖြေသွားမှာဖြစ်ပြီး အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မှာလည်း ဖျော်ဖြေသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် အခြားသော နိုင်ငံတွေမှာလည်း ဖျော်ဖြေသွားမှာဖြစ်ပြီး လာမယ့် ဩဂုတ် ၁၇ ရက်မှာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာ ဖျော်ဖြေပွဲကို အဆုံးသတ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ယမန်နှစ်က ကွာလာလမ်ပူမှာ ဖျော်ဖြေဖို့ရာ စီစဉ်ခဲ့ပေမယ့် လုံခြုံရေးအရ စိုးရိမ်မှုတွေရှိခဲ့တာကြောင့် “ TWICE ” ရဲ့ဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ရပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ်မှာတော့ မလေးရှားက “ TWICE ” ပရိသတ်တွေအတွက်တော့ ဝမ်းသာစရာဖြစ်ပါတယ်။

“TWICE” ဟာ လတ်တလောမှာ အဖွဲ့ရဲ့မီနီတေးအယ်လ်ဘမ်သစ် “Fancy You” အတွက် ပိုစတာကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီဓာတ်ပုံမှာတော့ အဖွဲ့ဝင်တွေဟာ ထူးခြားတဲ့ အရောင်တစ်မျိုးစီနဲ့ ဆွဲဆောင်မှုရှိတဲ့ အလှတွေကိုယ်စီ ပိုင်ဆိုင်ထားတာကိုလည်း တွေ့ရပါတယ်။ ကမ္ဘာလှည့်ဖျော်ဖြေပွဲဟာလည်း မီနီတေးအယ်လ်ဘမ်သစ် “ Fancy You ” အတွက် ရည်ရွယ်ပြုလုပ်တဲ့ ဖျော်ဖြေပွဲလည်း ဖြစ်တယ်လို့ သိရပါတယ်။

“ Fancy You ” ကိုတော့ လာမယ့် မေ ၂၂ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# မော်တင်စွန်းဒေသ ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းသင်္ကြန်ပွဲတော် ကျင်းပမည်

**ဟိုင်းကြီးကျွန်း မေ ၉**

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းဝေးခန်းမတွင် မေ ၈ ရက် ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရခိုင်သင်္ကြန်ကျင်းပရေး ကော်မတီဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအရ ဇီးချိုင်ကျေးရွာအုပ်စု ကြာကန်ကျေးရွာရှိ မော်တင်စွန်းတောင်ခြေ ပင်လယ်ကမ်းစပ်တွင် ကျင်းပမည့် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို မော်တင်စွန်းဒေသ ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းသင်္ကြန်ပွဲတော်အမည်ဖြင့် ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါသင်္ကြန်ပွဲတော်ကို မော်တင်စွန်းဒေသ ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းသင်္ကြန်ပွဲတော်တွင် ရခိုင်တိုင်းရင်းသား အဆိုတော်များ၊ ဒေသခံတိုင်းရင်းသားများ၏ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ကနေဒါနိုင်ငံသားနှစ်ဦးက ကော်ဖီပင်စိုက်ပျိုးနည်းစနစ် တောင်သူများအား သင်ကြားပေး

**မင်းတုန်း မေ ၉**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ငကုန်းကျေးရွာရှိ ကော်ဖီစိုက်တောင်သူများအား မေ ၈ ရက် နံနက်ပိုင်းတွင် ခေရုဗိမ်ကုမ္ပဏီ အကြံပေးပညာရှင် ကနေဒါနိုင်ငံသားနှစ်ဦးဖြစ်သော Mr David John နှင့် Ms Louise Matha တို့က ကော်ဖီစိုက်ပျိုးမည့်မြေများအား မြေဆီနှင့် မြေအမျိုးအစားများ စမ်းသပ်ပေးခဲ့သည်။

ညနေပိုင်းတွင် စိုက်ပျိုးတောင်သူများအား ကော်ဖီပင်၊ ကြယ်ပဲပင်နှင့် စွန်ပလွန်ပင် စိုက်ပျိုးနည်းစနစ်များ လက်တွေ့သင်ကြားပေးခဲ့ပြီး စိုက်ပျိုးနည်းစနစ်များအား ပညာပေးဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ချင်းကလေး(မင်းတုန်း)**



# မော်ကျွန်းတွင် သင်္ကြန်အကြိုစုပေါင်းရဟန်းခံ ရှင်ပြုပွဲ စည်ကားစွာကျင်းပ

**မော်လမြိုင်ကျွန်း မေ ၉**

ရွှေဟောင်း ပြည်လုံးအေးဆုတောင်းပြည့်စေတီတော်မြတ်၏ (၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် စုပေါင်း ရဟန်းခံ ရှင်ပြုပွဲတော်ကို မော်လမြိုင်ကျွန်းမြို့ မုဒိတာနှလုံးသား ပရဟိတအကျိုးဆောင် လူငယ်အဖွဲ့နှင့် ပွဲတော်ကျင်းပရေးအဖွဲ့ကကြီးမှူး၍ သင်္ကြန်ပွဲတော်အကြိုကာလ ဒါနပြုခြင်းအဖြစ် ယနေ့ နံနက် ၇ နာရီက ရဟန်းလောင်းနှင့် ရှင်လောင်းများအား မြို့တစ်ပတ် စည်ကားစွာ လှည့်လည်ကျင်းပသည်။

ယင်းသင်္ကြန်အကြို လှူဒါန်းခြင်းသည် မုဒိတာနှလုံးသား ပရဟိတအကျိုးဆောင်လူငယ်အဖွဲ့၏ (၅)ကြိမ်မြောက် ရဟန်းခံရှင်ပြုပွဲကျင်းပခြင်းဖြစ်ပြီး ရဟန်းလောင်းနှင့် ရှင်လောင်း ၁၁၁ ပါးတို့အား မော်တော်ယာဉ်များ၊ တုတ်တုတ်ယာဉ်များနှင့် ဆိုက်ကားများ ပေါ်တွင် ပင့်ဆောင်ပြီး ကျင်းပရာ ဂျုံးဂျုံးဂျ ရွှေဟောင်း ပြည်လုံးအေးဆုတောင်းပြည့်စေတီတော်မှ မြို့တစ်ပတ် ဆင်အကနှင့် အတီး၊ အမှုတ်၊ အကအခုန်များဖြင့် လှည့်လည်ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**



# ဝါးခယ်မတွင် လမ်းလျှောက်သင်္ကြန် စည်ကားစွာ ကျင်းပမည်

**ဝါးခယ်မ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်အား ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ဆန်း ၁ ရက်နေ့တွင် ပင့်သံဃာတော်ကြီးများက မြို့နယ်အတွင်း အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း၊ အသက် ၈၅ နှစ်နှင့်အထက် လူကြီးမိဘဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အတာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**လှမ်းသီဟ(ပြန်/ဆက်)**

# ငါးလုပ်ငန်းရာသီ ကလေးခရိုင်ရှိ ဂရန်အင်း ၁၂ နေရာကို လေလံတင်ရောင်းချမည်

**ကလေး မေ ၉**

ငါးလုပ်ငန်းရာသီအတွက် ဂရန်အင်းများမှ ငါးအထွက်နှုန်းတိုးတက်စေရန်၊ အင်းနယ်နိမိတ်အား ကာကွယ်စောင့်ရှောက်ရန်နှင့် အင်းရာသီအတွင်း ငါးကုန်/ရေခန်းဖမ်းဆီးခြင်းမပြုလုပ်ဘဲ အင်းရေချန်/ငါးချန်စနစ် လုပ်ကိုင်စေရန်တို့ကို ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၈- ၂၀၁၉ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ဂရန်အင်း ၁၂ နေရာကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ ရေလုပ်ငန်းလုပ်ကိုင်သူများအား ဈေးပြိုင်စနစ်ဖြင့် ပထမအကြိမ် လေလံတင် ရောင်းချပေးခြင်းကို မေ ၉ ရက် နံနက် ၁၀ နာရီတွင် လေလံစည်းကမ်းချက်များနှင့်အညီ ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်မည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ ဂရန်အင်းများမှာ ကလေးမြို့နယ်တွင် အင်းဒင်အင်း၊ ကလေးအင်း၊ တိန်ညှင်းအင်း၊ ရာဇဂြိုဟ်အင်းနှင့် မင်းကင်းမြို့နယ်တွင် ကံအင်း၊ သင်တောအင်း၊ ဘိုင်အင်း၊ မတောအင်း၊ တုံအင်း၊ ဘင်အင်း၊ ပင်တင်းအင်း၊ ပန်းဆက်အင်း စုစုပေါင်း အင်း ၁၂ နေရာတို့ဖြစ်ကြသည်။

“ဂရန်အင်းတွေဟာ နိုင်ငံတော်ပိုင်သယံဇာတတွေဖြစ်ပါတယ်။ အင်းလုပ်ငန်းဟာ သဘာဝက ထွက်ရှိတဲ့ငါးတွေကို ဖမ်းဆီးရတဲ့လုပ်ငန်းဖြစ်တာနဲ့အညီ ရေရှည် စဉ်ဆက်မပြတ် ငါးဖမ်းဆီးထုတ်လုပ်နိုင်ဖို့အတွက် အဲဒီဂရန်အင်းရဲ့ငါးမျိုးစိတ်တွေ မျိုးမသုဉ်းစေရေး၊ ငါးမျိုးတွေပြုန်းတီးနိုင်တဲ့ တရားမဝင်ငါးဖမ်း ကိရိယာတွေ အသုံးပြုခြင်းကနေ ကာကွယ်ကြီးကြပ်ရေး၊ ငါးရစ်ငါးသန်ရာသီချိန် တားမြစ်ကာလ ငါးဖမ်းဆီးမှုမရှိစေရေးတို့ကို အင်း လေလံဆွဲဝယ်ရရှိသူတွေက တာဝန်ရှိမှု၊ တာဝန်သိမှု အသိစိတ်ဓာတ်ရှိရှိနဲ့ အလေးထားဖို့ အခုလို ဆောင်ရွက်ခြင်းဖြစ်ပါတယ်”ဟု ကလေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အင်းများကို လေလံတင်ရောင်းချရာတွင် မည်သည့်ဌာန အဖွဲ့အစည်းကိုမဆို ဦးစားပေးအဆင့်မထားရှိဘဲ ပွင့်လင်းမြင်သာစွာ အများရှေ့မှောက်တွင် ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း၊ ပန်းကြေးပေးထားသကဲ့သို့ အပြန်အလှန် ညှိနှိုင်းဈေးနှုန်းဖြင့် ဆွဲဝယ်နေသည်ဟု အဖွဲ့ကသုံးသပ်မိပါက ဆက်လက်ရောင်းချခြင်းမပြုဘဲ ဆိုင်းငံ့ရမည်ဖြစ်ပြီး နောက်တစ်ကြိမ်လေလံရက်တွင် ပြန်လည်လေလံတင်ရောင်းချမည်ဖြစ်ကြောင်း၊ ပန်းကြေးတောင်းခံရယူကြောင်း တိကျစွာ ဖော်ထုတ်ရရှိပါက ပန်းကြေးပေးသူနှင့် ပန်းကြေးရယူသူနှစ်ဦးစလုံးအား လေလံဆွဲဝယ်ခွင့်ရုပ်သိမ်းပြီး ငါးလုပ်ငန်းဦးစီးဌာန အမည်ပျက်စာရင်းတင်သွင်းခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **ဗိုဟေဆာ**

# မိုင်းယုမြို့၌ ဝက်အပြင်းဖျားရောဂါ မဖြစ်ပွားစေရန် ရှောင်တခင်စစ်ဆေး

**မိုင်းယု မေ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ဝင်ရောက်မှုမရှိစေရေးအတွက် ဝက်ထွက်ပစ္စည်းများ သယ်ယူခြင်း၊ ပြန်လည်ရောင်းချခြင်းမရှိစေရေး မေ ၈ ရက် ညနေပိုင်းက မြို့ပေါ်ရှိ အေးခဲအသားဆိုင်များ၊ ကုန်တင်ယာဉ်များကို ရှောင်တခင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ထိုစစ်ဆေးရာသို့ မိုင်းယုမြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များက မြို့ပေါ်ရှိ အေးခဲအသားဆိုင်များ၊ ကုန်တင်ယာဉ်များတွင် ရေခဲရိုက် ဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ သယ်ယူခြင်းနှင့် ပြန်လည်ရောင်းချခြင်းမရှိစေရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ခံ ဦးစိုင်းဆိုင်စွတ်က အာဖရိကဝက်အပြင်းဖျားရောဂါနှင့်ပတ်သက်၍ လိုက်နာရမည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို အသိပညာပေးပြောကြားပြီး အာဖရိကဝက်အပြင်းဖျားရောဂါနှင့်ပတ်သက်သည့် ဗီနိုင်းပိုစတာများကို စိုက်ထူပေးခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# မကွေးမြို့၌ အမှိုက်ပုံးများချထားပေးမည်

**မကွေး မေ ၉**

မကွေးမြို့တွင်း လမ်းမများနှင့် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် အမှိုက်ပုံးများ ချထားပေးသွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

တစ်ပုံးလျှင် ၁၇ ဂါလန်ဆံ့ပြီး အမြင့် နှစ်ပေခွဲ၊ အကျယ် တစ်ပေခွဲခန့်ရှိသံထည်အမှိုက်ပုံးများကို သင်္ကြန်ကာလတွင် စတင်အသုံးပြုမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ပြီးပါက လမ်းမများဘေးနှင့် ဆေးရုံ၊ ဌာနဆိုင်ရာ၊ စာသင်ကျောင်း စသည့်နေရာများတွင် ချထားပေးမည်ဖြစ်ကာ ဟိုက်ဒရောလစ်အမှိုက်သိမ်းယာဉ်ဖြင့် တစ်ပတ်လျှင်နှစ်ကြိမ် သိမ်းဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကလေးမြို့နယ်အတွင်း မီးဘေး၊ လေဘေးနှင့်ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**ကလေး မေ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကလေးခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း၌ ဖြစ်ပွားခဲ့သော မီးဘေး၊ လေဘေးနှင့် ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို မေ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

“မေ ၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သွပ်အမိုးလန်ပျက်စီးခဲ့တဲ့ကျေးရွာအုပ်စု ခြောက်စု၊ အိမ်ခြေ ၁၅၇ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်းငါးမျိုးစီအပြင် မီးဘေးနဲ့ ရေဘေးသင့်မှုဖြစ်ပွားခဲ့တဲ့ အိမ်ထောင်စုတွေအတွက် ထောက်ပံ့ပေးအပ်တာပါ”ဟု ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကလေးခရိုင်ဦးစီးမှူး ဦးသန်းထွန်းအောင်က ပြောသည်။

ယင်းသို့ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကလေးမြို့နယ် လေဘေး၊ မီးဘေးနှင့် ရေဘေးသင့်အိမ်ထောင်စုများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ)ရှားမီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ ခရိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က မီးဘေးသင့်အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၁၂၆၀၀၊ လေဘေးသင့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၄၇၂၀၀၀၀ နှင့် ရေဘေးသင့်အိမ်ထောင် စု တစ်စုလျှင် ငွေကျပ် ၂၁၅၄၅၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Dip in ELTM သင်တန်းဖွင့်လှစ်မည့် အစီအစဉ် ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ်၊ အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Diploma in English Language Teaching, Methodology (Dip in ELTM) (အင်္ဂလိပ်စာ သင်ကြားရေးနည်းပညာဒီပလိုမာ) သင်တန်းကို အောက်အပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| သင်တန်းအမည် | - Diploma in English Language Teaching Methodology (Dip in ELTM) အင်္ဂလိပ်စာသင်ကြားရေးနည်းပညာဒီပလိုမာသင်တန်း |
| ပညာအရည်အချင်း | - အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်စာအဓိကဖြင့် ပထမဘွဲ့ရရှိသူ (သို့မဟုတ်) ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီဘွဲ့ကို ELT အထူးပြုဘာသာရပ်ဖြင့် ရရှိသူ |
| သင်ကြားမည့်နေရာ | - ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်ကြားပို့ချမည့်အချိန် | - တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ် နံနက် ၇း၀၀ နာရီမှ ၉း၀၀ နာရီထိ |
| သင်တန်းကာလ | - (၁၀)လ |
| သင်တန်းကြေး | - တစ်လ (၁၀၀၀၀) ကျပ် |
| ပေးအပ်မည့်ဘွဲ့ | - Diploma in English Language Teaching Methodology (Dip in ELTM) |
| လျှောက်လွှာ စတင်လက်ခံမည့်ရက် | - ၂၅-၄-၂၀၁၉ရက်မှ ၁၀-၅-၂၀၁၉ရက်အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | - ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ ဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက် | - ၁၆-၅-၂၀၁၉ရက်၊ နံနက် ၉ နာရီမှ ၁၁ နာရီထိ |
| လူတွေ့စစ်ဆေးမည့်ရက် | - ၂၄-၅-၂၀၁၉ရက် (သောကြာနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | - ရန်ကုန်ပညာရေးတက္ကသိုလ် |
| လျှောက်လွှာလက်ခံမည့်နေရာ | - ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန |
| စုံစမ်းရန် | - ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၁-၅၃၄၂၇၃၊ |

**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## Master of Arts (TEFL) သင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ အစီအစဉ်ဖြင့် Master of Arts (Teaching of English as a Foreign Language) MA (TEFL) (အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| သင်တန်းအမည် | - Master of Arts (Teaching of English as a Foreign Language) MA (TEFL)အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း |
| ပညာအရည်အချင်း | - အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ ပထမဘွဲ့ကို အင်္ဂလိပ်စာအဓိကဖြင့် ရရှိခဲ့ပြီး မဟာတန်းတက်ရောက်ရန် အဆင့်မီသူ (သို့မဟုတ်) ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဖွင့်လှစ်သော ဘွဲ့လွန်ဒီပလိုမာသင်တန်းမှ Diploma in ELTM ဘွဲ့လွန်ဒီပလိုမာ ရရှိပြီးသူ |
| သင်ကြားပို့ချမည့်အချိန် | - တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် ၁၃း၀၀ နာရီမှ ၁၇း၀၀ နာရီထိ |
| သင်တန်းကာလ | - (၂)နှစ် |
| သင်တန်းကြေး | - တစ်လ(၁၅၀၀၀)ကျပ် |
| ပေးအပ်မည့်ဘွဲ့ | - Master of Arts (Teaching of English as a Foreign Language) MA (TEFL) |
| လျှောက်လွှာ စတင်လက်ခံမည့်ရက် | - ၂၅-၄-၂၀၁၉ရက်မှ ၁၀-၅-၂၀၁၉ရက်အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | - ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်ရက် | - ၁၆-၅-၂၀၁၉ရက် နံနက် ၉ နာရီမှ ၁၂ နာရီထိ |
| လူတွေ့စစ်ဆေးမည့်ရက် | - ၂၃-၅-၂၀၁၉ရက် (ကြာသပတေးနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | - ရန်ကုန်ပညာရေးတက္ကသိုလ် |
| လျှောက်လွှာလက်ခံမည့်နေရာ | - ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန |
| စုံစမ်းရန် | - ရန်ကုန်ပညာရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန၊ **ဖုန်း-၀၁-၅၃၄၂၇၃** |

**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နုနုဌေး[၉/တကန(နိုင်)၀၀၈၃၄၁](ဘ) ဦးနု၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၆၇-၈၀၇၀၃၇၄**

## အမှားပြင်ဆင်ဖတ်ရှုပါရန်

၂၂-၃-၂၀၁၉ ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာ၏ စာမျက်နှာ(၂၄)၊ ကော်လံ(၃)တွင် ဖော်ပြပါရှိသော "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန"၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာနှင့်ပတ်သက်၍ တန်ရှော့ဝမ်(ခ)ဒေါ်သန်းမြင့်၏ ကွယ်လွန်သည့်နေ့ရက် ၂၇-၄-၂၀၁၈ အား ၂၇-၄-၂၀၀၇ ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဘုရင့်နောင်၊ မြေကွက်အမှတ်-ဃ-၅၁၊ မြေကွက်တည်နေရာအမှတ်-ဃ-၅၁၊ ရေတမာလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဦးမောင်မောင်ထွန်း[၁၂/လသန(ဧည့်)၀၀၀၃၃၇]၊ အမည်ပေါက် ၂၅နှစ်၊ မြေငှားဂရန်မြေအား အမည်ပေါက်ချန်ဂျန်ဖွန်(ခ)ဦးမောင်မောင်ထွန်း[၁၂/လသန(ဧည့်)၀၀၀၃၃၇] ကိုယ်တိုင်မှ ၁၃-၁၂-၁၉၉၃ခုနှစ် ထုတ်ပေးထားသည့် ၂၅နှစ်ဂရန်အား ဘဏ်ချေးမြေပုံ လျှောက်ထားခဲ့ပြီး ၁၃-၁-၂၀၁၂ရက်တွင် ဘဏ်ချေးငွေများအား ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ဘဏ်ချေးမြေပုံမှာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း မြေကွက်အား အမှန်တကယ်ပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် မည်သည့်ဘဏ်တွင်မှ အာမခံအဖြစ်တင်ထားခြင်း မရှိပါကြောင်း၊ ၁၁-၁၀-၂၀၁၈ရက်စွဲဖြင့် ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ရေကူးကန်လမ်း၊ အမှတ်(၅)တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ၊ မြေကွက်အမှတ်-၄၂/၁-ပ၊ မြေအမျိုးအစားမြေပိုင်မြေ၊ အမည်ပေါက် နော်ဂေးနွဲ့(ခ) ဂါဒင်းနီးယား(KLD-095374) ဖြစ်ပါသည်။ (မိခင်)ဒေါ်နော်ဂေးနွဲ့(ခ)ဂါဒင်းနီးယား[၁၂/ဗဟန(နိုင်)၀၆၁၅၀၂]မှာ ၁၃-၃-၂၀၁၅ ရက်တွင်ကွယ်လွန်ကြောင်း၊ ၎င်း၏(ခင်ပွန်း)ဦးအမင်း(န်)ဂျာမား(ခ)ဦးမောင်မောင်တင်(ဖခင်)မှာ ၂၇-၁၀-၂၀၁၈ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းတို့တွင် သား(၃)ဦးသာ ထွန်းကားခဲ့ကြောင်း၊ ၎င်းတို့ညီအစ်ကို(၃)ဦးသာတရားဝင်အမွေဆက်ခံသည့်သားအရင်းများအဖြစ် ကျန်ရစ်ခဲ့ပြီး အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း ဦးသက်ကိုကိုတင်[၁၂/ဗဟန(နိုင်)၀၀၂၀၁၄]၊ ဦးသက်ညီညီတင်[၁၂/ဗဟန(နိုင်)၀၇၆၄၉၂]၊ ဦးဇင်မောင်မောင်တင်[၁၂/ဗဟန(နိုင်)၀၈၃၄၇၀]တို့မှ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၌ ၁၉-၂-၂၀၁၉ ရက် ကတိသစ္စာပြုသည့်တရားရုံးကျမ်းကျိန် အမှတ်စဉ်(၂/၁၃၈၆)ကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်ကတိသစ္စာပြုလွှာ(၂)စောင်နှင့်အတူ ဦးသက်ကိုကိုတင်၊ ဦးဇင်မောင်မောင်တင်တို့မှ ဦးသက်ညီညီတင်သို့လွှဲအပ်သော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၆၄၉၉/၁၉-၂-၂၀၁၉)နှင့် ယင်းG.P လွှဲအပ်သူ(၂)ဦးမှာသက်ရှိထင်ရှားရှိကြောင်းနှင့် G.Pပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကတိသစ္စာပြုလွှာ၊ မြေအမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ ဦးသက်ညီညီတင်မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**







## Jonathan Paul Nochols (Managing Director & Founder) ဒေါ်ဝင်းဝင်းခိုင် (Managing Director) WW Khine Property Co.,Ltd တို့နှင့်တကွ အများသိစေရန် ကြေညာခြင်းခေါင်းစဉ်ဖြင့် ဦးထွန်းသန့်ဇင်အောင် (တရားလွှတ်တော်ရှေ့နေ)၊ ဦးသန်းလွင်ဦး၊ ဒေါ်သက်ဝေအောင် (အထက်တန်းရှေ့နေများ)က ၆-၄-၂၀၁၉ရက်ထုတ် ကြေးမုံသတင်းစာပါ ကြေညာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း ကြေညာပြီး ဥပဒေနှင့်အညီ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့တွင် တည်ထောင်ထားသော (1) WW Khine Property Co.,Ltd နှင့် (2) Mya Bay H & Co Ngwe Saung Company များ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ဝင်းဝင်းခိုင်၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာပြီး ဥပဒေနှင့်အညီ အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးထွန်းသန့်ဇင်အောင် (တရားလွှတ်တော်ရှေ့နေ)၏ ကြေညာချက်များသည် မှန်ကန်မှုမရှိ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းဝင်းခိုင်နှင့်သက်ဆိုင်သမျှ ဖော်ပြချက်များကို အတိအလင်းငြင်းဆိုပါသည်။ ဦးထွန်းသန့်ဇင်အောင် (တရားလွှတ်တော်ရှေ့နေ)မှ ၃၀-၁-၂၀၁၉ ရက်စွဲဖြင့် Jonathan Nichols နှင့် ဒေါ်ဝင်းဝင်းခိုင်သို့ ကြေညာချက်များပါ အကြောင်းအရာများဖော်ပြလျက် Notice စာပေးပို့ခဲ့ရာ ဒေါ်ဝင်းဝင်းခိုင်မှ ၅-၂-၂၀၁၉ ရက်စွဲဖြင့် အကြောင်းပြန်ကြားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အကြောင်းပြန်ကြားစာတွင် ၎င်းနှင့်ပတ်သက်သည့်ကြေညာချက်ပါ အဆောက်အဦများအား အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ခြင်းမရှိကြောင်း ၎င်းပိုင်ဆိုင်သည့် အဆောက်အဦ ရောင်းချပေးရန် မည်သူ့ကိုမှ လွှဲအပ်ထားခြင်းမရှိကြောင်း၊ ဝယ်ယူသူမှာ နိုင်ငံခြားသားဖြစ်ကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံတွင် အဆောက်အဦများ ဝယ်ယူပိုင်ဆိုင်နိုင်သည့် အခွင့်အရေးမရှိကြောင်း Myanmar First Globel Ltd နှင့် ပတ်သက်၍ ၎င်းပိုင် အဆောက်အဦများရောင်းချရန် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တရားဥပဒေနှင့်အညီ ဖြေရှင်းရန် အသင့်ရှိကြောင်း ပြန်ကြားပြီးဖြစ်ပါလျက် ကျွန်ုပ်မိတ်ဆွေ၏ ကောင်းသော ဂုဏ်သတင်းကျော်စောခြင်းကို ထိခိုက်စေရန် တမင်ရည်ရွယ်၍ ယခုကဲ့သို့ထပ်မံ၍ ကြေညာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကြေညာချက်တွင်ပါရှိသည့် အရောင်းအဝယ်စာချုပ်ပြုလုပ်ဝယ်ယူခဲ့သည်ဟုဆိုသော (1) Lakeside Royal Maung Bamar Residence ရှိ (units 11O &11C) နှင့် Car parking(2) နေရာ၊ တိုက်ခန်း(၂)ခန်းနှင့် ပတ်သက်၍ အဆိုပါ အဆောက်အဦတစ်ခုလုံးမှာ Nay Kabar Myanmar Construction Co.,Ltd မှ ပိုင်ဆိုင်သော အဆောက်အဦများဖြစ်ကြောင်း၊ အဆိုပါ (၂)ခန်းအား မည်သူ့ထံမှ မည်သူက ဝယ်ယူခဲ့ခြင်းဖြစ်သည်ကို ဒေါ်ဝင်းဝင်းခိုင်မသိရှိကြောင်း၊ Nay Kabar Myanmar Construction Co.,Ltd ၏ တရားလွှတ်တော်ရှေ့နေ ဦးမြင့်လွင်မှ ၂၆-၁၂-၂၀၁၈ရက်စွဲဖြင့် ပေးပို့ခဲ့သည့် အကြောင်းကြားစာအပေါ် ရှင်းလင်းခဲ့ပြီး ရောင်းချပိုင်ခွင့်မရှိသူမှ ရောင်းချခဲ့ခြင်းအပေါ် ဝယ်ယူသူမှ ဥပဒေနှင့်အညီ တရားစွဲဆိုပိုင်ခွင့်ရှိကြောင်း ပြန်ကြားခဲ့ပြီးဖြစ်ပါသည်။

(2) 50th Street Residence (units 1101,1110 &1111) car parking (3) နေရာ၊ (3)Ngwe Saung Plaza တွင် ရှိသော Shophouse (units G,I,K,L,M,N &O) နှင့် Car Parking(7) နေရာတို့သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းဝင်းခိုင်မှ ဝယ်ယူပိုင်ဆိုင်ထားသော အခန်းများဖြစ်ပါသည်။ ဒေါ်ဝင်းဝင်းခိုင်အနေဖြင့် အဆိုပါအခန်းများကို မည်သူတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ မည်သည့်ကုမ္ပဏီကိုသော်လည်းကောင်း ရောင်းချထားခြင်းမရှိကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချပေးရန် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းမရှိကြောင်း၊ အခန်းများ၏ ပိုင်ရှင်တစ်ဦးအနေဖြင့် တရားဝင်အငှားချထားလျက်ရှိကြောင်း သိစေအပ်ပါသည်။ အဆိုပါအခန်းများကို ပိုင်ဆိုင်ခွင့်မရှိဘဲ ရောင်းချခဲ့သူအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ကြောင်း သိရှိပါလျက် ငှားရမ်းခများကို ကိုယ်ကျိုးအတွက် အသုံးပြုခဲ့သည်ဟု မမှန်မကန် စွပ်စွဲပြောဆိုကြေညာခြင်းသည် ဒေါ်ဝင်းဝင်းခိုင်၏ ဂုဏ်သရေပျက်စေရန် တမင်ရည်ရွယ်၍ ကြေညာခဲ့ခြင်းဖြစ်သည့်အတွက် ကြေညာခဲ့သူ Our Dream Co-Working Space (Yangon) Co.,Ltd ၏ လွှဲအပ်ညွှန်ကြားသူအား ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပြီး တောင်းပန်ရန် တောင်းဆိုပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

Our Dream Co-Working Space (Yangon) Co.,Ltd ၏ Partner ဆိုသူ David (ခ) ထက်ကိုကိုဇော်သည် ဒေါ်ဝင်းဝင်းခိုင်၏ ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ လမ်း(၅၀) အခန်းများသို့ သွားရောက်စုံစမ်းမေးမြန်းခြင်း၊ ငွေဆောင်ပလာဇာရှိ အခန်းများသို့ သွားရောက်ကာ အခန်းငှားရမ်းထားသူများအား စိတ်အနှောင့်အယှက်ဖြစ်စေရန် အခန်းမှ ဖယ်ရှားထွက်ခွာပေးရန် ခြိမ်းခြောက်ပြောဆိုမှုများရှိခဲ့ပါသည်။ ထိုသို့ ပြုမူ ဆောင်ရွက်ချက်များအား နောက်နောင်မပြုလုပ်ရန် အသိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း David (ခ) ထက်ကိုကိုဇော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နေခြည်ဝင့် LL.B** | **ဦးတင်သောင်း H.G.P,B.A(Law),LLB** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၀၈၄)** | **(စဉ်-၁၉၈၉)** |

**အမှတ်-၅၆၅၊ အခန်း-၁၀၃/ဒီ၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၆၄၈၆၊ ၀၉-၄၂၅၃၂၃၃၉၀**
**email:utinthaung @gmail.com**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာအလယ်တန်းဆင့် Grade-6 (သင်ရိုးသစ်) ကျောင်းသား/ကျောင်းသူများ အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများဝယ်ယူရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender)တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| ၂။ | အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် | - ၁၀-၄-၂၀၁၉ ရက်၊ နံနက် ၉း၃၀ နာရီ |
| | အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် | - ၁၀-၅-၂၀၁၉ ရက်၊ ၁၆း၃၀ နာရီ |
| | တင်ဒါတင်သွင်းရမည့်နေရာ | - ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော် |
| ၃။ | တင်ဒါဖွင့်မည့်ရက် | - ၁၆-၅-၂၀၁၉ ရက်၊ (ကြာသပတေးနေ့) |
| | တင်ဒါဖွင့်မည့်နေရာ | - ရုံးအမှတ်(၁၃)၊ အခြေခံပညာဦးစီးဌာန၊ အစည်းအဝေးခန်းမ |
| | တင်ဒါဖွင့်မည့်အချိန် | - နံနက် ၁၀း၀၀ နာရီ |

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်**
**ဖုန်းနံပါတ် ၀၆၇-၃၄၀၇၆၈၆၊ ၀၆၇-၃၄၀၇၆၉၀**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၆၂ နှင့် ဆက်နွယ်သည့်
## ၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၂၅

| | | |
|---|---|---|
| (၁) ဒေါ်မြင့်မြင့်ခိုင် | နှင့် | (၁) ဦးရဲစိုးလင်း |
| (၂) ဒေါ်မိမိခိုင် | | (၂) ဦးစိုးခ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်-၁၅၄၊ ဒုတိယထပ်(ဝဲ)နေ ဦးစိုးခ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၆၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်များက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်(၁၃၈၁ ခုနှစ်၊ တန်ခူးလကွယ်နေ့)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**မူးယစ်ဆိုက ဆန့်ကျင်ကြ**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်-ဏ/၄၀၊ မြေကွက်အမှတ်-၅၁၇/ခ၊ မြေအကျယ်အဝန်း ပေ(၂၀×၆၀)ရှိဦးမြင့်အောင်(**MYGN**-၀၁၀၄၂၅) ပါမစ်အမည်ပေါက်မြေကွက်နှင့်ပတ်သက်၍-

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးဝင်းအောင်မိုး[၁၂/လမန(နိုင်)၀၀၀၉၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွန့်(LL.B)** | **ဦးနိုင်ထွန်းလင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)** |

**အမှတ်(၁၉၅)၊ ပထမထပ်(ယာ)၊ (၃၉)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျွန်တော် ဦးမြင့်နိုင်[၁၂/သလန(နိုင်)၀၇၂၀၀၂]သည် လသာမြို့နယ်၊ သိမ်ကြီးဈေး(ဃ)ရုံ၊ မြေအောက်ထပ်၊ ဆိုင်အမှတ်(၉၈) အား အမည်ပေါက် ဦးအောင်နိုင်ဦးထံမှ ဝယ်ယူထားရှိပြီး ၎င်းဆိုင်ခန်း၏ မှတ်ပုံတင်စာအုပ်အဟောင်းအမှတ်(၀၅၀၂၉)မှာ ကျွန်တော့်ထံတွင် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် မှတ်ပုံတင်စာအုပ်အသစ်လျှောက်ထားရယူမည်ဖြစ်ပြီး ကျွန်တော် ဦးမြင့်နိုင်[၁၂/သလန(နိုင်)၀၇၂၀၀၂] အမည် ဖြင့် အမည်ပြောင်းဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်နိုင်**
**[၁၂/သလန(နိုင်)၀၇၂၀၀၂]**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၉၂၃၊ ဧရိယာ(၀.၀၅၆)ဧကရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ချို[၁၂/သဃက(နိုင်)၁၀၇၉၇၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်များကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်လွင်လွင်မြင့်[၁၂/ကမတ(နိုင်)၀၀၇၂၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ပြုသည့်မြေကွက်နှင့် နေအိမ်တို့နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းထက် LL.B,LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၇၆)**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၁၁၅၇၆၊ ၀၉-၉၇၆၇၅၆၀၆၂**

**တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏**

## (၃) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးမြင့်အောင် (ညွှန်ကြားရေးမှူး-ငြိမ်း)**

**ဆည်မြောင်းဦးစီးဌာန**

ကျေးဇူးရှင် ဒယ်ဒီကွယ်လွန်သည်မှာ ၁၀-၄-၂၀၁၉ ရက်တွင် (၃) နှစ်ပြည့်ပြီဖြစ်သော်လည်း အမြဲထာဝရသတိရလွမ်းဆွတ်လျက်ပါ၊ မိသားစုအတွက် အေးချမ်း၊ ငြိမ်းအေးလုံခြုံစေခဲ့သော ချစ်ခင်ပွန်းအတွက် ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများအား ရရှိခံစားနိုင်စေရန် ဆုတောင်းပြု ပို့သလိုက်ပါတယ်။

**ချစ်ဇနီး - နွယ်လေး**

**ချစ်သားများ - သူရအောင်၊ ဇာနည်အောင်**

**ချစ်သမီး - ဖြူနှင်းအောင်**

## (၈) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဒေါက်တာဦးညွှန့်ဝင်း (အရှေ့ပိုင်းသားဖွားခန်း)**

လူတိုင်းအပေါ်တွင် မေတ္တာ၊ ကရုဏာ၊ စေတနာနှင့်ကူညီပေးတတ်သော ကျေးဇူးရှင်ဖခင်ကြီး မိသားစုနှင့် ခွဲခွာခဲ့သည်မှာ ၁၀-၄-၂၀၁၉ ရက်တွင် (၈)နှစ်ပြည့်ခဲ့ပါပြီ။ နေ့စဉ်အမြဲသတိရအောက်မေ့လျက် နေ့စဉ်လစဉ်ပြုလုပ်လျက်ရှိသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မိသားစုမှ အမျှပေးဝေပါသည်။

**ကျန်ရစ်သူဇနီး-ဒေါ်ကြည်ကြည်စိန်(ခ)ဒေါ်နှင်းဆီ**

**သားသမီးများနှင့် သားသမက် မောင်ဖုန်းနိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ထိုက် (မြင်းခြံ)**

**အသက် (၈၇) နှစ်**

ဦးသစ္စာ-ဒေါ်ငွေငွေတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်ထိုက်သည် ၇-၄-၂၀၁၉ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**KOL Global Co., Ltd မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်အုံးမြင့် (ဖြူး)**

**အသက်(၈၂)နှစ်**

ဒုတိယဗိုလ်မှူးကြီး သန်းတင့်(ငြိမ်း) (အထူးအရာရှိ၊ နယကရုံး)၏ ဇနီးသည် ၆-၄-၂၀၁၉ (စနေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းအမျှ ပို့သအပ်ပါသည်။

**ဦးဇော်မြင့်ဖေနှင့် ဇနီး ဒေါ်မေခင်**

**နေပြည်တော်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်းဇော်**

**အသက်(၅၄)နှစ်**

**(ဒိုက်ဦးဝက်မွေးမြူရေးခြံနှင့်အစာစပ်စက်ရုံ)**

**L.F.M.E**

မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ ဝန်ထမ်းဖြစ်ခဲ့ပါသော ဦးသိန်းဇော် အသက်(၅၄)နှစ် သည် ၃၀-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သော ၎င်း၏ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း**

**ဝန်ထမ်းဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်မင်းသွင်**

**အသက်(၃၄)နှစ်**

**(မော်တော်ယာဉ်ဌာန)**

**L.F.M.E**

မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ ဝန်ထမ်းဖြစ်ခဲ့ပါသော ဦးကျော်မင်းသွင် အသက်(၃၄)နှစ်သည် ၃-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သော ၎င်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း**

**ဝန်ထမ်းဟောင်းများအသင်း**

## ဒေါ်သန်းတင် (ကျောက်ဖြူမြို့)

**အသက် (၇၉) နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ (ဦးအောင်ကျော်-ဒေါ်အေးညွှန့်) တို့၏သမီးထွေး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ မြို့ပတ်လမ်း၊ တိုက်(၁၀)၊ ခြောက်လွှာ၊ ကျောက်မြောင်းနေ (ရဲအုပ်ဦးချစ်လှိုင်)၏ဇနီး၊ ဦးမျိုးလွင်-ဒေါ်မေသန်းလှိုင်၊ ဒေါ်သီတာလှိုင်၊ ဒေါ်မိုးသူလှိုင်(ခ)မြင့်မြင့်၊ ဒေါ်နီလာလှိုင်(ခ)ပေါက်ပေါက်၊ ဦးဇော်ဇော်အောင် (ချိန်ကောင်းကုမ္ပဏီ)၊ ဒုရဲမှူးစန်းစန်းလှိုင်(လေကြောင်းရဲတပ်ဖွဲ့)၊ ဦးကျော်ကျော်လှိုင်၊ ဦးထွန်းထွန်းလှိုင်-ဒေါ်ခင်စန်းနွယ်၊ မခင်စုစုလှိုင်တို့၏ မွေးမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွား ဒေါ်သန်းတင်သည် ၉-၄-၂၀၁၉ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစံ(တောင်သာ)

**ရုံးအဖွဲ့မှူး-ငြိမ်း၊ အလုပ်သမားဝန်ကြီးဌာန**

**အသက် (၉၀)**

တောင်သာမြို့နေ (ဦးရှင်လေး-ဒေါ်သက်ညွှန့်)တို့၏ သားကြီး၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၁၄၁၃)နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ဦးသိန်းစိုးဦး-ဒေါ်အိဝါစံ၊ ဒေါ်အိမာစံ (လ/ထညွှန်မှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန-နေပြည်တော်)၊ ဒေါ်မြတ်မြတ်စံကိုတို့၏ဖခင်၊ မောင်ကောင်းဆက်လူ၊ မောင်မြင့်မြတ်ပိုင်တို့၏ အဘိုးသည် ၉-၄-၂၀၁၉ ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်း တည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်ခင်သိန်း

**(ကြက်မင်းထမင်းဆိုင်)**

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် (၄၈)နေ (ဦးလွန်းမောင်-ဒေါ်စောကြည်)တို့၏ သမီး၊ (ဦးကျော်အောင်)၏ ဇနီး၊ (ဦးသက်တင်)-ဒေါ်ခင်ကြိုင်၊ (ဒေါ်ခင်သောင်း) တို့၏ ညီမ၊ (ဦးသောင်းမြင့်-ဒေါ်ခင်မြင့်)၊ (ဦးမြထွန်း)-ဒေါ်အေးသောင်းတို့၏ အစ်မ၊ ဦးစိန်လှိုင်၊ (ဦးသန်းအောင်)-ဒေါ်ညိုညိုစိန်၊ ဦးကျော်ငွေ-ဒေါ်လှလှမြိုင်၊ ဦးသန်းဝင်း-ဒေါ်သန်းသန်းမြိုင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး**

## ဒေါ်တင်နွဲ့

**(ဗဟိုစံပြငါးဈေးကြီး၊ ဒိုင်အမှတ် လမ/၃၀)**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာမြို့နယ်နေ (ဦးနှင်းစိန်-ဒေါ်နှင်းလှ)တို့၏ သမီးကြီး၊ ရောဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၊ တော်ဖရုံကျေးရွာနေ (ဦးပေါ်အေး-ဒေါ်လှတင်)တို့၏ သမီးချွေးမ၊ ဦးအုန်းမြင့်၊ (ဦးအောင်ကြည်-ဒေါ်စန်းစန်းအေး)၊ ဦးဝင်းအောင်-ဒေါ်မေသက်မွန်တို့၏ အစ်မကြီး၊ ဦးဖုန်းဇော်-ဒေါ်သီတာဦး၊ ဦးစိုးနိုင်ဦး၊ ဦးအောင်ကျော်မင်း-ဒေါ်ခက်ဝါဦး၊ ဦးမြင့်လွင်-ဒေါ်နန်းဝါဦး၊ ဦးဝေလင်းထွဋ်-ဒေါ်ဥမ္မာတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏ အဘွား၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ(၁၁)လမ်း၊ အမှတ် (၁၇)နေ (ဦးမြင့်ဆွေ)၏ ချစ်လှစွာသောဇနီးသည် ၈-၄-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် မြောက်ဥက္ကလာမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ(၁၁)လမ်း၊ အမှတ်(၁၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူး ကြီးလှိုင် (ငြိမ်း)

**အငြိမ်းစားများနာရေးကူညီမှုအသင်း (လှည်းကူးမြို့နယ်)၊ ဥက္ကဋ္ဌ**

**အသက် (၆၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ (ဦးကြည်-ဒေါ်ကျင်) တို့၏သား၊ ဦးအောင်တင်ဝင်း-ဒေါ်ကြည်ကြည်စန်း၊ ဦးသက်ဝင်းအောင် (KOREA)-ဒေါ်ညိုညိုသင်း၊ ဦးနွေမိုးငြိမ်း(ကညန)-ဒေါ်ဇာဇာညွှန့်လှိုင် (ကညန)၊ ဗိုလ်ကြီးသက်ထွေးအောင်-ဒေါ်ဆုရည်ဝင်း(ARCHITECT)၊ ဦးရန်ဝေးအောင်(စရဖ-မော်လမြိုင်)-ဒေါ်ခင်ဝင်းမြင့်(ထက်ပြ)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်စန်းရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကုသိန္နာရုံသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ လှည်းကူးမြို့ တပင်ရွှေထီးလမ်းသွယ်(၃)၊ မြို့မ (၈/၃)ရပ်ကွက်နေ (ဗိုလ်မှူးကြီးလှိုင်)-ဒေါ်ခင်စန်းရီတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်မြင့်

**အသက်(၆၃)နှစ်**

**(ကားအရောင်းအဝယ်)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၃၀)နေ ဒေါ်ဘေဘီမြင့် ၏ ခင်ပွန်း၊ မင်းဘူးကျောင်းတော်ရာနေ ဦးလှ-ဒေါ်အမာတို့၏ သား၊ ဦးခင်မောင်စိုး-ဒေါ်ခင်ချိုမြင့်၊ ဦးခင်မောင်လတ်-ဒေါ်မိုးမိုးတို့၏ ညီ၊ ဦးခင်မောင်တင့်-ဒေါ်ညိုစန်း၊ ဦးမောင်မောင်အေး-ဒေါ်ခင်သန်းမြင့်၊ ဦးခင်မောင်ငွေ-ဒေါ်အားငယ်၊ ဦးခင်မောင်ညွှန့်-ဒေါ်အေးအေး၊ ဒေါ်အေးအေးမြင့်တို့၏ အစ်ကို၊ ကိုအောင်မျိုးထွန်း-မအိအိဖြိုး၊ မထက်အိပိုင်း၊ မဆုရည်နှင်းတို့၏ဖခင်၊ မယွန်းမေသော်၏ အဘိုး ဦးခင်မောင်မြင့်သည် ၉-၄-၂၀၁၉ ရက် မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးဝင်းမြင့်(ခ)ဦးချူး

**(လက်ပံတန်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့ အမှတ်(၁၂၃)၊ ပါရမီလမ်း၊ လှိုင်မြို့နယ်နေ (ဦးရွှေစွန်-ဒေါ်အင်ဘိ)တို့၏ သား၊ (ဦးချွန်စိန်-ဒေါ်မြလေး)တို့၏ သားသမက်၊ ဒေါ်ကြည်ဝင်း၏ခင်ပွန်း၊ ဒေါ်သီတာဝင်း၊ ဦးနိုင်ဝင်း-ဒေါ်စန္ဒာဝင်း၊ ဒေါက်တာအောင်သူ-ဒေါ်သီသီလွင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဦးဝင်းမြင့်(ခ)ဦးချူးသည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်သီ (မော်လမြိုင်)

**မူလတန်းပြဆရာမ(ငြိမ်း)၊**

**အထက-၂၊ မော်လမြိုင်**

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၄၃)လမ်း(အလယ်)၊ အမှတ်(၁၁၃)နေ (ဦးရာဆံ-ဒေါ်လှခိုင်)တို့၏သမီး၊ (ဦးဟီ-ဒေါ်စိန်ရင်)တို့၏ သမီးချွေးမ၊ ဦးဖိုးအေး (ဌာနခွဲစာရေးကြီး-ငြိမ်း၊ ဆ.သ.ရ)၏ဇနီး၊ ဦးမောင်မောင်လွင်-ဒေါ်ခင်ခင်နွယ်၊ ကပ္ပတိန်ဦးမောင်မောင်သွင်-ဒေါ်ဆန်းဆန်းဝင်း(B.Ag.Sc)တို့၏ မွေးသမိခင်၊ ကိုကျော်ဝင်းနိုင်၊ မမိုမိုအောင်-Ming Chi Kwong၊ မထားထားဦး၊ ပိုးယုယယွန်းမောင်(ခ)စန်းတို့၏အဘွား၊ Danny Kwong ၏ဘွားဘွား ဒေါ်ခင်သီသည် ၈-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၅၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ ၄၃-လမ်း၊ အမှတ်-၁၁၃နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည် စူး၍ ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊**

**ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်အေးဆွေ (ခ) ဒေါ်ကြည်ကြည်အေး

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်၊ (၁၉) ရပ်ကွက်၊ သီရိမာလာလမ်း၊ အမှတ် (၂၇၅/ခ)နေ ဦးအုန်းမြင့်(ခ)ဦးတွတ်၏ ဇနီး၊ (ဦးမိုးမြင့်)၊ ဒေါ်စိုးအေးမြင့်၊ ဒေါ်တိုးအေးမြင့်၊ (ဒေါ်မျိုးအေးမြင့်)၊ ဦးဝင်းနိုင်နိုင်ထွန်းတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၈-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၁၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ် ဒါယကာကြီး**

## ဦးသန်းရွှေ

**ကုန်သွယ်ရေး-၅/အထည်(ငြိမ်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့ ကျောက်မြောင်းအမှတ်(၁၈)၊ သုံးလွှာ၊ သုခလမ်းနေ (ဦးဘိုကြီး-ဒေါ်မြရီ)တို့၏ သား၊ ဒေါ်ပြုံးရီ၏ ခင်ပွန်း၊ ဦးမောင်မောင်ဦး (ဂျပန်ညှော်လမ်းညွှန်)၊ ဦးတိုင်းအောင်ဦး(သစ်တောဦးစီးဌာန)-ဒေါ်အေးအေးမိုးတို့၏ ဖခင်၊ မောင်ဟိန်းသူရိန်ဖြိုး-မယမင်းဖြူ၊ မအေးချမ်းခင်ခင်၊ မောင်မင်းခန့်အောင်တို့၏ အဘိုး ဦးသန်းရွှေသည် ၈-၄-၂၀၁၉ ရက် ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ ရက် နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သောင်း(ခ)ဦးလှလေး

**(EPC-ဌာနခွဲမှူး-ငြိမ်း)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့ ကျွန်းတောတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၂၁)၊ ကျွန်းတောကျောင်းလမ်း၊ သုံးလွှာ(B)နေ (ဦးဖိုးရှင်း-ဒေါ်အေးရင်) တို့၏ သား၊ (ဒေါ်ကြည်စိန်)၏ ခင်ပွန်း၊ (ဦးကျော်အောင်)၊ ဦးခင်အုန်းကျော်-ဒေါ်သန်းသန်းဆွေ၊ ဒေါ်ဝင်းဝင်းဆွေ၊ ဦးငွေစိုး-ဒေါ်ရှမ်းမ၊ ဦးသန်းထိုက်အောင်-ဒေါ်မြင့်မြင့်ဆွေ တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နွဲ့(ပုသိမ်)

**အသက် (၈၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ရေခဲစက်လမ်း၊ မရမ်းချိုရပ်၊ အမှတ်(၁)နေ (ဦးသာဒင်-ဒေါ်သိမ်းရွှေ)တို့၏သမီးကြီး၊ (ဦးတင်ဝင်း)၏ဇနီး၊ ဦးဝင်းမြင့်-ဒေါ်ညွှန့်ညွှန့်တို့၏ အစ်မ၊ ဦးသိန်းနိုင်-ဒေါ်သန္တာဦး(မြန်မာ့သစ်လုပ်ငန်း)၊ ဦးရဲဝင်း(လက်ထောက်မန်နေဂျာ၊ မြန်မာ့မီးရထား)၊ မဥမ္မာဝင်း(မြန်မာ့သစ်လုပ်ငန်း)တို့၏ မိခင်၊ မောင်စည်သူအောင်၊ မောင်ရဲမြတ်ဖုန်းအောင်တို့၏အဘွား ဒေါ်ခင်နွဲ့သည် ၈-၄-၂၀၁၉ ရက် ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၄-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် သရောင်ချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ အသိမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဟန်(ခ)ဦးပွ (ကျုံဒိုး)

**အသက်(၇၈)နှစ်**

ကရင်ပြည်နယ်၊ ကျုံဒိုးမြို့ (၂)ရပ်ကွက်၊ ဟောင်သရောလမ်း၊ အမှတ်(၈)ကမ်းနားပိုင်းနေ ဦးတင်ထွဋ်ဦး-ဒေါ်သန်းသန်းဝင်း၊ ဒေါ်အေးအေးခိုင်-ဦးတင်သန့်ဇော်၊ ဒေါ်တင်တင်ခိုင်-ဦးနီတာ၊ ဒေါ်မာမာခိုင်-ဦးစိုးမိုး၊ ဒေါ်ယုယုခိုင်-ဦးကိုကိုမောင်၊ ဦးတင်အောင်ထွေး-နန်းစေးအွာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၄ ယောက်တို့၏အဘိုး ဒေါ်ရီရီမြ၏ခင်ပွန်းသည် ၈-၄-၂၀၁၉ ရက် ညနေ ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျုံဒိုးမြို့ နွားခြံကုန်းသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးညွှန့်လွင်

**စက်မှုဝန်ကြီးဌာန၊ အထည်လိပ်လုပ်ငန်း၊ ဌာနခွဲမှူး-ငြိမ်း**

**Admin Executive, UTW Myanmar Limited, A member firm of EY**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(B/5)နေ ဦးအေးမောင်-ဒေါ်ထားရီတို့၏ သား၊ ဦးထွန်းကြည်-ဒေါ်ခင်မြတို့၏ သားသမက်၊ ဒေါ်နုနုအေး-ဦးကျော်မောင်တို့၏ ညီ/မောင်၊ (ဒေါ်စန်း စန်းရီ)၏ ချစ်လှစွာသောခင်ပွန်း၊ မသက်မာလွင်ဦး(CHID Bank)-ဦးအောင် ကျော်ထွန်း၊ ဦးစည်သူလွင်တို့၏ မွေးဖခင်သည် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွတ်ထိပ်စံ (ခ) ဦးနေလင်း

**B.A (Geography)**

**အသက် (၄၀)**

ဦးသွင်အောင်-ဒေါ်အေးအေးယုတို့၏တစ်ဦးတည်းသောသား၊ (ဦးစံသိန်း)-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ်(၅)၊ မြေညီထပ်(ခေါင်းရင်းခန်း)နေ ဒေါ်အေးပွင့်ဖြူ၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်နွယ်နွယ်ဦး(ထက်အုပ်-ငြိမ်း)၊ (ဗိုလ်ကြီးဝင်းနိုင်)၊ (ဦးဝင်းမော်)၊ (ဒေါက်တာဝင်းငွေ)-ဒေါ်ဖြူဖြူလှ၊ ဒေါ်လတ်လတ်သွေး(အထက-အလယ်စု၊ တွံတေး)၊ ဦးထင်ပေါ်ထူး-ဒေါ်သီတာယဉ်တို့၏တူ၊ ဦးငြိမ်းချမ်းကိုကို-ဒေါ်စုထိပ်စံ၊ ဗိုလ်ကြီးဆန္ဒအောင်-ဒေါ်လျှမ်းထိပ်စံ၊ ဗိုလ်ကြီးမျိုးမင်းထွန်း-ဒေါ်အိမ့်ရွှေရည်ထိပ်စံ၊ မပိုးစန္ဒီထိပ်စံ၊ မတော်ဝင်နန်းထိပ်စံတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မောင်ဘုန်းမင်းဇေယျာပိုင် (ပထမနှစ်၊ ရှေးဟောင်း၊ ဒဂုံတက္ကသိုလ်)၊ မောင်ညွှန်းထက်ဝေယံလှိုင်(ပဉ္စမတန်း၊ ထ-၂၊ ကမာရွတ်)တို့၏ကျေးဇူးရှင် မွေးသဖခင်၊ Ixora၊ အင်္ဂူးတို့၏ချစ်လှစွာသောပါပါးသည် ၉-၄-၂၀၁၉ ရက် မွန်းလွဲ ၁၂း၅၈ နာရီတွင် အသည်းဆေးကုဌာန၊ ခုတင် (၅၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာနစစ်ဦးစီးချုပ် Gen. Li Zuocheng တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

**နေပြည်တော် မေ ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်နိုင်ငံဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ် Gen. Li Zuocheng က ယနေ့မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ရှိ Ba Yi ခန်းမဆောင်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်နှင့် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်တို့သည် Ba Yi ခန်းမဆောင်ရှိ အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ »»»

ကြေးမုံ နိုင်ငံပိုင်သတင်းစာ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ တတိယ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# မြန်မာအမျိုးသမီးအသင်း အိန္ဒိယကို သရေကစားပြီး အိုလံပစ် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ ကွင်းနှစ်ကွင်း၌ တစ်ပြိုင်နက် ကျင်းပရာ မြန်မာအသင်းသည် အိန္ဒိယအသင်းကို သရေကစားပြီး တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်သွားသည်။

**(မန္တလာသီရိကွင်း)**

**မြန်မာ - သုံးဂိုး**

**အိန္ဒိယ - သုံးဂိုး**

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် အိန္ဒိယအသင်းကို သရေကစားပြီး တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရခဲ့သည်။ အိန္ဒိယအသင်း၏ ကစားပုံကြောင့် မြန်မာအသင်းသည် သရေရလဒ်ရယူနိုင်ရန် ခက်ခက်ခဲခဲကစားခဲ့ရပြီး နှစ်ကြိမ်တိုင် နောက်မှလိုက်ကစားကာ သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မထင်မှတ်ဘဲ ရုန်းကန်ခဲ့ရသော်လည်း လိုအပ်နေသည့် အမှတ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ◯





မြန်မာအမျိုးသမီးအသင်းနှင့်အိန္ဒိယအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေစဉ်။

MYANMAR MICROFINANCE BANK

MYANMAR MICROFINANCE BANK
မြန်မာအသေးစားငွေရေးကြေးရေးဘဏ်

မြန်မာအသေးစားငွေရေးကြေးရေးဘဏ်၏ "မြောက်ဥက္ကလာဘဏ်ခွဲ" ကိုရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ၁၀.၄.၂၀၁၉(ဗုဒ္ဓဟူးနေ့) ၌ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိဘပြည်သူများအားသတင်းကောင်းပါးအပ်ပါသည်။

**မြောက်ဥက္ကလာဘဏ်ခွဲ**

အမှတ်(၃၇၇-၁/၂) ၊သုမင်္ဂလာလမ်း၊မြေတိုင်းရပ်ကွက် အမှတ်(စ)၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၁-၉၆၉၉၁၁၉ ၊ ၉၆၉၉၁၂၉၊ ၉၆၉၉၁၃၉၊ ၉၆၉၉၃၀၂၊ ၉၆၉၉၃၀၄။

"အားလုံးအတွက် M M B"

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၁၀၊ ၂၀၁၉ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၃) နှစ်တာ

# ပညာရေးဝန်ကြီးဌာန၏ ဖြတ်သန်းမှုခရီး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-ဇူလိုင်မိုး(မြန်မာ့အလင်း)

**ပညာရေးဝန်ကြီးဌာနသည် လက်ရှိနိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်နေသော သုံးနှစ်တာကာလအတွင်း ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို ရေးဆွဲခဲ့ပြီး အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ ကျောင်းပြင်ပနှင့် ဘဝတစ်သက်တာပညာရေး၊ အဆင့်မြင့်ပညာရေး၊ ဆရာ အတတ်ပညာရေး စသည်ဖြင့် နယ်ပယ် ကိုးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။**

**အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ ပညာရေးမူဝါဒများတွင် ကျောင်းနေအရွယ်ကလေးတိုင်း မည်သည့် ခွဲခြားမှုမျှမရှိဘဲ ပညာသင်ယူခွင့်ရရှိစေရေး၊ မည်သူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ကျောင်းနေမြဲ၍ ကျောင်းထွက်သူမရှိစေရေးတို့ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအားလုံးကို တာဝန်ယူတာဝန်ခံ၍ ပူးပေါင်းဆောင်ရွက်တတ်ပြီး တီထွင်ဆန်းသစ်ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ပြုစုပျိုးထောင်ရေး၊ တစ်သက်တာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေးစသည့် မျှော်မှန်းရလဒ်များကို ဦးတည်ကာ သုံးနှစ်တာကာလအတွင်း ပြည်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မြင်တွေ့ရသည်။**

ပညာရေးဝန်ကြီးဌာနသည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးလုပ်ငန်း ၁၂ ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

(က) ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ခ) နိုင်ငံသားတိုင်းအနည်းဆုံး မူလတန်းပညာကို သင်ယူပြီးမြောက်ပြီး အလယ်တန်းပညာနှင့် အထက်တန်းပညာကို အဆင့်ဆင့်တိုးမြှင့် သင်ယူခွင့်များရရှိရန် ဆောင်ရွက်မည်ဖြစ်ရာ မူလတန်းအရွယ်ကလေးတိုင်း မူလတန်းပညာရေးကို ပြီးမြောက်အောင်မြင်ခြင်းနှင့် မူလတန်းပညာသင်ယူရန် အခက်အခဲရှိနေသည့် ကာယ၊ ဉာဏစွမ်းရည် အားနည်းသောကလေးများ၊ ဆင်းရဲနွမ်းပါးသည့် ကလေးများ၊ ဝေးလံခေါင်ဖျားဒေသရှိ ကလေးများ စသည့် ကလေးများအတွက် အလေးထားသည့် ပညာရေးအစီအစဉ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း။

(ဂ) ကွဲပြားခြားနားသည့် ဘာသာစကားပြောသော မူလတန်း တိုင်းရင်းသားကလေးငယ်များအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားဘာသာစကား သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲခြင်းနှင့် သင်ကြားခြင်းများ အပါအဝင် တိုင်းရင်းသားဘာသာစကားနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန် ဆောင်ရွက်ခြင်း။

(ဃ) သင့်လျော်သော ဆရာ၊ ကျောင်းသားအချိုး ရရှိစေရန် ဆောင်ရွက်ပေးခြင်း။

(င) ကျောင်းအသီးသီးမှ ဆရာများ၏ ဘာသာရပ်ကျွမ်းကျင်မှုနှင့် သင်ကြားပို့ချမှုစွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်း။

(စ) အခြေခံပညာရေးကို လူတိုင်းပိုမိုလက်လှမ်းမီနိုင်ရန် ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများရှိ ကျောင်းများ (အထူးသဖြင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ လုံလောက်မှုမရှိသော အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများ)၏ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း။

(ဆ) ပညာအရည်အချင်း နည်းပါးသူများ၏ နေထိုင်မှုဘဝတိုးတက်ကောင်းမွန်စေရန် အခြေခံပညာအလယ်တန်း၊ အထက်တန်းတန်းညှိအစီအစဉ်များနှင့် သက်မွေးမှုသင်တန်း အစီအစဉ်များဖြင့် ဆက်လက်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း။

(ဇ) တက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ အုပ်ချုပ်ခွင့်နှင့် သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ကမ္ဘာ့အဆင့်မီ အဆင့်မြင့်သင်ရိုး၊ ကမ္ဘာ့အဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန် ဦးတည်ဖော်ဆောင်ပေးခြင်း။

(ဈ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များကို တက္ကသိုလ်များ၏ ပညာရပ်များနှင့် တန်းတူဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း။

| ပညာသင်နှစ် | တိုးမြှင့်ပေးခဲ့သည့်ကျောင်းအဆင့်များ | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ထက် | လယ် | မူ | ထက်ခွဲ | လယ်ခွဲ | မူလွန် | မူခွဲ | ပေါင်း |
| ၂၀၁၆-၁၇ | ၄၈ | ၆၀ | ၂၃၆ | ၃၁၉ | ၉၀၇ | ၁၂၄၂ | ၅၀၈ | ၃၃၂၀ |
| ၂၀၁၇-၁၈ | ၃၁၃ | ၁၆၁၂ | ၈၄၀ | ၁၇၃ | ၇၃၅ | ၉၆၈ | ၄၅၉ | ၅၁၀၀ |
| ၂၀၁၈-၁၉ | ၃၁၅ | ၂၀၁၀ | ၈၆၄ | ၅၈၆ | ၁၀၇၆ | ၁၀၀၈ | ၅၂၈ | ၆၃၈၇ |

(ည) ကျောင်းသားမိဘများနှင့် ရပ်ရွာအသိုက်အဝန်းကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော ထိရောက်သည့် ပညာရေးဝန်ဆောင်မှုဖြစ်စေရန် ဆောင်ရွက်ပေးခြင်း။

(ဋ) နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်တွင်း ပြည်ပမှ ရရှိသည့် ပညာရေးဆိုင်ရာ ဘဏ္ဍာငွေများကို အကျိုးရှိထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း။

(ဌ) တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အခြေခံ၍ ထိရောက်သော ပညာရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုနှင့် လေ့လာကြီးကြပ်မှု လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြစ်ကြသည်။

ပညာရေးအသုံးစရိတ်များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်အသုံးပြုခွင့်ပြုခဲ့သဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁ ဒသ ၇၂၆ ထရီလီယံသုံးစွဲခဲ့ရာမှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂ ဒသမ ၁၇၅ ထရီလီယံအထိ တိုးတက်သုံးစွဲနိုင်ခဲ့ကြောင်း သိရှိရသည်။

**အခြေခံပညာကဏ္ဍကို ပြောင်းလဲပြုပြင်**

အခြေခံကဏ္ဍတွင် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရာ ကျောင်းသားဦးရေ တစ်ခုတည်းကိုသာ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ သွားလာရေးလွယ်ကူမှု၊ ခက်ခဲမှုအပေါ်မူတည်၍ ထည့်သွင်းစဉ်းစားပြီး ကျောင်းအဆင့်များ တိုးမြှင့်ပေးခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းပြသည်။

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ခွင့်ပြုခဲ့သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း အရေအတွက်မှာ ပညာသင်နှစ်အလိုက် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့သည်။ ကိုယ်ပိုင်ကျောင်းများကိုလည်း ကိုယ်ပိုင်ကျောင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်ခွင့်ပြုလျက်ရှိရာ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ၅၈၅ ကျောင်းရှိရာမှ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ၈၉၆ ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။


ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများကိုလည်း အခြေခံပညာကျောင်းများအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုပါ ပံ့ပိုးပေးနိုင်ခဲ့၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅၆၇၅၃ ဒသမ ၁၉၂ သန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅၈၁၂၉ ဒသမ ၇၈၈ သန်းအထိ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့သည်။


| ပညာသင်နှစ် | ကျောင်းအရေအတွက် | | | |
|---|---|---|---|---|
| | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း |
| ၂၀၁၆-၁၇ | ၃၈၃၂ | ၁၄၃၀၄ | ၂၇၈၇၁ | ၄၆၀၀၇ |
| ၂၀၁၇-၁၈ | ၄၀၀၂ | ၁၅၁၀၃ | ၂၇၃၈၉ | ၄၆၄၉၄ |
| ၂၀၁၈-၁၉ | ၄၅၉၂ | ၁၅၅၁၇ | ၂၆၉၂၂ | ၄၇၀၃၁ |

ကျောင်းနေရန် အခက်အခဲရှိသူ ကလေးများအတွက် ပညာသင်ထောက်ပံ့ကြေးများကို ပံ့ပိုးပေးခဲ့ရာ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများမှ ရွေးချယ်မှု မူများအရ ကျောင်းသား ကျောင်းသူဦးရေ ၁၆၀၂၂ ဦး ထောက်ပံ့ပေးနိုင်ခဲ့သည်။ ၂၀၁၇-၁၈ ပညာသင်နှစ်မှစ၍ ကမ္ဘာ့ဘဏ်၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ဝေးလံခက်ခဲသော မြို့နယ် ၁၁၆ မြို့နယ်နှင့် မသန်စွမ်းကျောင်းသား ကျောင်းသူများကိုပါ ပံ့ပိုးထောက်ပံ့ပေးနိုင်ခဲ့ရာ ဝေးလံခက်ခဲ ၁၁၆ မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၅၃၇၆ ဦးနှင့် မသန်စွမ်းကျောင်းသား ကျောင်းသူ ၁၂၈၀ စုစုပေါင်း ၂၂၆၇၈ ဦးကို တိုးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုနှင့်အညီ ကျောင်းဆောင်များကိုလည်း သဘာဝဘေးအန္တရာယ်ကြောင့် ပြင်ဆင်ခြင်း၊ အန္တရာယ်ရှိကျောင်းဆောင်များနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းဆောင်များ၊ ကျောင်းသားဦးရေအရ တိုးချဲ့ပေးရသည့် ကျောင်းဆောင်များ ဆောက်လုပ်ပေးခြင်း၊ သိပ္ပံဆောင်၊ စာကြည့်တိုက်၊ မြို့နယ်ရုံးများ၊ ခရိုင်ရုံးများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်ငွေကျပ် ၁၃၂၈၂၉ ဒသမ ၁၀၅ သန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် ငွေကျပ် ၂၅၁၄၇၅ ဒသမ ၈၇၈ သန်းအထိ တိုးမြှင့်သုံးစွဲနိုင်ခဲ့ပါသည်။

အထူးကဏ္ဍ [ ခ ] သို့ »»



»»» အထူးကဏ္ဍ [ က ] မှ

ပညာရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များကြောင့် ကျောင်းသားဦးရေမှာ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ၈ ဒသမ ၉ သန်းမှ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ၉ ဒသမ ၁၄ သန်းအထိ တိုးတက်လာခဲ့ပြီး ဆရာ ဆရာမများကိုလည်း ပိုမိုဖြည့်ဆည်းခန့်ထားပေးခဲ့ရာ ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ၃၆၈၇၀၉ ဦးမှ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ၄၀၄၄၄ ဦးအထိ တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့သည်။ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းကြောင့် ကျောင်းသားဦးရေများ တိုးတက်လာရာတွင် အထူးသဖြင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူဦးရေ ၁ ဒသမ ၁ သန်းကျော်အထိ တိုးတက်လာပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများတွင် ယခင်ကထက် ထပ်ကျော့နှင့် သက်လွန် ကလေးဦးရေများ လျော့ကျလာခဲ့သည်ကို မြင်တွေ့ရသည်။

| ဆရာ | ထက်ပြ | လယ်ပြ | မူပြ | ပေါင်း |
|---|---|---|---|---|
| ၂၀၁၆-၁၇ | ၄၁၅၇၀ | ၉၉၄၃၁ | ၂၂၇၉၁၉ | ၃၇၁၂၉၃ |
| ၂၀၁၇-၁၈ | ၄၂၃၂၁ | ၁၀၆၈၉၇ | ၂၅၀၁၆၈ | ၄၀၀၃၈၆ |
| ၂၀၁၈-၁၉ | ၄၂၇၆၀ | ၁၁၄၇၇၉ | ၂၄၆၉၀၅ | ၄၀၄၄၄၄ |

| ကျောင်းသား | ထက်ဆင့် | လယ်ဆင့် | မူဆင့် | ပေါင်း |
|---|---|---|---|---|
| ၂၀၁၆-၁၇ | ၉၂၅၁၄၀ | ၂၈၄၃၃၇၂ | ၅၁၃၉၃၀၅ | ၈၉၀၇၈၁၇ |
| ၂၀၁၇-၁၈ | ၁၀၄၇၉၇၉ | ၂၉၇၇၁၁၄ | ၅၁၅၁၃၆၁ | ၉၁၇၆၄၅၄ |
| ၂၀၁၈-၁၉ | ၁၁၀၁၅၈၁ | ၃၀၅၁၂၃၂ | ၄၉၉၁၆၅၆ | ၉၁၄၄၄၆၉ |

ပညာရေးဝန်ကြီးဌာနသည် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခုအပါအဝင်ဖြစ်သည့် အလွတ်ကျက်မှတ်ခြင်းစနစ်မှ (၂၁)ရာစု ကျွမ်းကျင်မှုများဖြစ်သည့် စဉ်းစားဝေဖန်တွေးခေါ်နိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း၊ ပြေပြစ်စွာဆက်သွယ်ဆက်ဆံနိုင်ခြင်း၊ စူးစမ်းလေ့လာမှုကို အခြေခံကာ ပြဿနာ၊ ဖြေရှင်းခြင်း၊ တရားမျှတစွာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ခြင်း အစရှိသည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများကိုရရှိစေရန် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်၍ ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း သိရသည်။

KG+12 ပညာရေးစနစ်သစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူလတန်းအဆင့်အတွက် JICA နှင့် အလယ်တန်း၊ အထက်တန်းအဆင့်များအတွက် ADB,EU တို့၏ အကူအညီများဖြင့် ၂၀၁၆-၁၇ ပညာသင်နှစ်တွင် သူငယ်တန်း(KG)သင်ရိုးသစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ပထမတန်း(Grade-1) သင်ရိုးသစ်၊ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ဒုတိယတန်း(Grade-2) သင်ရိုးသစ်ကိုလည်းကောင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၂၀၁၉-၂၀ ပညာသင်နှစ်တွင် တတိယတန်း(Grade-3)နှင့် ဆဋ္ဌမတန်း(Grade-6) သင်ရိုးသစ်များကို ရေးဆွဲပြုစုပြီးဖြစ်၍ ဆရာ ဆရာမများအား လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ဗဟိုအဆင့်သင်တန်းပို့ချပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အဆင့်၊ ကျောင်းအုပ်စုအဆင့်သင်တန်းများ အဆင့်ဆင့်ဖွင့်လှစ်ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

### တိုးတက်မှုများတွေ့ရှိ

၂၀၁၆-၁၇ ပညာသင်နှစ်တွင် သူငယ်တန်းသင်ကြားပေးနေသည့် ဆရာ ဆရာမ ၉၈၈၆၁ ဦးကိုလည်းကောင်း၊ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ပထမတန်း(Grade-1) သင်ရိုးသစ်အတွက် ပထမတန်းသင် ဆရာ ဆရာမ ၁၂၁၉၂၄ ဦးကိုလည်းကောင်း၊ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ဒုတိယတန်း(Grade-2) သင်ရိုးသစ်အတွက် မူလတန်းဆင့်သင် ဆရာ ဆရာမ ၃၂၉၃၉၉ ဦးကိုလည်းကောင်း လေ့ကျင့်သင်ကြားပေးထားကြောင်း သိရှိရသည်။ သင်ကြားရေးနှင့် စစ်ဆေးအကဲဖြတ်သည့် နည်းစနစ်များ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မူလတန်းအောက်ဆင့် ကလေးများသည် သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ကိုယ်တိုင် ပိုမိုပါဝင်ဆောင်ရွက်လာတတ်ခြင်း၊ မေးခွန်းများမေးမြန်းတတ်လာခြင်း၊ မေးခွန်းများကို ပြန်လည်ဖြေဆိုတတ်လာခြင်း စသည့် တိုးတက်မှုများ တွေ့ရှိရကြောင်း သိရသည်။

စစ်ဆေးအကဲဖြတ်သည့် စနစ်ကိုလည်း သင်ယူတတ်မြောက်မှု စစ်ဆေးခြင်းများကို ဇူလိုင်၊ ဩဂုတ်လ၊ အောက်တိုဘာလ၊ ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလ(မတ်)တို့ဖြင့် ၄ ကြိမ်သာ စစ်ဆေးခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံများကို အလွတ်ကျက်မှတ်မှုစနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် စာမေးပွဲမေးခွန်းပုံစံများအဖြစ် ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ စတုတ္ထတန်း(Grade-5)နှင့် အဋ္ဌမတန်း(Grade-9) သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်မြင်သူဦးရေ တိုးတက်လာခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဦးရေမှာလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောင်မြင်သူဦးရေတိုးတက်လာခြင်းနှင့် ၂၀၁၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူဦးရေ ၈ ဒသမ ၅ သိန်းအထိ တိုးတက်လာခဲ့သည့်အပြင် ဆေးရုံ၊ မသန်စွမ်း၊ ရွှေ့ပြောင်းမိသားစုနှင့် အကျဉ်းထောင် ဖြေဆိုသူများ အပါအဝင် ၆၀၂ ဦးအထိ ဖြေဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

တိုင်းရင်းသားဘာသာစာပေသင်ကြားရေးနှင့် သင်ယူရေးများကို အထောက်အကူပြုနိုင်စေမည့် ဒေသခံတိုင်းရင်းသား (Teaching Assistant) စုစုပေါင်း ၅၁၆၁ ဦးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ခန့်အပ်ပေးနိုင်ခဲ့ပါသည်။ တိုင်းရင်းသားဘာသာစကား စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းသားမျိုးနွယ်စုအလိုက်၊ မြို့နယ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ တင်ပြချက်၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ သဘောထားမှတ်ချက်များအရ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာသင် အခြေခံပညာကျောင်း ၁၂၂၄၈ ကျောင်း၊ တိုင်းရင်းသားဘာသာစကား ၅၄ မျိုး၊ တိုင်းရင်းသားစာပေသင်ကြားပေးသူ ဆရာ ဆရာမနှင့် ပြင်ပပုဂ္ဂိုလ် ၂၈၇၈၃ ဦးကို ထောက်ပံ့ကြေးများ ချီးမြှင့်ပေးနိုင်ခဲ့သည်။

### ကျောင်းပြင်ပနှင့် ဘဝတစ်သက်တာပညာရေးပြုပြင်ပြောင်းလဲခဲ့ပြီ

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေသော ကလေးများနှင့် အသက်အရွယ်မရွေးသင်ယူသူများအား သင်ယူခွင့်ဖန်တီးပေးခြင်းဖြင့် ဘဝအတွက် လိုအပ်သည့် အခြေခံအသိ၊ ကျွမ်းကျင်မှုနှင့် ဝင်ငွေရှာနိုင်မှုစွမ်းရည်မြင့်မားလာစေရန်နှင့် သက်မွေးပညာအခြေခံကျွမ်းကျင်မှုများ ဘဝတစ်သက်တာ သင်ယူရေးနှင့် အခွင့်အလမ်းများရရှိနိုင်ရန် ပညာရေးအစီအစဉ်များဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ၊ ကျောင်းပြင်ပမူလတန်းနှင့်အလယ်တန်း ပညာရေးတန်းညှိအစီအစဉ်များ၊ စဉ်ဆက်ပညာရေးအစီအစဉ်များ၊ စာဖတ်ရှုန်မြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

တန်းညှိပညာရေးအစီအစဉ်ဖြစ်သည့် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို မြို့နယ် ၈၁ မြို့နယ်နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်ကို ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ ၂၀၁၇-၁၈ ပညာသင်နှစ်နှင့် ၂၀၁၈-၁၉ ပညာသင်နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ သုံးနှစ်တာကာလအတွင်း ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်တွင် ကျောင်းသားကျောင်းသူ ၂၈၁၄၆ ဦး၊ ၂၀၁၈-၁၉ ပညာသင်နှစ်တွင် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်တွင် ၁၉၁ ဦး တက်ရောက်ပညာသင်ယူခဲ့ကြောင်း ဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရှိရသည်။

သက်ကြီးစာတတ်မြောက်မှုနှုန်း တိုးမြှင့်လာစေရန် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် မှ ၂၀၁၈ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ရှမ်း(အရှေ့)၊ ကချင်၊ ချင်း၊ မွန်၊ စစ်ကိုင်း၊ မကွေးနှင့် ပဲခူး(အနောက်)တို့ရှိ ၁၁ ခရိုင်တွင် စာသင်ဝိုင်း ၄၄၈၂ ခု၌ လုပ်အားပေး ဆရာ ဆရာမ ၅၇၀၃ ဦးတို့က သင်တန်းသား ၄၄၀၆၂ ဦးတို့ကို စာတတ်မြောက်လာအောင် သင်ကြားပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

### နည်းပညာနှင့် သက်မွေးပညာကဏ္ဍ

နိုင်ငံတော်အစိုးရ၏ သုံးနှစ်တာကာလအတွင်း ကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ပုံမှန်သင်တန်းများနှင့် ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများ တိုးချဲ့ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ခြင်း၊ ဆရာ ဆရာမများ တိုးချဲ့ခန့်ထားနိုင်ခြင်း၊ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်ရောက်သင်တန်းများ ပို့ချပေးနိုင်ခြင်း၊ အခြေခံအဆောက်အဦများ တည်ဆောက်ပေးနိုင်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများ ပေးနိုင်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ပြုလုပ်လာနိုင်ခြင်းတို့ကိုလည်း မြင်တွေ့ရသည်။

၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်၊ ကျိုက်လတ်၊ ပြင်ဦးလွင်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ကော့သောင်း) ညောင်ရွှေ သက်မွေးပညာသင်တန်းကျောင်း(NVTI)၊ အင်္ဂလိပ်ဘာသာသင်တန်းကျောင်း(ELPS)နှင့် Sealion Co.Ltd နှင့် ပူးပေါင်း၍ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း (School of Industrial Training & Education-SITE) တို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။

ကျောင်းများတွင် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၌ သင်ကြားရေး ဆရာ ဆရာမ ၂၇၈၇ ဦးရှိရာမှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် သင်ကြားရေး ဆရာ ဆရာမ ၃၂၇၆ ဦး၊ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် သင်ကြားရေး ဆရာ ဆရာမ ၃၂၇၇ ဦး ခန့်အပ်ထားခဲ့ပါသည်။ သုံးနှစ်တာကာလအတွင်း သင်ကြားရေး ဆရာ ဆရာမ ၆၆၅ ဦးကို တိုးချဲ့ခန့်ထားပေးနိုင်ခဲ့ပြီး ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် သင်ကြားရေး ဆရာ ဆရာမ ၂၇၈ ဦး အသစ်ထပ်မံခန့်ထားနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် အစိုးရနည်းပညာကောလိပ်သုံးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၂၂ ကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း ၃၅ ကျောင်းနှင့် သင်တန်းကျောင်း လေးကျောင်း၊ နည်းပညာမြှင့်တင်ရေးသင်တန်းဌာန တစ်ခု စုစုပေါင်း ကျောင်း ၆၀ ဖွင့်လှစ်ထားနိုင်ခဲ့သည့်အပြင် ပုံမှန်ကျောင်းသားဦးရေနှင့် ကာလတိုသင်တန်းတက်ရောက်သူ ဦးရေမှာ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ၁၉၆၇၆ ဦးအထိ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

### သင်တန်းအမျိုးအစားပေါင်း ၂၃ မျိုး

နည်းပညာဆိုင်ရာ ကာလတိုသင်တန်းများအဖြစ် မိုဘိုင်းဖုန်းပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်း၊ လျှပ်စစ်ကျွမ်းကျင်သင်တန်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာများ ပြင်ဆင်တပ်ဆင်ခြင်းသင်တန်းများ အပါအဝင် သင်တန်းအမျိုးအစားပေါင်း ၃၇ မျိုး သင်ကြားပေးခဲ့ကြောင်း သိရပြီး သက်မွေးပညာဆိုင်ရာ ကာလတိုသင်တန်းများအဖြစ် ဟိုတယ်ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းခြင်းသင်တန်း၊ ပေါင်မုန့်နှင့် ကိတ်မုန့်ဖုတ်သင်တန်း၊ အနောက်တိုင်းနှင့် အရှေ့တိုင်းအစားအစာ အချက်အပြုတ်သင်တန်း၊ ကော်ဖီနှင့် ဖျော်ရည်သင်တန်းစသည့် သင်တန်းများအပြင် အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း၊ ဆံပင်ညှပ်သင်တန်း၊ မိတ်ကပ်အလှပြင်သင်တန်းများ စသည့် သင်တန်းအမျိုးအစားပေါင်း ၂၃ မျိုးကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ ချမှတ်နိုင်ရေးအတွက် နှီးနှောဖလှယ်ပွဲများကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မကွေးနှင့် လားရှိုးမြို့များတွင် ဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်များမှာ အခြေခံမော်တာစက်ချုပ်သင်တန်း၊ အခြေခံဧည့်ကြိုသင်တန်း၊ အခြေခံအိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ နှမ်းသီးနှံအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း၊ သံချည်သံကွေးသင်တန်း စသည့် ကာလတိုသက်မွေးပညာသင်တန်း အမျိုးအစား ခြောက်မျိုးကို ၄၂ ကြိမ်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၉၀၇ ဦးအား မွေးထုတ်နိုင်ခဲ့သည်။

Total E & P Myanmar မှ ဦးစီးသော Moattama Gas Transportation Company Limited (Yadana Project) နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရတနာ ဂဟေဆက်နည်းပညာ သင်တန်းကျောင်းတွင် ဂဟေဆက်နည်းပညာသင်တန်းများကို ၂၀၁၆ နိုဝင်ဘာမှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

ကိုရီးယားနိုင်ငံအခြေစိုက် Wholistic Interest Through Health-Myanmar (WITH) နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အစိုးရနည်းပညာအထက်တန်းကျောင်း (လှိုင်သာယာ)တွင် စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်းကိုလည်း ၂၀၁၈ ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)နှင့် ပူးပေါင်း၍ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင်ကျောင်း(TTTI) ရန်ကုန်တည်ထောင်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ဆရာ ဆရာမများအား Electronic Technology၊ Electrical Power Technology၊ Mechanical Technology၊ Automobile Technology ဘာသာရပ်များ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

နည်းပညာ၊ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများအတွက် UNESCO၊ GIZ တို့နှင့် ပူးပေါင်း၍ Myanmar UNEVOC Centre ဖွင့်လှစ်ခြင်း၊ KOICA၊ JICA၊ SDC၊ Swisscontact၊ KfW၊ GIZ၊ ADB၊ EU စသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကိုလည်း အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ၊ အင်းစိန်၊ မန္တလေး၊ ကျောက်ပန်းတောင်း)တို့တွင် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စတင်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ယခင် စက်မှုလက်မှု အထက်တန်းကျောင်း(အောင်ဆန်း)ကို ဂျပန်နိုင်ငံအစိုးရ၏ Official Development Assistance (ODA) ဖြင့် ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း (JMASVTI) တည်ထောင်ဖွင့်လှစ်သွားရန်ရှိကြောင်းလည်း သိရှိရသည်။

နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးနှီးနှောဖလှယ်ပွဲ (TVET Forum) ကို ၂၀၁၆ ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်များတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်၌လည်းကောင်း၊ ၂၀၁၇ ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တွင် ပညာရေးဝန်ကြီးဌာနမှ အိမ်ရှင်အဖြစ် စတုတ္ထအကြိမ် ဒေသတွင်း နိုင်ငံတကာညီလာခံ(၂၀၁၇)အား(Regional TVET Conference 2017) "အာဆီယံနိုင်ငံများအကြား နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေး ဆောင်ရွက်ရေး" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။

UNESCO၊ GIZ တို့နှင့် ပူးပေါင်း၍ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ၌ နည်းပညာနှင့် သက်မွေးပညာရေးလေ့ကျင့်သင်ကြားမှုဆိုင်ရာ နိုင်ငံတော်အဆင့်ဆွေးနွေးပွဲ (Organizational of the TVET Seminar) ကို ၂၀၁၈ ဒီဇင်ဘာ ၃ ရက်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ၏ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ နည်းပညာနှင့် သက်မွေးပညာရေးစင်တာ (မြန်မာယူနီဗော့စင်တာ) တည်ထောင်ဖွင့်လှစ်ရေး အလုပ်ရုံဆွေးနွေးပွဲ (Workshop on Operationalization of UNEVOC Centre in Myanmar) ကို ၂၀၁၈ ဒီဇင်ဘာ ၄ ရက်တွင် လည်းကောင်း ကျင်းပခဲ့သည်။

**အဆင့်မြင့်ပညာကဏ္ဍ ပြုပြင်ပြောင်းလဲမှုခရီး**


အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၁၆ မှ ၂၀၁၈ ခုနှစ်ကုန်အထိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် စုစုပေါင်း ၁၃၄ ကျောင်းအထိ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ |
|---|---|---|---|---|
| ၁ | ဝိဇ္ဇာ/သိပ္ပံ | ၄၇ | ၄၈ | ၄၉ |
| ၂ | နည်းပညာ/ကွန်ပျူတာ | ၆၀ | ၆၀ | ၆၀ |
| ၃ | ပညာရေးကောလိပ် | ၂၁ | ၂၅ | ၂၅ |
| | **စုစုပေါင်း** | ၁၂၈ | ၁၃၃ | ၁၃၄ |

အစိုးရသစ်၏ သုံးနှစ်တာကာလအတွင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (နည်းပညာနှင့် ကွန်ပျူတာအပါအဝင်) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ၊ ဒုတိယပါ မောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လ/ထကထိက စုစုပေါင်း ၄၂၆၉ ဦး ရာထူးတိုးမြှင့်ပေးနိုင်ခဲ့ပြီး အချိန်ပိုင်း ပါမောက္ခ၊ အချိန်ပိုင်း တွဲဖက်ပါမောက္ခနှင့် အချိန်ပိုင်းကထိက ၆၄ ဦးတို့ကိုလည်း ခန့်ထားပေးနိုင်ခဲ့သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ဆရာ ဆရာမအင်အားမှာ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် ၂၁၆၉၉ ဦးရှိရာမှ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ၂၂၅၃၃ ဦးအထိ တိုးမြှင့်ခန့်အပ်နိုင်ခဲ့သည်။

ကျောင်းသား ကျောင်းသူများ ပညာသင်ယူရာတွင် နေထိုင်ရေး အဆင်ပြေစေရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၄၆ ခုနှင့် ပညာရေးကောလိပ်များတွင် ကျောင်းသား ကျောင်းသူအဆောင်များတွင် နေထိုင်နိုင်ရန် စီစဉ်ပေးလျက်ရှိသည်။ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် နေ့သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၃၅၃၄၃၉ ဦး၊ အဝေးသင်တက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၄၈၆၉၂၅ ဦးရှိရာမှ ၂၀၁၇-၁၈ ပညာသင်နှစ်တွင် နေ့သင်တန်းတက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၃၉၃၃၉၈ ဦး၊ အဝေးသင်တက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၅၇၄၃၃၆ ဦးအထိ တက်ရောက်ခဲ့သည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် နေ့သင်တန်းများကို ၂၀၁၉ ဖေဖော်ဝါရီ ၁ ရက်တွင် ဖွင့်လှစ်ခဲ့ရာ လက်ရှိ ကျောင်းသား ကျောင်းသူ ၃၅၆၀၂၁ ဦးခန့် တက်ရောက်သင်ကြားလျက်ရှိသည်။




၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စတင်အသုံးပြုမည့် သင်ရိုးသစ် Grade-3 ကျောင်းသုံးဖတ်စာအုပ်များ။

၂၀၁၈ ခုနှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို တိုင်းဒေသကြီး/ပြည်နယ်များမှ တက္ကသိုလ် ၂၃ ခုက တိုက်ရိုက်လက်ခံပြီး ကျောင်းဝင်ခွင့်များကို စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်။ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်များအတွက်လည်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်စိစစ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်နှင့် မန္တလာဒီဂရီကောလိပ်တို့တွင် ခရီးသွားစီမံခန့်ခွဲမှု ဘွဲ့ကြိုသင်တန်း၊ စစ်တွေတက္ကသိုလ်တွင် Marine Science 1 ဘွဲ့ကြိုသင်တန်း၊ ရန်ကုန်တက္ကသိုလ်တွင် Fisheries and Aquaculture ဘွဲ့ကြိုသင်တန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရသည်။

သင်တန်းအသစ်များအနေဖြင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(သန်လျင်)၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)၊ နည်းပညာတက္ကသိုလ် (မန္တလေး)နှင့် နည်းပညာတက္ကသိုလ်(တောင်ကြီး)တို့၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မဟာအင်ဂျင်နီယာ ဗိသုကာသင်တန်းများအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သဖြင့် အဆိုပါသင်တန်းများတွင် နည်းပညာတက္ကသိုလ်များမှ ဆရာ ဆရာမ၊ ဝန်ထမ်း စုစုပေါင်း ၂၄၃ ဦး တက်ရောက်လျက်ရှိသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၃၄ ခုတွင် ကျောင်းသားဦးရေနှစ်စဉ် မြင့်မားတိုးတက်လာခဲ့မှုကြောင့် ၂၀၁၈ ခုနှစ်အတွက် နေ့သင်တန်းနှင့် အဝေးသင်သင်တန်းများမှ ဒီပလိုမာရရှိသူ၊ ဘွဲ့ရရှိသူ၊ မဟာဘွဲ့ရရှိသူ၊ ပါရဂူဘွဲ့ ရရှိသူဦးရေ စုစုပေါင်း ၁၄၂၈၈၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဘွဲ့ရသူဦးရေများတွင် အထူးသဖြင့် အဝေးသင်ဘွဲ့ရသူဦးရေ ပိုမိုများပြားသည်ကို တွေ့ရှိရသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက္ကသိုလ်များ၏ အသက်သွေးကြောဖြစ်သည့် သုတေသနလုပ်ငန်းများ အားကောင်းစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များ၏ သုတေသနရန်ပုံငွေကို ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်ပေးခဲ့ရာ လက်ရှိဘဏ္ဍာနှစ်တွင် ၅၃၂ ဒသမ ၉၅၄ သန်းအထိ ရရှိခဲ့သည်။ ဆရာ ဆရာမများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ဆရာ၊ ဆရာမများသည် ပြည်တွင်း ပြည်ပ သုတေသနဂျာနယ်များ၌ သုတေသနစာတမ်းများရေးသားခဲ့ရာ ၂၀၁၈ ခုနှစ်အတွင်းတွင် စာတမ်း ၃၈၄၁ စောင် ရေးသားနိုင်ခဲ့ကြောင်း သိရှိရသည်။

သုံးနှစ်တာကာလအတွင်း အဆင့်မြင့်ပညာဦးစီးဌာနနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ပညာရေးအရည်အသွေးမြင့်မားစေရေးအတွက် ပြည်ပနိုင်ငံများသို့ မဟာဘွဲ့၊ ပါရဂူဘွဲ့ရယူရန်နှင့် ဆွေးနွေးပွဲ၊ လေ့လာရေး၊ သင်တန်းများ တက်ရောက်ရန် ကိုယ်စားလှယ် ၄၄၂၅ ဦး စေလွှတ်နိုင်ခဲ့သည်။ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ပြည်ပနိုင်ငံများမှ နိုင်ငံခြားသား ကျောင်းသား ကျောင်းသူ ၄၃၉ ဦးသည် မြန်မာဘာသာ လာရောက်သင်ယူလျက်ရှိကြသည်။

မြန်မာနိုင်ငံရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ဘာသာရပ်အလိုက် သင်ကြား၊ သင်ယူမှုပိုမိုတိုးတက်ကောင်းမွန်စေရေး အတွက် အသိပညာဖလှယ်သည့်အနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်သင်ကြားပို့ချပေးခြင်း၊ ပြည်ပနိုင်ငံများမှ လာရောက်သင်ကြားပို့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ပြည်ပပါမောက္ခ၊ ပညာရှင် ၈၅ ဦးက လာရောက်သင်ကြားပေးလျက်ရှိသည်။

ကျောင်းသား ကျောင်းသူများအား သိပ္ပံပညာရပ်များ၊ နည်းပညာ၊ သက်မွေးပညာများကို အသိပညာဖလှယ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေရေး၊ အသိပညာ၊ အတတ်ပညာများနှင့် လုပ်ငန်းခွင်လိုအပ်ချက်များ ချိတ်ဆက်နိုင်ရေးအတွက် သိပ္ပံပြပွဲ၊ နည်းပညာပြပွဲ၊ Job Fair အလုပ်အကိုင်ပြပွဲများကို ၂၀၁၇-၁၈ ပညာသင်နှစ်တွင် ပြပွဲပေါင်း ၈၀ အထိ ဆောင်ရွက်ပေးခဲ့ပြီး ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)ကို နှစ်စဉ်ကျင်းပခဲ့သည်။ TIDE Project UK နိုင်ငံ Free University of London နှင့် ပူးပေါင်းပြီး အဝေးသင်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သင်တန်းများ ပေးလျက်ရှိသည်။ Master Training for NIHED ကို British Council နှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် (၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၈ အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပြီး အမျိုးသားပညာရေး ဥပဒေနှင့်အညီ ပါမောက္ခချုပ်များကော်မတီကို ၂၀၁၈ မေ ၄ ရက်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၂၀၁၈ ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်အထိ နေပြည်တော်တွင် လက်ခံကျင်းပခဲ့ရာ မြန်မာနိုင်ငံက နိုင်ငံအဆင့်တွင် စတုတ္ထအဆင့်ရသည်အထိ အောင်မြင်မှုရရှိခဲ့သည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း သင်ရိုးသစ်နှင့် လိုက်လျောညီထွေမှုရှိသော သင်ရိုးညွှန်းတမ်းများကို တက္ကသိုလ်များတွင် သင်ကြားပို့ချရန် ရေးဆွဲဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိပြီး DTEd - Diploma in Teaching Education) ဒီပလိုမာရရှိသူများကို ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင် အဝေးသင်ဒုတိယနှစ်သင်တန်းသို့ ဆက်လက်ပညာသင်ကြားရေး အစီအစဉ်အား ၂၀၁၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိကြောင်း သိရှိရသည်။

DTEd - Diploma in Teaching Education) ဒီပလိုမာရရှိသူများကို ပညာရေးတက္ကသိုလ်များ၊ ပညာရေးကောလိပ်များတွင် BEd စာပေးစာယူသင်တန်း နှစ်နှစ်တက်ရောက်ပြီး BA, BSc (Education) ဘွဲ့ရရှိစေမည့် အစီအစဉ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ဆရာ ဆရာမများ၏ ဆရာအတတ်ပညာအရည်အသွေး မြင့်မားလာစေရေးအတွက် နှစ်နှစ်သင်ပညာရေးကောလိပ်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစတင်၍ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်တိုးမြှင့်ရန် ဆောင်ရွက်လျက်ရှိသဖြင့် UNESCO ၏ အထောက်အပံ့ရယူကာ သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အရည်အသွေးကောင်းမွန်သော အဝေးသင်ပညာရေးစနစ် ဖော်ဆောင်ရန်အတွက် ဝိဇ္ဇာဘာသာရပ်များကို အနီးကပ်သင်တန်း ၁၀ ရက်ပို့ချခြင်းမှ Orientation ငါးရက်နှင့် အနီးကပ်သင်တန်း ငါးရက် နှစ်ကြိမ် ပြောင်းလဲပြုလုပ်မည့် အစီအစဉ်ကိုလည်း ဆရာ ကျောင်းသား၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များ ကော်မတီတို့၏ သဘောထားများနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်**

ပညာရေးသတင်းအချက်အလက်များကို မှန်ကန်တိကျပြီး ယုံကြည်ကိုးစားနိုင်သည့် အချက်အလက်များကို အချိန်မီရရှိစေရေးအတွက် ပုံမှန်ကောက်ယူလျက်ရှိသည့် စာရင်းကောက်မှုစနစ်ကို ပိုမိုအားကောင်းလာစေရေးအတွက် ယူနက်စကို၏ နည်းပညာပံ့ပိုးမှုဖြင့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (EMIS) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ အခြေခံပညာကဏ္ဍ (BE)နှင့် ဝန်ထမ်းရေးရာကဏ္ဍ (HR)၊ အဆင့်မြင့်ပညာ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ (HE/TVET)၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍ (NFE) နှင့် ဘဏ္ဍာရေးနှင့် ဝယ်ယူရေးကဏ္ဍ (FAP)တို့အတွက် အချက်အလက်များ ကောက်ယူနိုင်ရေး

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

လုပ်ငန်းများပြီးစီးပြီဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Baseline Data များ စနစ်အတွင်း ထည့်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ စာရင်းအင်း တာဝန်ခံများအား Software Application အသုံးပြုတတ်စေရန် သင်တန်းပို့ချပေးခြင်းများကို လုပ်ဆောင်မည်ဖြစ်သည့်အပြင် လာမည့်ပညာသင်နှစ်တွင် စတင်အသုံးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း ပြည်ထောင်စုဝန်ကြီးက သုံးနှစ်တာဆောင်ရွက်ချက်များအကြောင်းအတွင်း ထည့်သွင်းပြောကြားသည်။

စီမံကိန်းရေးဆွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ဝန်ကြီးရုံးအပါအဝင်၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးရုံးများမှ ဝန်ထမ်းများ၏ ပညာရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် စီမံကိန်းရေးဆွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်း (International Institute for Educational Planning-IIEP) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ Simulation Moduling သင်တန်းပို့ချပေးခြင်း၊ စီမံကိန်းလုပ်ငန်းများကို လေ့လာသုံးသပ်ရေးဆိုင်ရာဆွေးနွေးပွဲများ ကျင်းပခြင်း၊ National Standard for Development of Educational Statistics ဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။

နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးမှုကို အခြေပြုသည့် ပညာရေးကဏ္ဍနှင့် ကျွမ်းကျင်မှုအခြေခံများ အားကောင်းစေရန်နှင့် အလယ်တန်း၊ အထက်တန်းပညာရေးနှင့် နည်းပညာ၊ သက်မွေးပညာရေးတို့ကို လိုက်လျောညီထွေရှိစေပြီး လုပ်သားအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လူငယ်များ အလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစု မွေးထုတ်ရေးစီမံကိန်း (Equipping Youth for Employment Project - EYE) အစီအစဉ်ကို Asia Development Bank (ADB) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်၏ ပံ့ပိုးမှုဖြင့် International နှင့် National Consultant များခန့်အပ်ကာ နှစ်အလိုက် သင်ရိုးသစ်များ ရေးဆွဲပြုစုပြီးပါက ဘာသာရပ်သင် ဆရာ ဆရာမများအားလုံး သင်ရိုးညွှန်းတမ်းသစ်ဖြင့် သင်ကြားနိုင်ရေးအတွက် လေ့ကျင့်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်၏ ပညာရေးအရည်အသွေး မြင့်မားစေရန် ဩစတေးလျအစိုးရနှင့် ပူးပေါင်း၍ မြန်မာ့ပညာရေးအရည်အသွေး မြင့်မားရေးလုပ်ငန်းအစီအစဉ် (Myanmar Education Quality Improvement Program- My-EQIP) ကို ကလေးများ၏ သင်ယူမှုရလဒ်များ ပိုမိုမြင့်မားစေရန်၊ ပညာရေးလုပ်ငန်းဝန်ဆောင်မှု ပိုမိုကောင်းမွန်စေ၍ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်စေရန်၊ သင်ကြားသင်ယူမှု၊ စီမံခန့်ခွဲမှုနှင့် ပညာရေးမူဝါဒများ တိုးတက်ကောင်းမွန်စေရန်အတွက် အရည်အသွေးတိုးတက်မြင့်မားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

EU နှင့်ပူးပေါင်း၍ ပညာရေးဝန်ကြီးဌာန၏ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် လူမှုရေးဆိုင်ရာ အကျုံးဝင်မှုလုပ်ငန်းစီမံချက် (Financial and Social Inclusion in Myanmar) ကို ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ ဦးဆောင်ညွှန်ပြသူ ဆရာများနှင့် ကျောင်းအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်(Teacher Mentor and School Cluster Supporting Program) ကို လုပ်သက်အတွေ့အကြုံ သုံးနှစ်အောက်ရှိသည့် ဆရာ ဆရာမများ၏ သင်ကြားမှုဆိုင်ရာစွမ်းရည်တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိရာ ATEO (Mentor)များကို Teacher Mentor ဆရာဖြစ်သင်တန်းပေးခြင်း၊ မူလတန်းသင်ရိုးသစ်နှင့်အညီ သင်တန်းဆရာလက်စွဲကို ပြန်လည်ပြုပြင်ခြင်း၊ Teacher Mentoring နှင့် ကျောင်းအုပ်စုဖွံ့ဖြိုးမှုအစီအစဉ်များ အကောင်အထည်ဖော်ရေးလမ်းညွှန်၊ ဦးဆောင်ညွှန်ပြသူ (Mentor)သင်တန်း လက်ကမ်းစာစောင်နှင့် သင်တန်းနည်းပြလက်စွဲ စာအုပ်တို့ကို ပြန်လည်ပြင်ဆင်ရေးသားခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။







၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် စတင်အသုံးပြုမည့် သင်ရိုးသစ် Grade-6 ကျောင်းသုံးဖတ်စာအုပ်များ။

ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ မူလတန်းအောက်ဆင့် ကလေးများ၏ သင်္ချာစွမ်းရည်စစ်ဆေးအကဲဖြတ်မှု (Early Grade Mathematics Assessment-EGMA) နှင့် စာဖတ်စွမ်းရည်စစ်ဆေးအကဲဖြတ်မှု သုတေသနလုပ်ငန်း (Early Grade Reading Assessment-EGRA) ကို National Level ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် မြို့များသို့ သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ကွင်းဆင်းသုတေသနလုပ်ဆောင်ခဲ့သည်။ မူလတန်းအောက်ဆင့် ကလေးများ စာဖတ်စွမ်းရည်တိုးတက်ရေးလုပ်ငန်း လမ်းညွှန်စာအုပ်ပြုစုခြင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမြို့နယ် ၁၀ မြို့နယ်ရှိ အခြေခံပညာကျောင်း ၃၀ မှ မူလတန်းအောက်ဆင့် မြန်မာစာသင်ကြားနေသော ဆရာ ဆရာမ ၈၈ ဦး အား သင်တန်းပေးခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကလေးများအတွက် ပညာရေးဆိုင်ရာ အသုံးစရိတ်ခွဲဝေပုံကို လေ့လာသုံးသပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံရှိ ကလေးများအတွက် ပညာရေးအသုံးစရိတ် အနှစ်ချုပ် Public Finance for Children in Education Budget Brief Development အစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေနိုင်ခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လွှတ်တော်မှ တာဝန်ရှိသူများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်- NEPC, NAQAC တို့မှ တာဝန်ရှိသူများနှင့် GIZ တို့ပူးပေါင်းကာ Seminar on Strengthening TVET in Myanmar within the Framework of SDG4 နှင့် ပညာသင်ယူမှုအခွင့်အလမ်းဆိုင်ရာဆွေးနွေးပွဲ (Access to Education Policy Dialogue) တို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်းသည်လည်း ပညာရေးဝန်ကြီးဌာန၏ အောင်မြင်မှုပင်ဖြစ်သည်။

ယူနီဆက်ဖ်နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက် ကလေးများ၏ အခြေအနေကို လေ့လာအကဲဖြတ်သည့် သုတေသနလုပ်ငန်း (Out of School Children Initiate-OOSCI) အရ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက် ကလေးများ၏ အခြေအနေကို လေ့လာဆန်းစစ်ခြင်းသုတေသနစာတမ်းကို ရေးသားပြုစု၍ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထုတ်ဝေခဲ့ခြင်း၊ National Level Report Dissmination ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်နယ်(၇)ခုတွင် Sub National Level report Dissemination ဆောင်ရွက်နိုင်ခဲ့ခြင်း၊ OOSCI ၏ နောက်ဆက်တွဲလုပ်ငန်းအဖြစ် ပြည်နယ်အလိုက် ကျောင်းပြင်ပရောက် ကလေးများလျှော့ချနိုင်ရေး ဦးတည်ဆွေးနွေးပွဲရလဒ်များကို ပြည်နယ်အလိုက် ရေးဆွဲပြုစုထုတ်ဝေနိုင်ခဲ့ခြင်း၊ An In Depth Analysis of Barrier Focusing on Teacher Absenteeism ကို ဆက်လက်လေ့လာနိုင်ခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

အရှေ့တောင်အာရှ မူလတန်းဆင့် ကလေးများ၏သင်ယူမှုကို လေ့လာအကဲဖြတ်သည့် သုတေသနလုပ်ငန်း (The South East Asia Primary Learning Metric-SEA-PLM) သည် မူလတန်းအဆင့် (Grade-5) ကျောင်းသား ကျောင်းသူများ၏ အရေး၊ အဖတ်၊ သင်္ချာနှင့် ကမ္ဘာ့လူသားဖြစ်မှု(ပြည်သူ့နီတိ)စွမ်းရည်များကို စစ်ဆေးတိုင်းတာနိုင်ရန်အတွက် အာဆီယံဒေသတွင်း ကျယ်ပြန့်သော ပညာရည်စစ်ဆေးမှုတစ်ခုဖြစ်ပါသည်။ SEA-PLM အကြိုစမ်းသပ်စစ်ဆေးမှုကို ၂၀၁၆ ဒီဇင်ဘာ ၁ ရက်တွင် ဆောင်ရွက်ခဲ့ပြီး SEA-PLM Main Survey ကို ၂၀၁၉ ဇန်နဝါရီ ၂၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ယင်းသုတေသနလုပ်ငန်း၏ စစ်ဆေးအကဲဖြတ်မှုရလဒ်ကို လေ့လာဆန်းစစ်၍ ရရှိသည့်အချက်အလက်များကို ပညာရည်တိုးတက်မြင့်မားစေရန် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်း(Human Resource Development Plan - HRD Plan) တွင် ပညာရေးဝန်ကြီးဌာန၏ ဌာနအသီးသီးရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကိုသိရှိပြီး လိုအပ်ချက်များကို အမြန်ဖြည့်ဆည်းရန်အတွက် အဆင့်စုံ စွမ်းဆောင်ရည် စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကနဦး စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း စီမံကိန်း၏ နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဦးစီးဌာနများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် [Human Resource Development Plan (HRD Plan] ရေးဆွဲထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) မျှော်မှန်းရလဒ်များကို ပိုမိုအရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်ရန် ပညာရေးဝန်ကြီးဌာနသည် ပညာရေးပြုပြင်ပြောင်းလဲမှုများအား စနစ်တကျ ထိထိရောက်ရောက်နှင့် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကစိန်ခေါ်မှုများ ရှိနေပြီး ပညာသင်ယူရန် အခက်အခဲရှိသောသူများ၊ လိုအပ်ချက်ရှိသောဒေသများကို ပိုမိုဖြည့်ဆည်းပံ့ပိုးပေးရေး၊ ကျောင်းနေမြဲရေးနှင့် ကျောင်းထွက်နှုန်းမြင့်မားနေမှုများကို လျှော့ချရေး၊ ကျောင်းသားဦးရေ တိုးလာသဖြင့် စာသင်ခန်းလိုအပ်ချက်နှင့် အခြေခံအဆောက်အဦစသည်တို့ ဖြည့်ဆည်းရေး၊ ကျောင်းသား၊ ဆရာအချိုး မျှတရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားရေး၊ မူလတန်းပညာသင်ယူနေသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်း၊ အထက်တန်းပညာဆက်လက်သင်ယူပြီးမြောက်ရေး၊ သက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ပြီး ကျွမ်းကျင်သူများ ဖြစ်လာရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပြီး ပညာရေးအရည်အသွေးမြင့်မားလာစေရန် အလေးထားကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။



ဒုတိယတန်း (Grade - 2) ကျောင်းသုံး ဖတ်စာအုပ်အသစ်များနှင့် ဆရာကိုင် စာအုပ်များ အသုံးပြုပြီး သင်ကြားသင်ယူရန်အတွက် မူလတန်းပြ ဆရာ ဆရာမများအားလုံးကို ၂၀၁၈ ခုနှစ် ဧပြီလနှင့် မေလတို့တွင် သင်ကြားသင်ယူမှုနည်းလမ်းများ သင်တန်းပေးခဲ့သည်။

# ထန်းတပင်မြို့နယ်တွင် သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေး ဟောပြော

**ထန်းတပင် ဧပြီ ၉**

ရခိုင်ရိုးကြီးကျေးရွာအုပ်စု ရခိုင်ရိုးကြီးကျေးရွာ အမကကျောင်း၌ ဧပြီ ၉ ရက် နံနက်ပိုင်းက ထန်းတပင်မြို့နယ်မှူး ရဲမှူးကျော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းတို့အပါအဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာနှင့် ကျေးရွာ ရပ်မိရပ်ဖများ ပူးပေါင်း၍ သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်များ ပညာပေးဟောပြော ဆွေးနွေးခြင်း၊ မှတ်ပုံတင်သန်းခေါင်စာရင်းများ ပြုလုပ်ဆွေးနွေးခြင်း၊ မီးဘေးအန္တရာယ်များမဖြစ်စေရေးတို့ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ဇာနည်မောင်



**စမ်းချောင်းမြို့နယ် အလှူရှင်များ စုပေါင်း၍ ရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာကို ဧပြီ ၄ ရက်က ဝေဠုဝန်တောင်ရပ်ကွက်ရှိ ဝေဠုဝန်ကျောင်းတိုက်၌ ပြုလုပ်စဉ်။** (ရဟန်း ၁၀၁ ပါးနှင့် ရှင်သာမဏေ ၄၆ ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့သည်။)

**ရွှေတိုင်ဘိုထောက်**

# Summer Angel 2019 ရန်ကုန်မဟာသင်္ကြန်ပွဲတော်ဖျော်ဖြေပွဲ မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာခန်းမဝင်းရှေ့၌ ကျင်းပမည်

**ရန်ကုန် ဧပြီ ၉**

Summer Angle 2019 ရန်ကုန်မဟာသင်္ကြန်မဏ္ဍပ်ကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမဝင်းရှေ့စင်မြင့်၌ ကျင်းပမည်ဖြစ်ကြောင်း Empire Band နှင့်အတူ မျိုးဆက်သစ် Rock Bands နှင့်တွဲဖက်၍ နာမည်ကြီးတေးသံရှင်များက သီဆိုဖျော်ဖြေတင်ဆက်မည့်အကြောင်း မိတ်ဆက်ပွဲကို ဧပြီ ၈ ရက် ညနေ ၃ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းရှိ Mix Restaurant စားသောက်ဆိုင်၌ ကျင်းပခဲ့ရာ နာမည်ကျော်အဆိုတော် ဇော်ဝင်းထွဋ်နှင့်အတူ သီဆိုဖျော်ဖြေမည့် Rock တေးဂီတအနုပညာရှင်များက သင်္ကြန်ကာလများအတွင်း စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။



"ကိုယ်ပိုင်မဏ္ဍပ်လေးတစ်ခုပါ။ အားလုံးစိတ်တူကိုယ်တူ မဏ္ဍပ်လေးတစ်ခုလုပ်ကြမယ် ပွဲပိုးမယ်ဆိုပြီး မိတ်ဆွေအပေါင်းအဖော်တွေရဲ့ ဝိုင်းဝန်းပူးပေါင်းအကူအညီများနဲ့ပါ။ အဓိကကတော့ နှစ်တိုင်းနှစ်တိုင်းမဏ္ဍပ်လေးတစ်ခုလုပ်ချင်တဲ့ဆန္ဒလည်းရှိတယ်။ ဒီနှစ်က မဏ္ဍပ်တစ်ခု စမ်းလုပ်ကြတဲ့သဘောပါ။ အဆင်ပြေရင် အခုပေးထားတဲ့နာမည်နဲ့ပဲ တောက်လျှောက်လုပ်သွားမယ်။ ဆိုချင်တဲ့သူဘယ်သူပဲလာဆိုဆိုပါ။ နောက်ပိုင်းကျရင် management ပုံစံပဲလုပ်ပေးသွားမယ်။ သူတို့အတွက် ဘယ်ကနေ ပိုက်ဆံဘယ်လိုရှာရမယ်ဆိုတဲ့ပုံစံမျိုးပါ။ နာမည်တစ်ခုနဲ့ ဒီမဏ္ဍပ်ကနေ အောင်မြင်တယ်ဆိုလို့ရှိရင် ဒီမှာပါဝင်ချင်တဲ့သူ၊ ပွဲပိုးချင်တဲ့သူတွေ ကိုယ့်ကိုလာကမ်းလှမ်းတဲ့အဆင့်ကို ရောက်သွားမယ့်အခြေအနေကို ဖြစ်စေချင်တဲ့ဆန္ဒမျိုးပါ။ ကိုယ့်အနုပညာဂီတလောကသားတွေ မျက်နှာမငယ်အောင်ဆိုတဲ့သဘောနဲ့ ကိုယ်ပိုင်မဏ္ဍပ်လုပ်ဖြစ်တာပါ။ အခုဆိုရင် ဆိုနိုင်တီးနိုင်တဲ့ Rock Band မျိုးဆက်သစ်လူငယ်တွေအများကြီးထွက်လာမယ်။ သူတို့ကို နေရာတစ်ခုပေးဖို့လိုတယ်။ အဲဒါမှ သူတို့ရဲ့အစွမ်းကိုပြခွင့်ရမှာပါ။ Summer Angle မဏ္ဍပ်မှာ Band တွေ အများကြီးပါဝင်သီဆိုကြမှာပါ" ဟု အဆိုတော် ဇော်ဝင်းထွဋ်က ပြောကြားသည်။

Summer Angle 2019 ဖျော်ဖြေရေးအစီအစဉ်များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) ဝင်ပေါက်ဘေးရှိစင်တင်ရေကစားမဏ္ဍပ်၌ ဧပြီ ၁၃၊ ၁၄၊ ၁၅၊၁၆ ရက်များတွင် နံနက်ပိုင်းမှစ၍ ရော့ခ်အဆိုရှင်များဖြစ်ကြသည့် ဇော်ဝင်းထွဋ်၊ လင်းလင်း၊ ဖော်ကာ၊ သီရိဂျေမောင်မောင်၊ သျှို၊ ရေမွန် (idiots)၊ နောင်နောင်(Sun Flower) စသည့် ပင်တိုင်တေးသံရှင်များက သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်မှာတော့ သီရိဆိုနေကျဖြစ်တဲ့ ရော့ခ်သီချင်းတွေပဲဆိုဖြစ်မှာပါ။ Empire Band ကလည်း သီရိသီချင်းတွေကို အားလုံးရပြီးသားဆိုတော့ ပရိသတ်အကြိုက်ဖြစ်မယ့်သီချင်းတွေဆိုမှာပါ။ အခုချိန်ထိ အားပေးနေတဲ့ပရိသတ်ကို ကျေးဇူးတင်ပါတယ်။ နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"ဟု သီရိဂျေမောင်မောင်က ပြောသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



# စီမံခန့်ခွဲရေး၊ အဆင့်မြင့်စက်ချုပ်နည်းပြ၊ စာရေးဝန်ထမ်း လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖြစ်သည့် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၇၁)၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်းအမှတ်စဉ်(၃၄)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၀၄) သင်တန်းများ ဆင်းပွဲအခမ်းအနားကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၄၀ ဖြင့် လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲများကို ဧပြီ ၅ ရက် နံနက်ပိုင်းက ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့်သင်တန်းဆင်းအောင်လက်မှတ်များအား ပေးအပ်သည်။ သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စဉ့်ကိုင်၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**စဉ့်ကိုင် ဧပြီ ၉**

မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး၊ အမှိုက်ကင်းစင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မြို့မရပ်ကွက်အတွင်း မြို့မဘုန်းကြီးကျောင်းအနီးဝန်းကျင် အုန်းပင်ခြံကျေးရွာ ရန်ကုန်- မန္တလေးကားလမ်းတစ်လျှောက် အဖွဲ့ နှစ်ဖွဲ့ဖြင့် စုပေါင်းသန့်ရှင်းရေးအမှိုက်ကောက်ခြင်းကို ယမန်နေ့ညနေ ၅ နာရီကစတင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးလှဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက် / ကျေးရွာပြည်သူများ စုပေါင်းပါဝင်ခဲ့ကြပြီး ခြုံနွယ်များ၊ အမှိုက်များ၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များ ဖော်ယူခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်း၊ မီးရှို့ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**



# စွန်ရဲအင်းရေပြင်တွင် ကြာမျိုးစုံလင်အလှကြောင့် အပန်းဖြေဒေသအဖြစ် စည်ကားနေသည့် အင်းကုန်းရွာကလေး

**မန္တလေး မေ ၉**

ကြာမျိုးစုံဖူးပွင့်နေသည့် စွန်ရဲအင်းရေပြင်အလှကို လှေစီးရင်း လာရောက်အပန်းဖြေကြသူများကြောင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ အင်းကုန်းကျေးရွာသည် ခရီးစဉ်ဒေသအဖြစ် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါရွာကလေးတွင် မူလက မိရိုးဖလာငါးဖမ်းသည့်လုပ်ငန်းနှင့် ကြာရိုးမှ ကြာချည်မျှင်ထုတ်လုပ်သည့်လုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်ခဲ့ရာမှ ယခုအခါ ကြာမျိုးစုံဖူးပွင့်နေသည့် စွန်ရဲအင်း၏ အလှကြောင့် အင်းအတွင်း လာရောက်လေ့လာအပန်းဖြေကြရာ စီးပွားရေးပိုမို အဆင်ပြေလာကြောင်း သိရသည်။

"ကြာမျိုးစုံဖူးပွင့်ပြီး လှပနေတဲ့ ဒီအင်းကြီးအကြောင်းကို ဖေ့စ်ဘွတ်ပေါ်ကနေသိရပြီး လာရောက်လေ့လာတဲ့သူတွေ ရှိလာခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်ကစပြီး လူသိများလာပါတယ်။ ရုံးပိတ်ရက်တွေနဲ့ နေ့ထူးနေ့မြတ်ရက်တွေမှာ လာရောက်သူတွေ ပိုမိုများပြားပြီး အင်းကြီးအတွင်းမှာ လှေစီးရင်း အပန်းဖြေကြသူတွေ၊ ကြာပန်းတွေကိုင်ပြီး အလှဓာတ်ပုံရိုက်သူတွေ၊ အပျော်တမ်းလာရောက်ငါးဖမ်းသူတွေနဲ့ စည်ကားနေပါတယ်။ ဒါ့အပြင် ရွာထဲက အိမ်တွေမှာ ကြာချည်မျှင်ထုတ်နေတဲ့ လုပ်ငန်းကိုလည်း ဝင်ရောက်လေ့လာမှုတွေရှိပါတယ်" ဟု ဒေသခံ ဒေါ်ခင်သန်းနုက ပြောသည်။

အဆိုပါ စွန်ရဲအင်းတည်ရှိရာ အင်းကုန်းရွာတွင် အိမ်ထောင်စုပေါင်း ၃၀၀ ကျော်ရှိပြီး မန္တလေး-ကျောက်ဆည် လမ်းဟောင်းမှ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဘဲလင်းအလှဆင် ကျောက်ပြားစက်ရုံဆိုင်းဘုတ်ရှိရာ လမ်းအတိုင်းသွားပါက စွန်ရဲရွာအလွန်တွင် အင်းကုန်းကျေးရွာသို့ ရောက်ရှိနိုင်ကြောင်း သိရသည်။



**သတင်း - မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - အောင်ဖြိုးကျော်**









ကြာချည်မျှင်ထုတ်လုပ်နေသည်ကို တွေ့ရစဉ်။



# AFoCO စီမံကိန်း အဆိုပြုလွှာ ရေးဆွဲခြင်းဆိုင်ရာသင်တန်း Development of Project Proposals သင်တန်းဖွင့်ပွဲ

**ရန်ကုန် ဧပြီ ၉**

**AFoCO** စီမံကိန်း အဆိုပြုလွှာရေးဆွဲခြင်းဆိုင်ရာသင်တန်း Development of Project Proposals သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီ၌ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ကျင်းပရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်အမှာစကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO)တွင် အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (AFoCO) ၏ အဖွဲ့ဝင်နိုင်ငံများအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သင်တန်းကို AFoCO စီမံကိန်းများကို သိမြင်နားလည်မှု မြင့်တက်လာစေရန်၊ စီမံကိန်းရေးဆွဲဖော်ထုတ်ခြင်း လုပ်ငန်းစဉ်များကို လေ့လာသိရှိနိုင်စေရန်နှင့် AFoCO ၏ မဟာဗျူဟာနှင့် စီမံကိန်းလက်စွဲများနှင့်အညီ သင်တန်းသားများ၏စီမံကိန်းနှင့် အဆိုပြုလွှာရေးဆွဲခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန် ရည်ရွယ်လျက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





သင်တန်းတွင် AFoCO အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘူတန်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ကာဇက်စ္စတန်၊ လာအို၊ မွန်ဂိုလီးယား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ တီမောနှင့် ဗီယက်နမ်နိုင်ငံတို့မှ သင်တန်းသား ၂၄ ဦးနှင့် အဆိုပါနိုင်ငံတို့မှ ပညာရှင်များ၊ သင်တန်းဆရာများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ပြီး သင်တန်းကို ဧပြီ ၈ ရက်မှ ၁၂ ရက်အထိ ၅ ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Light POWER YOGA နည်းပညာ လေ့ကျင့်ခန်းနေ့စဉ်ပြုလုပ်ခြင်းဖြင့် ကျန်မာရေးစောင့်ရှောက်မှုပေးနိုင်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလ ဥယျာဉ်အတွင်း ပန်းခြံ၌ Full Power Yoga ကျင့်စဉ်အဖြစ် ပြည်သူအများ ကျန်မာရေးမြှင့်တင်စောင့်ရှောက်မှု Light Power Yoga လေ့ကျင့်သင်ကြားမှု မဟာဗန္ဓုလပန်းခြံ၌ တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စွမ်းရည်သရုပ်ပြပွဲကို ဧပြီ ၇ ရက် ညနေ ၄ နာရီမှစ၍ တစ်နာရီကြာ ပြုလုပ်ခဲ့သည်ကို ပန်းခြံအတွင်းလာရောက်အပန်းဖြေသူအများအပြား စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ သရုပ်ပြရာတွင် Power Yoga အဖွဲ့မှသရုပ်ပြသင်တန်းဆရာ ဦးကျော်စိုးကိုယ်တိုင်သရုပ်ပြခြင်း ဖြင့် ယခုနှစ် မြန်မာနိုင်ငံ၌ကျင်းပခဲ့သော နိုင်ငံတကာ ယောဂပညာပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအကြီးတန်း၌ တတိယဆုရရှိသည့် ဒေါ်ဌေးဌေးရီ၊ အငယ်တန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မခင်ချမ်းမြေ့စည်သူနှင့် သင်တန်းသားအချို့တို့က လေ့ကျင့်ခန်းအချို့ကို သရုပ်ပြခဲ့ကြသည်။

“အဓိက မြန်မာနိုင်ငံမှာ ယောဂဆိုတာ လူတိုင်းသိချင်မှ သိမယ်။ လူတိုင်းကိုသိစေချင်တယ်။ ယောဂပညာရပ်ကိုလည်း ပြန့်ပွားစေချင်တယ်။ ယောဂနဲ့ပတ်သက်လို့ United ဖြစ်စေချင်တယ်၊ တစ်ယောက်နဲ့တစ်ယောက် စုစည်းဖို့စိတ်ချင်းဆက်နွှယ်ဖို့နဲ့ အသင်းအဖွဲ့လိုက်လုပ်ကိုင်တတ်အောင် တစ်ယောက်နဲ့တစ်ယောက် link တွေရှိလာရမယ်။ ရှိလာရင် ယောဂပညာရပ်ပြန့်ပွားလာရင် ကျန်းမာရေးအတွက် ဗဟုသုတပိုများလာမယ်။ လူတိုင်းလူတိုင်းကျန်းမာလာမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ Power Yoga ပညာရပ်ကို သင်ကြားပေးနေတာဖြစ်ပါတယ်”ဟု သင်တန်းနည်းပြဆရာ ဦးကျော်စိုးက ပြောသည်။



“ပရဟိတအနေနဲ့ မြို့နယ်များမှာရှိတဲ့ ပန်းခြံတွေမှာ ကျန်းမာရေးအတွက် ကုသိုလ်ယူတဲ့အနေနဲ့ ယောဂပညာရပ်ကျင့်စဉ်တွေကို လိုက်လံပြသတာလည်း ရှိပါတယ်။ ယောဂပညာနဲ့ပတ်သက်တဲ့ တစ်ပိုင်တစ်နိုင်လေးတွေကိုတော့ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာရှိတဲ့ ပန်းခြံတွေမှာစနစ်တကျ နေရာယူပြီး ပြသမှုတွေပြုလုပ်ပေးတာလည်းရှိပါတယ်။ ကျွန်တော်တို့က ၂၀၀၀ ပြည့်နှစ်မတိုင်မီမှာ ယောဂပညာကို ကိုရီးယားနိုင်ငံမှာ စတင်လေ့လာသင်ယူခဲ့ပါတယ်။ အဲဒီနောက် အိန္ဒိယ၊ ထိုင်းစတဲ့နိုင်ငံတွေမှာဆက်လက် လေ့လာသင်ကြားခဲ့ပြီး ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံကိုပြန်လည်ရောက်ရှိတဲ့အချိန်ကစ Power Yoga ကျင့်စဉ်ကို ကျွန်တော်တို့က ပြန်လည်မျှဝေသင်ကြားပေးခဲ့တာ အခုအချိန်ထိ နည်းပြဆရာဖြစ်သင်တန်းသား ၅၀ ကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ အခုဆို Wadi Light Power Yoga သင်တန်းဟာ လေးနှစ်ကျော် ငါးနှစ်ထဲကိုရောက်ရှိပြီဖြစ်ပါတယ်”ဟု ၎င်းကထပ်မံပြောကြားသည်။

ယောဂပညာနှင့်ပတ်သက်၍လည်း အမှတ် ၄၇ ပထမထပ် ပုသိမ်လမ်းစမ်းချောင်းမြို့နယ် Wadi Light Power Yoga သင်တန်းကျောင်း ဖုန်း ၀၉၇၈၀ ၆၄၈၀၈၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ ပြည်သူအများ ဘေးဘရာများဝေးကွာ၍ နှစ်သစ်ကူးတွင် အတာသင်္ကြန်နှင့်အတူ ကျန်းမာချမ်းသာကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# လပွတ္တာမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် အုတ်တွင်းကျေးရွာအဝင်မြေသားလမ်းအား အဆင့်မြှင့်တင်ပွဲ ကျင်းပ

**လပွတ္တာ ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် ကျေးရွာများလူနေမှု အဆင့်အတန်းမြင့်မားစေရေးအတွက် လပွတ္တာမြို့နယ် သရက်ကုန်းလဲပျောက် ကျေးရွာအုပ်စု အုတ်တွင်းကျေးရွာအဝင် မြေသားလမ်းအဆင့်မြှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၈ နာရီက အုတ်တွင်းကျေးရွာအဝင်လမ်းမကြီးထိပ်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**


ယင်းမြေသားလမ်း သစ်ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူက လမ်းမြေနေရာ အလှူရှင် ၁၀ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။

အဆိုပါ အုတ်တွင်း ကျေးရွာအဝင်လမ်းမကြီးအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ငွေကျပ်သိန်း ၁၀၀၊ ပြည်သူ့ ထည့်ဝင်ငွေနှင့် လုပ်သားငွေကျပ်သိန်း ၅၀ စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ဖြင့် လမ်းအရှည်ပေ ၃၄၇၀ လမ်းအကျယ် ၁၅ ပေနှင့် လမ်းအမြင့် သုံးပေဖြင့် မြေသားလမ်းသစ်အား ဖောက်လုပ်အဆင့်မြှင့်တင်နိုင်ခဲ့သည်။

**ပိုမိုဖွံ့ဖြိုးတိုးတက်မည်**

ယင်း အုတ်တွင်းကျေးရွာ အဝင်လမ်းမကြီး အဆင့်မြှင့်တင်ခြင်းပြီးစီးသွားသဖြင့် ကျေးရွာပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်သွားမည့်အပြင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။**မော်ကျွန်း-မြင့်အောင်**

# ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆွာချောင်းကွန်ကရစ်တံတား ပြန်လည်ပြုပြင်မှုများစတင်



**ရေတာရှည် ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခင်နှစ် ဆွာချောင်းဆည်တမံ ပင်မရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံဖြစ်စဉ်၌ တံတားအလယ်တိုင်နိမ့်ကျသွားခဲ့သော ဆွာမြို့အရှေ့ဘက် ရေနီး ကွန်ကရစ်တံတားအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ဧပြီ ၈ ရက် နံနက်ပိုင်းကပြုပြင်မှုများစတင်ပြီဖြစ်သည်။ အရှည်ပေ ၅၀၀ ကျော်ရှိ အဆိုပါကွန်ကရစ်တံတားအား ဆွာမြို့နှင့် ဆွာချောင်းအရှေ့ဘက်ခြမ်းရှိ ကျေးရွာပေါင်း ၁၄ ရွာမှ ဒေသခံများ၏ စုပေါင်းလှူဒါန်းထည့်ဝင်ငွေဖြင့် ၂၀၀၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး အခမဲ့လူကူးတံတားအဖြစ်ဖွင့်လှစ်ပေးခဲ့၍ ဒေသတွင်းခရီးသွား လာမှုများစွာ အဆင်ပြေခဲ့ရသည်။

“တံတားအလယ်တိုင်နိမ့်ကျသွားတော့ အခန်းနှစ်ခန်းနိမ့်ကျသွားတယ်။ ဖြစ်ဖြစ်ချင်းမှာ နောက်ပိုင်းမှာတော့ ပြန်ဖွင့်ပေးခဲ့ပါတယ်။ မိုးမကျမီ ပြန်ပြင်ဖို့အတွက် ငွေရေးကြေးရေးအခက်အခဲ၊ နည်းပညာအခက်အခဲတွေ အများကြီးကြုံတွေ့တယ်။ ဒါတောင် ကျွန်တော်တို့ မြန်မာ့မီးရထားက ပညာရှင်တွေကို အကူအညီတောင်းတော့ တံတားအောက်ခြေကို သဲကျစ်ထည့်မယ်။ တံတားတိုင်ကိုတော့ မလို့မရဘူးပေါ့။ အပေါ်ဘက်နိမ့်ကျတဲ့နေရာကို ဇလီဖားတုံးနဲ့ခုပြီး ဂျိုင့်နဲ့မြှောက်မယ်လိုပြောတယ်” ဟု ဆွာမြို့နေ ဦးတင်စိုးက ပြောသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ခရီးစဉ်အတွင်း ဒေသခံများ၏တံတားပြုပြင်နိုင်ရေးအတွက် အခက်အခဲများကို တင်ပြခဲ့ရာတွင် ဝန်ကြီးချုပ်၏လမ်းညွှန်ချက်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေး အထူးအဖွဲ့(၉) မှ တာဝန်ယူ၍ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းလွင်**

# မြန်မာ့ရိုးရာသင်္ကြန် ဝါးအလှဆင်စင်မြင့်များ ဆူးလေဘုရားလမ်းမတွင် တည်ဆောက်မည်

**ရန်ကုန် မေ ၉**
ရန်ကုန်မြို့တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်အနီးရှိ ဆူးလေဘုရားလမ်းမပေါ်တွင် မြန်မာ့ရိုးရာဝါးများဖြင့် တပ်ဆင်တည်ဆောက်ထားသည့် သင်္ကြန်ပုံရိပ်ကိုဖော်ညွှန်းမည့် အလှပြဝါးစင်များကို တည်ဆောက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ အလှဆုံးဝါးဖြစ်သည့် ကျိုက်ထိုမြို့မှ ရရှိသည့် ဝါးပိုးမျက်ဆန်ကျယ်ဝါးကို အဓိကအသုံးပြုပြီး သင်္ကြန်ပုံရိပ်ကိုပေါ်လွင်စေမည့် ဝါးစင်မြင့်စင် ၁၅ ခုကို ဆူးလေဘုရားလမ်း၏ တစ်ဖက်တစ်ချက်တွင် တည်ဆောက်လျက်ရှိသည်။

**အမှတ်တရဓာတ်ပုံရိုက်နိုင်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အားပေးကူညီမှုခွင့်ပြုချက်ဖြင့် ကြံ့နစ်ကောင်ဘိလပ်မြေမှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။ အဆိုပါ စင်မြင့်များ၏ အမည်ကို သင်္ကြန်အငွေ့အသက်ပါသည့် အမည်များပေးထားပြီး ဝါးခမောက်၊ အုန်းလက်၊ ဆန်ကော၊ ပိတောက်ပန်းများကို အလှဆင်ယှင်ချိတ်ဆွဲထားမည်ဖြစ်သည်။ သင်္ကြန်မောင်မယ်များ အဆိုပါစင်မြင့်တွင် အမှတ်တရဓာတ်ပုံရိုက်နိုင်မည်ဖြစ်သည်။

ထို့အပြင် ဆူးလေဘုရားလမ်းလယ်တွင် ဆူးလေစေတီမြောက်ဘက်မုခ်အနီးမှ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံရှိ ခုံးကျော်တံတားအထိ ပေ ၃၀၀ ကျော်ကို ဝါးထရံ၊ ကျူဖျာဖြင့် အလှဆင်ကာရံပြီး ပိတောက်ပန်းများဖြင့် ဝေဝေဆာဆာထားရှိမည်ဖြစ်သည်။



**ပိတောက်ပန်းများဖြင့် အလှဆင်**

ဆူးလေဘုရားလမ်းရှိ စတုဂံတံတားပေါ်တွင် အလှဆင်ထီးများမိုးထားပြီး အတာအိုးနှင့် ငွေဖလားပုံစံတို့ကို ပိတောက်ပန်းများဖြင့် အလှဆင်ပြီး အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်မည်ဖြစ်သည်။

ကြံ့နစ်ကောင်ဘိလပ်မြေမှ အရောင်းမန်နေဂျာ ဒေါ်လဲ့လဲ့ဝေက "ဝါးစင်မြင့်နှင့် အခြားအလှဆင်တည်ဆောက်ခြင်းကို ငွေကျပ်သိန်း ၇၀၀ ကျော်သုံးစွဲပြီး သင်္ကြန်အကြို (ဧပြီ ၁၃ ရက်)မှ နှစ်ဆန်း တစ်ရက် (ဧပြီ ၁၇ ရက်)အထိ အလှပြထားမှာပါ၊ လာရောက်ကြည့်ရှုလည်ပတ်ကြသူများကို အမှတ်တရ လက်ဆောင်များပေးပြီး ယာယီမဏ္ဍပ်မှာ တစ်နေ့ကို လူဦးရေ ၅၀၀၀ ခန့်ကို သင်္ကြန်အစားအစာများ နေ့စဉ်စတုဒိသာ ကျွေးမွေးလှူဒါန်းမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ဝါးအသုံးပြုမှုတွင်ကျယ်လာစေရန် တည်ဆောက်**

အလှဆင်ဝါးစင်မြင့်များတွင် ကျိုက်ထိုမြို့မှ ဝါးပိုးမျက်ဆန်ကျယ်နှင့် ကြသောင်းဝါး၊ တွံတေးမြို့မှ ဝါးပိုးကြီးနှင့် ဖောင်ကြီးမှ ဝါးနက်တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အဆိုပါ ဝါးစင်မြင့်များကို တာဝန်ယူတည်ဆောက်သည့် မြို့ပြအင်ဂျင်နီယာဘွဲ့ရ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း(ရန်ကုန်တိုင်းဒေသကြီး)၏ ဒုတိယဥက္ကဋ္ဌ ဦးသက်တင်စိုးက "အလှဆင်ဝါးစင်မြင့်များကို ဝါးအလုံးရေ ၈၀၀ ခန့် အသုံးပြုထားပြီး ကျွမ်းကျင်လုပ်သား ၃၀ နဲ့ တည်ဆောက်နေပါတယ်။ ဗိသုကာပညာရပ်ကို အသုံးပြုပြီး အများပြည်သူ ဝါးအသုံးပြုမှု တွင်ကျယ်လာစေဖို့ အသိပညာပေးတည်ဆောက်ပါတယ်။ ဝါးစင်မြင့်ရဲ့ အမြင့်မှာ ၁၆ ပေနှင့် ၁၁ ပေပတ်လည် ရှိပါတယ်။ ခိုင်ခံ့ရိုးရှင်းပြီး သင်္ကြန်အမှတ်တရတွေကို ထည့်သွင်းတည်ဆောက်ပါတယ်" ဟု ပြောကြားသည်။

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလတွင် ကန်တော်ကြီးနှင့် အင်းလျားကန်ပေါင်တို့တွင် ကြံ့နစ်ကောင်ဘိလပ်မြေမှ လိမ္မော်ရောင်ထီးအလက်တစ်ထောင်စီဖြင့် အလှဆင်ချိတ်ဆွဲခဲ့ကြောင်း သိရသည်။

**အောင်သူရ**

# ဖာပွန်မြို့ ယွန်းစလင်းချောင်းရှိ ရေပေါ်တဲများ၌ လာရောက်အပန်းဖြေသူများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိ

**ဖာပွန် မေ ၉**
ကရင်ပြည်နယ် ဖာပွန်မြို့၌ ပထမအကြိမ် လမ်းလျှောက်သင်္ကြန်တွင် ရေပက်ခံထွက်သူများအား အပန်းဖြေအနားယူနိုင်စေရေးအတွက် ရည်ရွယ်၍ ယွန်းစလင်းချောင်းအတွင်း၌ ရေပေါ်တဲများကို ဧပြီ ၅ ရက်မှစ၍ ဆောက်လုပ်ပေးထားခဲ့ရာ ယနေ့အချိန်အထိ ရေကစားအပန်းဖြေသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

**အလှဓာတ်ပုံရိုက်သူများဖြင့် စည်ကား**

"ယခုလို ယွန်းစလင်းချောင်းမှာ ရေပေါ်တဲတွေ ဆောက်လုပ်ပေးထားတဲ့အတွက် အေးအေးဆေးဆေး အနားယူနိုင်တယ်လေ။ ရေပေါ်တဲတွေဆောက်လုပ်ပြီးတဲ့ အချိန်ကစပြီး ဒေသခံပြည်သူများမှာ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိပြီး (စနေ၊ တနင်္ဂနွေ)ရုံးပိတ်ရက်နေ့ကဆို လာရောက်အနားယူတဲ့သူတွေ ပိုများတဲ့အပြင် ရေကစားကြသူများ၊ ချောင်းထဲမှာရေချိုးကြသူများနဲ့ အလှဓာတ်ပုံရိုက်ကြသူများနဲ့ စည်ကားနေပါတယ်" ဟု အနောက်ဘက်ကမ်းကျေးရွာရှိ ဒေသခံတစ်ဦးက ပြောကြားသည်။

ကျွန်မတို့အနေဖြင့် ပင်ပန်းသမျှအားလုံးကို ညနေခင်းမှာဆို ရေပေါ်တဲလေးမှာ အမောဖြေပြီး ရေကစားရတာ အင်မတန်ကိုပျော်ရွှင်ရကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၏ ပံ့ပိုးကူညီမှုဖြင့် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်အောင် ဆောင်ရွက်ပေးတာကို နယ်ခံတွေကိုယ်စား အထူးပင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်မိပါကြောင်း သားဖွားဆရာမ ဒေါ်သိင်္ဂီစိုးက ပြောသည်။

"ရုံးပိတ်ရက်မှာ မိသားစုနဲ့ လာပြီးတော့ ရေပေါ်တဲလေးမှာ အေးအေးဆေးဆေး လာရောက်အပန်းဖြေအနားယူပြီးတော့ ရေကစားဖြစ်ပါတယ်။ ပျော်စရာလည်းကောင်းပါတယ်။ လာရောက်လည်ပတ်တဲ့သူတွေလည်း များပါတယ်။ ယွန်းစလင်းချောင်းအတွင်းမှာ ဒီလိုလည်ပတ်စရာနေရာဖြစ်အောင် ဖန်တီးနိုင်လိမ့်မယ်လို့ ထင်တောင်မထင်ထားပါဘူး။ အခုလို အေးအေးဆေးဆေး လာရောက်အပန်းဖြေ အနားယူနိုင်တဲ့နေရာလေးဖြစ်အောင် စီစဉ်ထားပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

**စောအောင်မျိုးလွင်(ဖာပွန်)**



# မန္တလေးသင်္ကြန်ပွဲတော် ကျင်းပရန် ကျုံးအနောက်ဘက်ခြမ်း၌ ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်



**မန္တလေး မေ ၉**
ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော် ကျင်းပရန် ကျုံးအနောက်ဘက်ခြမ်းတစ်လျှောက်၌ ပေ ၁၀၀ အကျယ်ရှိ ရေကစားမဏ္ဍပ်များ စတင်ဆောက်လုပ်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါကျုံးအနောက်ဘက်ခြမ်းတွင် ဆောက်လုပ်မည့်မဏ္ဍပ်နေရာများအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက လေလံစနစ်ဖြင့် နေရာချထားပေးခဲ့ခြင်းဖြစ်ပြီး လေလံအောင်မြင်သူများအား မတ် ၂၃ ရက်မှ စတင်ဆောက်လုပ်ခွင့်ပြုခဲ့ကာ သင်္ကြန်အပြီး ဧပြီ ၂၃ ရက်တွင် ၎င်းမဏ္ဍပ်များအား အပြီးပြန်လည်ဖျက်သိမ်းပေးရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးကျော်ဆန်းမြင့်က ပြောသည်။

"ကျုံးအနောက်ဘက်ခြမ်းမှာ ဆောက်လုပ်နေကြတဲ့ ရေကစားမဏ္ဍပ်ကြီးတွေအနေနဲ့ကတော့ သတ်မှတ်ထားတဲ့ လေလံစည်းကမ်းအတိုင်း လိုက်နာပြီး ဆောက်လုပ်ကြဖို့ လိုပါတယ်။ လိုက်လံစစ်ဆေးလို့ သတ်မှတ်စည်းကမ်းအတိုင်း ညီညွတ်မှုမရှိရင် ပြန်လည်ပြင်ဆင် ဆောက်လုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ကျုံးတောင်ဘက်ခြမ်းမှာ ကျင်းပမယ့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုထူးခြားတဲ့ အစီအစဉ်တွေ၊ ပြင်ဆင်မှုတွေနဲ့ ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် ယခင်နှစ်များက ကျင်းပခဲ့သည့် လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်ပွဲတော်များအပြင် ထူးခြားစွာထည့်သွင်းထားသည့် အညာသင်္ကြန်ပွဲတော်အစီအစဉ်လည်း ပါဝင်မည်ဖြစ်ပြီး အဆိုပါပွဲတော်ကို ကျုံးအရှေ့ဘက်ခြမ်း ၂၅ လမ်းနှင့် ၂၆ လမ်းကြားတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ သင်္ကြန်အကျနေ့နှင့် အကြတ်နေ့တို့တွင် နိုင်ငံတကာသံရုံးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများလည်း တက်ရောက်ပါဝင်ဆင်နွှဲ လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ-အောင်ဖြိုးကျော်**